
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပန်းချီ
ဝင်း - အရှုတ

မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး

အတွင်းသရုပ်ဖော်
တေလတ်

ကွန်ပြူတာစာစီ
ဇာနည်မော်

မျက်နှာဖုံးဖလင်
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း

စာအုပ်ချုပ်
ဇာနည်

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(မြဲ-၀၀၂၃၉)

ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက်
(မြဲ-၀၉၁၃၁)

အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး:- ၁၃၀၀ ကျပ်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၀၂)၊ ပထမထပ်၊ လမ်း-၄၁၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

# မာတိကာ



- မဖဲဝါသောက်တဲ့ ဆေးလိပ် ....... ၅
- စက်ကြိုးဆွဲ မဖဲဝါ ....... ၃၅
- ဘင်ဂျို ဘစော ....... ၇၁
- ပေါ်ရီသာရမှော် ....... ၁၀၅
- ပဥ္စလောဟာအရုပ် ....... ၁၂၃

www.burmeseclassic.com

www.burmeseclassic.com






# မဖဲဝါ သောက်တဲ့ဆေးလိပ်

ဆရာအိုနဲ့ ဈော်ကလိုက်တုန်းက အတွေ့အကြုံလေးတွေ ပြောပြချင်လို့ဗျ။

ဆရာအိုဆိုလို့ အဘိုးကြီးလို့တော့ မထင်နဲ့ဗျို့။ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဦးအိုတဲ့ဗျ။ ဒါပေမဲ့ လူတွေကတော့ ဆရာအိုလို့ပဲ ခေါ်ကြတာပါ။ ဆရာအိုက အသက်လေးဆယ့်ငါးနှစ်လောက် ရှိပြီ။ လူက အသားလတ်လတ်၊ ပိန်ပိန်ပါးပါး နှုတ်ခမ်းမွေးနဲ့ သျှောင်တစောင်းလေးနဲ့ဗျ။ ထူးခြားတာကတော့ ဆရာအိုရဲ့ မျက်လုံးတွေပဲဗျို့။ မျက်လုံးတွေက ကြည်လင်ပြီး အရောင်ကို တောက်နေတော့တာဗျ။

သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုတာ မြင်ရုံနဲ့တင် သိနိုင်တဲ့လူပါဗျာ။ ဆရာအိုနဲ့ ကျုပ်တွေ့တဲ့အချိန်တုန်းက ကျုပ်က ဆရာနွံဖနဲ့တောင် မတွေ့သေးဘူးဗျ။

ဆရာအိုတို့က အဓိဋ္ဌာန်နဲ့ ရွာစဉ်လှည့်ပြီး ဆေးကုနေတဲ့ ပုဂ္ဂိုလ်တွေတဲ့ဗျ။ အခကြေးငွေဆိုလို့ တစ်ပြားတစ်ချပ်မှ ယူတာ မဟုတ်ဘူးဗျ။ ပစ္စည်းဝတ္ထုကန်တော့ပြန်တော့လည်း ဘာကိုမှ လက်ခံတာမဟုတ်ဘူးဗျို့။ ကုတော့လည်း ပယောဂပဲ ကုတာဗျ။

တာတေဆိုတဲ့ ကျုပ်ကလည်း ဒါမျိုးတွေဆိုရင် လွှတ် စိတ်ဝင်စားတာဗျ။ နယ်လှည့်ပြီး ဆေးကုနေတဲ့ ဆရာအို ကျုပ်တို့ ရွာကို ရောက်လာတာဗျ။

ရွာကိုရောက်လာတဲ့ ဆရာသမားတိုင်းက ကျုပ်ဆရာ တော်ရဲ့ ပုဗ္ဗာရုံကျောင်းမှာပဲ တည်းကြတာဗျ။ ဒီတုန်းက ကျုပ် အသက်က ဆယ့်သုံးနှစ်သားပဲ ရှိသေးတာ။





"ဟဲ့ တာတေ၊ ရွာထဲမယ် လတ်ယား လတ်ယားနဲ့ သွား နေမယ့်အတူတူ ဆရာအိုနဲ့ အဖော်လိုက်ပြီး ဗဟုသုတ ရှာချေ ပါလား"

ကျုပ်ဆရာတော် ဦးဂုဏက ကျုပ်ကို ခေါ်ပြောတာလေ ဗျာ။ ကျုပ်ကလည်း ဆရာတော့်စကားကြားရတော့ ကရင် ထန်း လျက်အိုးတွေ့ဆိုတာလို ဖြစ်တော့တာပေါ့ဗျာ။

"မှန်ပါ့ဘုရား"

ဆရာတော်က ကျုပ်ကို ပြောရင်းနဲ့ ဆရာအိုဘက်ကို လည်း လှည့်ပြောတယ်ဗျ။

"ဆရာအိုရဲ့ ဟောဒီသူငယ်က မောင်တာတေတဲ့ဗျ၊ ဒီရွာက ကလေးတွေထဲမတော့ သူက ထူးထူးခြားခြားပဲဗျို့၊ ဗဟု သုတလည်း အားကြီးရှာတာ၊ ပြီးတော့ သတ္တိကလည်းရှိဗျာ။ ပြောရရင်တော့ ဒကာကြီးရေ ဟောဒီတာတေဆိုတဲ့ကောင်က ဘာမှကို မကြောက်တတ်တဲ့ ကောင်ဗျို့"

သျှောင်တစောင်းကလေး ထုံးထားတဲ့ ဆရာအိုက သူ့ နှုတ်ခမ်းမွေးကို လက်နဲ့သပ်ရင်း ကျုပ်ကို အကဲခတ်ကြည့်တယ် ဗျ။ ပြီးတော့မှ ပြုံးပြီးခေါင်းညိတ်တယ်။

"ဒါဆိုရင် ဟန်ကျတာပေါ့ဘုရား၊ တပည့်တော် ဒီအနီး အနားရွာတွေလှည့်ပြီး ဆေးကုတဲ့အခါ အဖော်ရတာပေါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားလား တာတေ၊ မင်းဆရာကြီးပြောတာ၊ ဒီတော့ ဒီအနီးအနားကရွာတွေမယ် ဆရာကြီး ဆေးကုထွက်ရင် မင်းလိုက်သွားပေတော့"

"မှန်ပါ့ဘုရား"

အဲဒီလိုနဲ့ ဆရာအိုနောက်ကို ကျုပ် လျှောက်လိုက်ခဲ့တော့တာပေါ့ဗျာ။

ကျုပ် ပထမဆုံးလိုက်သွားခဲ့တဲ့ ရွာက ရုံးတောဗျ။ ကျုပ် အရင်စာအုပ်တွေမှာ ရေးခဲ့တဲ့ ကျောက်တလားချောင်းကလေးကို ဖြတ်သွားရတဲ့ရွာပေါ့ဗျာ။ ရုံးတောသူကြီးကိုယ်တိုင် ဆရာအိုကို လှည်းနဲ့ လာပင့်တာဗျ။ ရုံးတောမှာ အသက်အစိတ်လောက်ရှိတဲ့ မိန်းမတစ်ယောက် ဗိုက်အောင့်လို့တဲ့ဗျ။ ဗိုက်အောင့်တာမှ လူးပျံပြီး အော်နေရတာဆိုပဲ။ ထူးဆန်းတာက ညနေသုံးနာရီရောက်မှ ပုံမှန်အောင့်တာတဲ့ဗျ။ ဆေးထိုးဆရာနဲ့ထိုးလည်း မသက်သာ၊ ဗမာဆရာနဲ့ကုလည်း မသက်သာဖြစ်နေလို့ ဆရာအိုကို လာပင့်တာတဲ့ဗျာ။

ကျုပ်တို့ ရုံးတောကိုရောက်တော့ မနက်ဆယ့်တစ်နာရီ တောင်ထိုးပြီဗျ။ သူကြီးတို့အိမ်က ဆရာအိုကို ထမင်းပွဲ ကပျာကယာပြင်ပြီး ကျွေးတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ဆရာအိုက ဥပုသ်နဲ့ နေတဲ့လူဗျ။





တစ်ခါတစ်ရံ အလုပ်လုပ်စရာရှိရင်တော့ သီလမယူဘူး။ ကျန်တဲ့နေ့တွေကတော့ နေ့တိုင်း သီလယူပြီး ဥပုသ်စောင့်နေတာဗျ။

ဆရာအို ထမင်းစားပြီးတော့ ကျုပ်ကို သေသေချာချာ ကျွေးတယ်ဗျို့။ ဧည့်သည်တွေ စားပြီးမှ သူတို့အိမ်သားတွေ စားကြတာ။ ဒီတုန်းက ကျုပ်က ငယ်သေးတာကိုးဗျ။ ဆေးလိပ်မသောက်တတ်သေးဘူးလေ။

ထမင်းစားပြီးတာနဲ့ ထန်းလျက်ခဲလေးစား၊ ရေနွေးကြမ်းသောက်ပေါ့ဗျာ။

စားသောက်ပြီးကြတော့ သူကြီးနဲ့ ဆရာအိုတို့ စကားမြည် ပြောကြတာပေါ့ဗျာ။

ဒီသူကြီးက ရုံးတောမှာ မျိုးရိုးနဲ့ကို သူကြီးဖြစ်တဲ့လူပဲဗျ။ သူ့အဘိုးလည်း ရုံးတောသူကြီး၊ သူ့အဖေလည်း ရုံးတောသူကြီး၊ အခု သူလည်း ရုံးတောသူကြီးပေါ့ဗျာ။ နာမည်က ဦးမြဖေတဲ့။ ဥပဓိရုပ်ကောင်းကောင်း၊ တည်တည်ကြည်ကြည် ခန့်ခန့်ညားညားကြီးဗျ။

ဆရာအိုကလည်း သူ့ရဲ့ ပယောဂဆရာဘဝမှာ ကြုံတွေ့ရတဲ့ အကြောင်းတွေကို ပြောပြလို့ပေါ့ဗျာ။ သူကြီးရှေ့နောက်မှရောက်လာတဲ့ ဆယ်အိမ်ခေါင်းနှစ်ယောက်ရော၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်သားတွေရော၊ ဆရာအို ပြောတာကို စိတ်ဝင်တစား နားထောင်ကြတာပေါ့။

“သူကြီး၊ သူကြီး အေးစိန်တော့ လုပ်ငန်းစပြီဗျို့”

သူကြီးအိမ်ဝိုင်းထဲကို သုတ်သီးသုတ်ပျာနဲ့ ဝင်လာတဲ့ လူတစ်ယောက်က အိမ်ပေါ်ထပ်ကို မော့ပြီးပြောလိုက်တာဗျ။

သူကြီးကလည်း နှစ်ဆင့်ပြတင်းပေါက်ကြီးရဲ့ အောက်ဆင့်ကနေ ငုံ့ကြည့်ပြီးမေးတယ်။

“ဟေ အေးစိန်၊ အော်ဟစ်နေပြီလားကွ ငပိန်”

“အော်နေပြီ သူကြီးရေ၊ အော်ရုံတင်မကဘူး၊ အံကြီးကြိတ်ကြိတ်ပြီး ကြိမ်းနေတယ်”

“ဟေ ကြိမ်းနေတယ် ဟုတ်လားကွ၊ ငပိန် ဘာကို ကြိမ်းတာတုံးကွ”

“ဒီသူကြီးကတော့ အေးအေးမနေနိုင်ဘူး၊ ငါလုပ်ရရင် သေတော့မယ်တဲ့ဗျ”

“အောင်မာ၊ ဒီပယောဂက ငါ့ကိုတောင် ကြိမ်းနေပြီ ဟုတ်လားကွ ငပိန်”

“ဟုတ်တယ် သူကြီးရဲ့”

“အေး အေး မင်းပြန်တော့၊ ဆရာပင့်ပြီး ငါ အခုပဲ လာခဲ့မယ်”





ငပိန်ဆိုတဲ့လူပြန်သွားတော့ တာတေနဲ့ ဆရာအိုလည်း ဆေးအိတ်ထပြီး လွယ်တော့တာပဲဗျို့။

ဆရာအိုရယ်၊ ကျုပ်ရယ်၊ သူကြီးရယ်၊ ဆယ်အိမ်ခေါင်း နှစ်ယောက်ရယ် ရွာတောင်ပိုင်းကို လာခဲ့ကြတာဗျို့။

“ဟိုရှေ့က မန်ကျည်းပင်ကြီးမြင်နေရတဲ့ဝိုင်းပဲ ဆရာရေ”

သူကြီးပြောတဲ့ဝိုင်းကို ကျုပ်လှမ်းကြည့်လိုက်တော့ လူနှစ်ဖက်စာလောက်ရှိတဲ့ မန်ကျည်းပင်ကြီးတစ်ပင် ခြံစည်းရိုး အပြင်ဘက်မှာ ပေါက်နေတဲ့ဝိုင်းကို တွေ့တယ်ဗျ။

ကျုပ်တို့ဝိုင်းထဲ ဝင်လိုက်တာနဲ့ ကြားတော့တာပါပဲဗျာ။

“ဟေ့ ဆရာကောင်း မသေချင်ရင် အခု လှည့်ပြန်တော့၊ ဒီရောက်လာရင် ငါ့အဆိုး မဆိုနဲ့နော်၊ ဟင်း ဟင်း ဟင်း”

“ဩော် အော်သံဟစ်သံတွေ ပြောင်းလွဲနေတာကိုး”

သူကြီးက ပြောလိုက်တော့ ဆရာအိုက သူကြီးကို လှည့်ကြည့်ပြီးမေးတယ်။

“ဘယ်လိုပြောင်းတာတုံး သူကြီးရဲ့”

“ဟာ ခါတိုင်းအော်တာက အောင်မယ်လေး နာလှချည်ရဲ့၊ သေပါတော့မယ်တော့၊ ကယ်ကြပါဦးဆိုပြီး အော်တာ ဆရာရေ၊ ဒီတစ်ခါက ကြိမ်းဝါးနေတာဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပါလာတာကို ကြိုသိနေတာကိုး သူကြီးရဲ့၊ ခါတိုင်း အော်တာက အေးစိန်လေ၊ အခုကြိမ်းနေတာက ပယောဂဝင်ပြီး ကြိမ်းနေတာလေဗျာ"

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ ပိတုန်းတွေဗျို့၊ ပိတုန်းတွေ၊ ငါးကောင်ဗျ။ ကျုပ် သေသေချာချာလိုက်ပြီး ရေကြည့်တာ။ ဆရာအိုက လမ်း လျှောက်နေရာကနေ တုံ့ကနဲရပ်လိုက်တယ်ဗျ။

ဆရာအိုရပ်တော့ သူကြီးရော၊ ကျုပ်တို့အားလုံး ရပ် လိုက်ကြတာပေါ့ဗျာ။ ဆရာအိုက သူ့ခေါင်းမှာ ပေါင်းထားတဲ့ ပုဝါစလေးကို ဖြုတ်ယူလိုက်တယ်ဗျ။

ဟာ အင်းတွေပါလား။ ဒီတော့မှ ကျုပ်က သေသေချာ ချာကြည့်မိတာဗျို့။ ပုဝါက နီ့သာရောင်လေး။ ပုဝါပေါ်မှာ အင်း တွေချထားတာဗျ။ ပုဝါတစ်ထည်လုံး ပြည့်နေတာ။ ဆရာအိုက ပုဝါစနဲ့ ခေါင်းပေါ်မှာ ဝှေ့လိုက်တယ်။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ကျုပ်တို့ခေါင်းတွေပေါ်မှာ ကပ်ပြီးပျံနေတဲ့ ပိတုန်း မည်းမည်းကြီးတွေ တဖြည်းဖြည်း မြင့်မြင့်တက်သွားပြီး နောက် ဆုံးမှာ ပျောက်သွားရောဗျို့။ ဆရာအိုရဲ့အစွမ်းကို ကျုပ် စပြီး မြင်ရတာပေါ့ဗျာ။





"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

အိမ်ပေါ်က ထွက်လာတဲ့ ရယ်သံကြီးဗျ။ ကြောက်စရာ ကြီးပါဗျာ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ဟာ အိမ်အောက်က ပြေးထွက်လာတဲ့ အင်းခွေးကြီးဗျို့။ ဆရာအိုဆီကို ဉာန်းပြေးလာတာဗျို့။ ဆရာအိုကတော့ တည် တည်ငြိမ်ငြိမ်ပါပဲဗျာ။ စောစောက ပုဝါကို လက်နဲ့ဆွဲပြီး သပ် လိုက်တာ နီ့သာရောင် ပုဝါစလေးက မာကြောတဲ့ ဝါးလုံးတစ်လုံး လို တောင့်တောင့်မာမာကြီး ဖြစ်သွားရောဗျို့။ ကျုပ်တို့အားလုံး အံ့အားသင့်နေတုန်းမှာပဲ ဆရာအိုရဲ့ မျက်နှာကို ထိုးဟပ်တော့ မလိုလုပ်နေတဲ့ အင်းခွေးကြီးရဲ့ မျက်နှာကို တုတ်တစ်ချောင်းလို ဖြစ်နေတဲ့ ပုဝါနဲ့ ဖြတ်ရိုက်လိုက်ရောဗျာ။

"ကိန်၊ ကိန်၊ ကိန်၊ ကိန်"

အင်းခွေးကြီးဆိုတာ နာလွန်းလို့ လှည့်ပြေးရောဗျို့။

"ဒါ အေးစိန်တို့အိမ်ကခွေး ဟုတ်ရဲ့လား သာတင်ရဲ့"

သူကြီးကမေးတော့ ဆယ်အိမ်ခေါင်း ကိုသာတင်က [illegible]ဘာသလဲ ဖြေတယ်ဗျာ။

"ဟုတ်တယ် သူကြီးရဲ့၊ ညိုကြီးလို့ ခေါ်တဲ့ကောင်ဗျ၊ ဘယ်တုန်းကမှ လူကို ဟောင်တောင် မဟောင်တဲ့ကောင်ပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ဘယ်လိုဖြစ်တယ် မသိပါဘူး သူကြီးရာ”

“အေး လာခဲ့ဟေ့၊ လာခဲ့၊ ပညာတော့ ကြိုက်သွားပြီ၊ လူချင်းတွေ့ကြတာပေါ့”

အိမ်ပေါ်က ပယောဂက ဆရာအိုကို ပညာစမ်းနေတာဗျ။ ဆရာအိုကတော့ ပြုံးရုံပဲ ပြုံးလိုက်တယ်။ ကျုပ်ကတော့ ကြက်သီးတွေတောင် ထလို့ဗျ။ သူကြီးလည်း မျက်နှာခပ်ဖျက်ဖျက် ဖြစ်နေပြီဗျို့။ ကျုပ်တို့အိမ်ပေါ်ထပ်ကို တက်ခဲ့တယ်။

“ကျုပ် အောက်မှာပဲ နေခဲ့မယ် ကိုသာတင်”

ဆယ်အိမ်ခေါင်းတစ်ယောက်က ပြောတာဗျ။ ကိုသာတင် ဆိုတဲ့ ဆယ်အိမ်ခေါင်းက ဆတ်ကနဲ လှည့်ကြည့်ပြီး. . .

“အေး အေး မင်း နေရဲရင် နေခဲ့လေ ငထွန်း၊ ပိတုန်းတွေ တစ်ကျော့ပြန်လာရင်တော့ မင်းဖာသာ ရှင်းပေတော့”

“ဟာ”

ကိုထွန်းလို့ခေါ်တဲ့ ဆယ်အိမ်ခေါင်းက ဆတ်ကနဲ တုန်သွားပြီး ကိုသာတင်နောက်ကို ပြေးကပ်ပြီး လိုက်လာတယ်ဗျ။ ကျုပ်ဖြင့် ဒီလူကိုကြည့်ပြီး ရယ်ချင်လိုက်တာဗျာ။

“ဟား၊ ဟား၊ ဟား၊ ဟား”

မအေးစိန်ဆိုတဲ့ မိန်းမက တစ်ကိုယ်လုံး ယိမ်းထိုးပြီး အော်ရယ်နေတာဗျို့။ ဆရာအိုက ဘုရားစင်ရှေ့မှာ အသာလေး





ဝင်ထိုင်လိုက်တယ်။

ကျုပ်တို့အားလုံးလည်း ဆရာအိုနဲ့ မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ကြတယ်။ ကိုထွန်းကတော့ ကျုပ်တို့နောက်မှာ ကုတ်ကုတ်ကလေးဗျ။

ဆရာအိုက မျက်စိကို စုံမှိတ်ပြီး ပါးစပ်က တွတ်တွတ်တွတ်တွတ်နဲ့ တစ်ခုခုရွတ်နေတာဗျို့။

“ဟား၊ ဟား၊ ဟား၊ ဟား ငါ့ဆိုတဲ့ကောင်က မေတ္တာလောက်နဲ့တော့ မရဘူးဟေ့၊ မရဘူး”

ဆရာအိုက ငြိမ်ပြီးခဏနေတယ်ဗျ။ မအေးစိန်ကတော့ တစ်ကိုယ်လုံး ယိမ်းထိုးနေတာ တစ်ချက်မှကို မငြိမ်ဘူးဗျ။

ဆရာအို ခေါင်းညိတ်တယ်။ ပြီးတော့ ဘုရားစင်ဘက်ကို လှည့်ထိုင်ပြီး ဘုရားရှိခိုးတယ်။ ကျုပ် သေသေချာချာ နားထောင်လိုက်တော့ ငါးပါးသီလခံလိုက်တာဗျို့။ လက်စသတ်တော့ ဆရာအို ဥပုသ်ထွက်လိုက်တာဗျ။

ဒီကတည်းက တစ်ခုခုတော့ ထူးတော့မယ်ဆိုတာ ကျုပ်သိလိုက်တာပေါ့ဗျာ။ ဆရာအိုက မအေးစိန်ဘက်ကို လှည့်ပြီး တင်ပလင်ခွေထိုင်လိုက်တယ်။

“မင်း ဘယ်သူလဲ”

“မင်းမှာ ပညာရှိရင် သိရမှာပေါ့၊ ငါ့ကို မင်း မေးစေရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး။ အေး ပညာမတောက်တခေါက်နဲ့ ငါ့ကို လာစမ်းချင်တယ်ဆိုရင်တော့ ဒီအိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းသွားရမှာပဲ”

“ကဲ ဒီပယောဂကောင်ကို ဆိုင်ရာက ဖမ်းချုပ်လိုက်ပါဗျာ”

“အား”

ဟာ မအေးစိန်ကို လက်ပြန်ကြိုးတုတ်သလို ဖြစ်သွားတာဗျို့။

“ဟား၊ ဟား၊ ဟား၊ ဟား ဒါ မင်းအဆင့်အကုန်ပဲလားကွ”

“ဖြုတ်၊ ဖြုတ်”

ဟော ကျုပ်နားထဲမှာ ဖြုတ်ကနဲ ဖြုတ်ကနဲ ကြားလိုက်ရတာဗျ။ ဟာ မအေးစိန်ရဲ့လက်တွေ ပုံမှန်အတိုင်း ရှေ့ကို ရောက်လာပြီဗျို့။ မအေးစိန်က ဆရာအိုကို ပြုံးပြီးတော့ ကြည့်တယ်။ တကယ်တော့ မအေးစိန် ကြည့်တာ မဟုတ်ဘူးဗျ။ သူ့ကို ပူးကပ်နေတဲ့ ပယောဂကောင်က ဆရာအိုကို မခိုးမခန့် ကြည့်တာဗျ။

ဆရာအိုက ပယောဂကို သေသေချာချာ ကြည့်နေပြီးမှ လက်ထဲမှာ ဆုပ်ပြီးကိုင်ထားတဲ့ နံ့သာရောင် အင်းပုဝါလေးနဲ့ ဆတ်ကနဲ ပစ်လိုက်တာဗျ။ ကျုပ်တို့အားလုံးတောင် အံ့ဩသွားကြတယ်။





“အား”

မအေးစိန်ရဲ့ မချိမဆံ့အော်သံကြားလို့ ကြည့်လိုက်တော့မှ ဆရာအိုရဲ့ နံ့သာရောင်ပုဝါလေးက မအေးစိန်ရဲ့ လည်ပင်းမှာ ပတ်နေတာကို တွေ့တာဗျို့။

“အား”

အော်ပြီဗျို့။ အော်ပြီ။ ပယောဂကောင်တော့ ဒီတစ်ခါ အော်ပြီပေါ့ဗျာ။ တော်တော်စွမ်းတဲ့ ဆရာအိုပဲလို့ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတယ်ဗျ။

“မင်း ငါ့ကို လွှတ်စမ်း ဟေ့ကောင်”

အောင်မာ၊ ဒါတောင်လေသံက မာတုန်းဗျ။ ဟော ဟော မအေးစိန်ရဲ့လည်ပင်းမှာ ပတ်နေတဲ့ ဆရာအိုရဲ့ အင်းပုဝါက တင်းကနဲ ဖြစ်သွားတာဗျို့။

“အား အား”

ဆရာအိုက ကျုပ်ကို လှည့်ကြည့်ပြီး ခေါင်းညိတ်ခေါ်တယ်။ ကျုပ်လည်း ဆရာအိုရဲ့အနားကိုသွားပြီး ကြုံ့ကြုံ့လေး ထိုင်ရတာပေါ့ဗျာ။

“တာတေ သင်္ချိုင်းကုန်းကို ခုချက်ချင်းသွား၊ ရေလုံအိုးကွဲတစ်ခုနဲ့ သင်္ချိုင်းမြေပုံက မြေစိုင်ခဲသုံးတုံး မြန်မြန်ကောက်ခဲ့၊ တစ်ယောက် ခေါ်သွား”



www.burmeseclassic.com

www.burmeseclassic.com



ဆရာအိုက ကျုပ်နားနားကိုကပ်ပြီး လေသံလေးနဲ့ ပြောတာဗျ။ ကျုပ် ဆယ်အိမ်ခေါင်း ကိုသာတင်ကို လက်တို့ပြီး အောက်ကို ခေါ်လာခဲ့တယ်။ ပြီးတော့ အကျိုးအကြောင်း ပြောလိုက်တယ်။ ကိုသာတင်က ချက်ချင်းပဲ မအေးစိန်ရဲ့မောင်အငယ် ဘသောင်း ဆိုတဲ့ကောင်ကို ကျုပ်နဲ့ ထည့်ပေးလိုက်တယ်။

ရုံးတောသချိုင်းထဲကိုရောက်တော့ လက်ဝါးနှစ်ခုစာ လောက်ရှိတဲ့ ရေလုံအိုးကွဲတစ်ခုနဲ့ မြေပုံတစ်ခုပေါ်က လတ်လတ်ဆတ်ဆတ် မြေစိုင်ခဲသုံးခုကို အရွယ်ညီတာလေးရှာပြီး ကောက်လိုက်တယ်။

ကျုပ်ပြန်ရောက်တော့ ဆရာအို ပွဲကြမ်းနေပြီဗျ။

"ဟော့ကောင် မင်းသွင်းထားတဲ့ အပင်းကို အခုချက်ချင်း အန်ချလိုက်စမ်း"

"မအန်ဘူးကွာ၊ မင်း ငါ့ကို ဘာလုပ်လို့မှ မရဘူး မှတ်ပါ"

"ဩော် ဒီလိုလား၊ ဒါဆိုရင်လည်း လုပ်ရတော့မှာပေါ့ကွာ"

ဆရာအိုက မျက်စိတွေမှိတ်လိုက်ပြီး ဂါထာရွတ်ရောဗျို့။ ကျုပ်လည်း ဆရာအိုကို တစ်လှည့်၊ မအေးစိန်ကို တစ်လှည့် ကြည့်နေရတာပေါ့ဗျာ။ ဟာ ဟာ ပတ်ပြီဗျို့ ပတ်ပြီ။ မအေးစိန်ရဲ့ လည်ပင်းမှာပတ်နေတဲ့ နံ့သာရောင်ပုဝါလေးက ကြိုးတစ်ချောင်း





လို တင်းသွားပြီး လည်ပင်းကို တင်းသထက်တင်းအောင် ရစ်တော့တာပဲဗျာ။

"ဟင်း၊ ဟင်း၊ ဟင်း"

ဟာ ပယောဂကောင်ကလည်း အံကြိတ်ပြီး တင်းခံနေတာဗျို့။ ဆရာအိုကလည်း ဂါထာကို မနားတမ်းရွတ်၊ နံ့သာရောင် ပုဝါလေးကလည်း မအေးစိန်ရဲ့လည်ပင်းကို တင်းသထက် တင်းအောင်ရစ်။ ပယောဂကောင်လည်း မခံနိုင်တော့ဘူးဗျို့။

"အောင်မယ်လေးဗျ၊ အား လွှတ်ပါတော့ဗျ"

ဆရာအိုက ဂါထာရွတ်တာ ရပ်မပေးဘူးဗျ၊ ပုဝါက ထပ်ရစ်တုန်းပဲ"

"အောင်မယ်လေး ကြောက်ပါပြီ ဆရာရဲ့၊ ကြောက်ပါပြီဗျ"

"နင်သွင်းတဲ့အပင်းကို တစ်စမကျန် အန်ချလိုက်စမ်း ဟေ့"

အောင်မြင်တဲ့အသံကြီးနဲ့ ဆရာအိုက အမိန့်ပေးလိုက်ရောဗျို့။ မအေးစိန်က တင်ပလင်ခွေထိုင်နေရာကနေ ကြုံ့ကြုံ့ကလေး ပြောင်းထိုင်လိုက်တယ်။ ပြီးတော့ ကိုယ်ကို ရှေ့နောက် ယိမ်းထိုးပြီး. . .

"ဝေါ့၊ ဝေါ့၊ ဝေါ့"



www.burmeseclassic.com

www.burmeseclassic.com



သုံးခါတိတိ အန်တာဗျို့။ အန်တော့မယ်ဆိုကတည်းက ဆရာအိုက လင်ဗန်းတစ်ချပ် ထိုးခံပေးထားတာဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟာ ကျောက်စရစ်ခဲလေးတွေဗျ။ လောက်စာလုံး လောက်ရှိတဲ့ ကျောက်စရစ်ခဲ သုံးလုံးဗျ။ အန်တာတော့ ရပ်သွားပြီ။

"ဟေ့ကောင်၊ မင်းသွင်းတဲ့အပင်း ဒါ အကုန်ပဲလား"

ပယောဂကောင်က ခေါင်းညိတ်ပြတယ်။

"မင်းနာမည် ဘယ်သူတုံး၊ မင်းက ဘယ်ရွာမှာ နေတာတုံး၊ အေးစိန်ကို ဘာရန်ငြိုးနဲ့ လုပ်ရတာတုံး"

"ဒီကောင်မက မာနသိပ်ကြီးတာ၊ စွာလည်း သိပ်စွာတာ၊ ဒါကြောင့် စောက်မြင်ကပ်လို့ လုပ်လိုက်တာ"

"မင်း ဘယ်သူတုံး"

"ဒါတော့ ကျုပ် မပြောပါရစေနဲ့ ဆရာ၊ ကျုပ် တောင်းပန်ပါတယ်"

"ကောင်းပြီ၊ မင်းပညာတွေ အခု စွန့်ပစ်ရမယ်၊ ဒီပညာဟာ မင်းကို အဝီစိရောက်အောင် ပို့လိမ့်မယ်"

"ကျုပ် ဒီပညာကိုတော့ မစွန့်နိုင်ဘူး ဆရာ"

ဆရာအိုက ခေါင်းညိတ်ပြီး ကျုပ်ကို ခေါ်တယ်။





ကျုပ် သချိုင်းထဲက ကောက်လာတဲ့ ရေလုံအိုးကွဲနဲ့ မြေစိုင်ခဲ သုံးတုံးကို ချပေးလိုက်တယ်။

"မီးညှပ်သွားယူခိုင်းလိုက် တာတေ"

ကျုပ်က မအေးစိန်ရဲ့ညီမကို မီးညှပ်သွားယူခိုင်းလိုက်တယ်။

ဆရာအိုက သူ့လွယ်အိတ်ထဲက ဖယောင်းတိုင်တစ်တိုင် ကိုထုတ်ပြီး မောင်းချားကလေးနဲ့ ဖယောင်းတိုင်ရဲ့ဖင်ဘက်ကို လှီးလိုက်တယ်။ အထဲက နန်းကြိုးမျှင်လေးပေါ်လာအောင် လုပ်တာဗျ။ ပြီးတော့ မီးခတ်ကိုခတ်ပြီး ဖယောင်းတိုင်ကို ဖင်ဘက်က မီးထွန်းတာဗျ။ ကြမ်းပြင်ပေါ်မှာ ဖယောင်းတိုင်ကို ဇောက်ထိုးစိုက်ပြီး ထွန်းလိုက်တယ်။

ကျုပ်ကောက်လာတဲ့ သချိုင်းမြေစိုင်ခဲသုံးတုံးကို ဖယောင်းတိုင်မီးတောက်ဘေးမှာ ဖိုခနောက်ဆိုင်ချလိုက်တယ်။ အဲဒီမြေစိုင်ဖိုခနောက်ပေါ်မှာ ရေလုံအိုးကွဲကို ဒယ်အိုးတင်သလို တင်တယ်ဗျ။

မီးညှပ်ကိုယူပြီး လင်ဗန်းထဲက မအေးစိန် အန်ချထားတဲ့ ကျောက်ခဲသုံးခုကို တစ်ခုချင်း ညှပ်ထည့်တယ်။ သုံးတုံးစလုံး ရေလုံအိုးကွဲထဲမှာ ထည့်ထားလိုက်တယ်။ ဒယ်အိုးထဲမှာ ထည့်လှော်သလိုပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဟော ရွတ်ပြန်ပြီဗျို့။ ဆရာအို ဂါထာရွတ်ပြန်ရောဗျို့။

"အောင်မယ်လေး၊ မလုပ်ပါနဲ့ ဆရာရဲ့၊ ကျုပ် သေပါလိမ့်မယ်ဗျ"

ဆရာအိုကတော့ ဂါထာကို ရွတ်တာပဲဗျာ။

"မီးငြိမ်းပေးပါဗျ၊ ကျုပ် နောက်မလုပ်တော့ပါဘူးဗျ"

"မင်းပညာ အခုစွန့်မလား၊ မစွန့်ဘူးလား၊ မစွန့်ရင်တော့ မင်းအသက် စွန့်ပေတော့"

ရေလုံအိုးကွဲကလည်း ပူသထက် ပူလာပုံပဲဗျ။ အထဲက ကျောက်ခဲတွေလည်း ပူရောပေါ့ဗျာ။ ဟာ မအေးစိန် ပစ်လှဲချလိုက်ပြီဗျို့။

"အား၊ အား၊ အား"

ကြမ်းပြင်မှာကို လူးလှိမ့်ပြီးအော်နေတော့တာဗျာ။

ဆရာအိုကလည်း ဂါထာကို အဆက်မပြတ်ရွတ်၊ ရေလုံအိုးကွဲကလည်း ပူလာ၊ မအေးစိန်ကို ပူးကပ်နေတဲ့ ပယောဂကောင်လည်း အော်ဟစ်ပြီး လှိမ့်နေတာပေါ့ဗျာ။

"အား ပူလှချည်ရဲ့ဗျ၊ မီးငြိမ်းပေးပါ ဆရာရဲ့၊ အောင်မယ်လေး ပူလိုက်တာဗျ"

"မင်းပညာ စွန့်တော့မလား"

"အောင်မယ်လေးဗျ၊ စွန့် စွန့်ပါတော့မယ်ဗျ"





"ကဲ အခု စွန့်လိုက်တော့"

ဆရာအိုက ဂါထာကို တိုးတိုးရွတ်နေရာကနေ အသံကျယ်ကျယ်ကြီးနဲ့ ပြောင်းရွတ်ပြီဗျို့။

"အောင်မယ်လေးဗျ၊ အောင်မယ်လေးဗျ၊ မခံနိုင်တော့ပါဘူးဗျ၊ အမေရေ ကျုပ်ကို ခွင့်လွှတ်ပါတော့ဗျာ၊ ကျုပ် ဘယ်လိုမှ မခံနိုင်တော့လို့ပါဗျ"

ပယောဂကောင်က လှိမ့်နေရာကနေ ဝုန်းလျှားမှောက်လိုက်တယ်။ ဆရာအိုက ဂါထာကို အသံအကျယ်ကြီး ရွတ်နေရင်းနဲ့ စောစောက လင်ဗန်းကိုပဲ ရှေ့တိုးပေးလိုက်တယ်။

"အောင်မယ်လေးဗျ၊ ဝေါ့၊ ဝေါ့၊ ဝေါ့"

ဟာ စိမ်းစိမ်းဝါဝါတွေဗျာ။ အရောင်တွေ တဖျတ်ဖျတ်ထွက်နေတာဗျ။ ဆရာအိုက လင်ဗန်းထဲက ပယောဂကောင်ကြီး အန်ထားတဲ့ အကျိအချွဲပုံကြီးထဲကို မီးညှပ်နဲ့ထိုးပြီး တစ်ခုခုကို လိုက်ရှာနေတာဗျ။

ဟာ ဘာလေးပါလိမ့်။ ဘူးကလေးဗျ။ လက်သန်းရဲ့ ပထမအဆစ်လောက်ပဲရှိတဲ့ ဘူးကလေးဗျာ။ တဖျတ်ဖျတ်ထွက်နေတဲ့ အရောင်တွေက ဒီဘူးလေးက ထွက်နေတာဗျို့။ ဘာနဲ့ လုပ်ထားတဲ့ဘူးမှန်းတော့ မသိဘူးဗျ။

ဆရာအိုက အဲဒီဘူးကလေးကို မီးညှပ်နဲ့ ညှပ်ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့လွယ်အိတ်ထဲက ယွန်းဘူးကလေးထဲကိုထည့်ပြီး အဖုံးပိတ်ထားလိုက်တယ်။

"ကဲ ငါ့တပည့် ထ၊ ဘုရားကို ဦးတိုက်ပေတော့၊ မင်းဟာ အခုချိန်ကစပြီး မကောင်းတဲ့ဘဝကနေ လွတ်သွားပြီ၊ ဒီပညာမျိုးကို ဘယ်တော့မှ မသင်ယူလေနဲ့ကွယ်၊ ကဲ ကဲ ဘုရားဦးတိုက်၊ ဦးတိုက်"

မအေးစိန်က ကြုံ့ကြုံ့ကလေးထိုင်ပြီး ဘုရားကို ရှိခိုးတယ်။ ဦးသုံးကြိမ်တိုက်တယ်။

"ကဲ မင်းနာမည်နဲ့ နေရပ်ကို ငါ မမေးတော့ဘူး၊ ဟောဒီမီးကိုလည်း ငါ ငြိမ်းလိုက်ပြီ၊ မင်းဘဝရဲ့ ကျန်တဲ့အချိန်တွေမှာ ဘုရားတရားကို ယုံယုံကြည်ကြည် ကိုးကွယ်ပြီး ကောင်းရာမွန်ရာ အလုပ်တွေ ပြန်လုပ်ပေတော့ကွယ်။ ကဲ သွားလိုရာ သွားနိုင်ပါပြီကွယ်၊ သွားပေတော့၊ သွားပေတော့"

ဟော မအေးစိန် ဆတ်ကနဲ တစ်ချက်တွန့်သွားပြီး နောက်ကို ခေါင်းကြီး လန်ကျသွားတယ်ဗျို့။

"ဟဲ့ အေးစိန်၊ အေးစိန်"

နောက်ကနေ မအေးစိန်ရဲ့ အမေနဲ့ အစ်မတွေက ပြေးပြီးပွေ့ကြတယ်။

"ဟင် အမေ ကျုပ် ဘာဖြစ်တာတုံး"





"ညည်းကို ဆေးကုတာလေ၊ သူကြီးကိုယ်တိုင် ဟောဒီဆရာကြီးကို ပင့်ပြီး လာကုပေးကြတာ"

"ဟင် ဟုတ်လား"

မအေးစိန်က ကျုပ်နဲ့ ဆရာအိုကို သေသေချာချာ ကြည့်နေတယ်ဗျ။

"ဟဲ့ အေးစိန် ဟောဒီက နင့်ကျေးဇူးရှင်ဆရာကြီးကို ရှိခိုးလေ"

သူကြီးက ပြောလိုက်တော့မှ မအေးစိန်က ဆရာအိုကို ရှိရှိသေသေ ရှိခိုးတာဗျ။

"အေး အေး ငါ့တပည့်မ အေးစိန်၊ ဘဝမှာ အတွေ့ရှိလို့ အလှည့်ရှိတာပေါ့ကွယ်၊ နောက်နောင် ဒီလိုအဖြစ်မျိုး ဘယ်တော့မှ မကြုံပါစေနဲ့၊ ဘယ်တော့မှ သူများပြုစားလို့ မရတဲ့ကိုယ်ဖြစ်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ ဆရာကြီးရှင်"

"ကဲ ကဲ အေးစိန်လည်း ပင်ပန်းရောပေါ့၊ ခေါ်သွားကြ၊ ခေါ်သွားကြ၊ နားပါစေ၊ နားပါစေ"

မအေးစိန်ကို သူ့အမေနဲ့ အစ်မတွေ ညီမတွေက တွဲပြီး အခန်းထဲ ခေါ်သွားကြတယ်။

သချိုင်းက ယူလာခဲ့တဲ့ ရေလုံအိုးကွဲ၊ မြေစိုင်ခဲ၊



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလက်စ ဖယောင်းတိုင်၊ ကျောက်စရစ်ခဲသုံးခဲ အားလုံးကို ငှက်ပျောဖက်ကြီးတစ်ရွက်ထဲမှာ ထည့်ထုပ်ပြီး မအေးစိန်ရဲ့ မောင်တွေ သချိုင်းထဲကို သွားပစ်လိုက်ကြတယ်ဗျို့။

အဲဒီလိုဖြစ်ပြီး တစ်ပတ်လောက်ကြာတော့ မီးလောင်ကုန်းက ကျုပ်သူငယ်ချင်း ပန်းမောင်ရဲ့ညီ သန်းအောင် သရက်သီးဆွတ်ရင်း သရက်ပင်ပေါ်က ပြုတ်ကျတာတဲ့ဗျာ။ အဲဒီလိုဖြစ်ပြီး လူက ပြောတာ၊ နေတာ တစ်မျိုးဖြစ်လာတယ်ဆိုပဲ။ ထမင်းတစ်ခါစားရင် နို့ဆီဘူး နှစ်လုံးချက်လောက်ကို တစ်ယောက်တည်း စားပစ်ဆိုပဲ။

ကြက်တစ်ကောင် ချက်ထားရင် သူတစ်ယောက်တည်း ကုန်အောင် စားပစ်ရောဆိုပဲဗျ။ ညဘက်ဆိုရင် အိမ်ရှေ့မှာ တစ်ယောက်တည်း ထွက်ထိုင်ပြီး တဟားဟားနဲ့ အော်ရယ်နေဆိုပဲ။

ပန်းမောင်တို့အဖေက ဆရာအိုကို လာပင့်တော့ ကျုပ်ပါ လိုက်ရတာပေါ့ဗျာ။

ကျုပ်တို့ ပန်းမောင်တို့ဝိုင်းထဲ ရောက်တာနဲ့ အိမ်ပေါ်က ထွက်လာတဲ့ အသံကြီးကို ကြားရတော့တာပဲဗျို့။

"ငါ မဝသေးဘူးကွ၊ ထပ်ထည့်ပေးကြဦး၊ ငါ မဝသေးဘူး"





အသံကြီးက တစ်မျိုးကြီးဗျ။ ဒါ သန်းအောင်ရဲ့အသံမှ မဟုတ်တာ။ ကျုပ်တွေးနေတယ်။ ဆရာအိုက အိမ်ပေါ်ကို တန်းတက်သွားပြီး ထမင်းစားနေတဲ့ သန်းအောင်ကို မသိမသာ အကဲခတ်နေတယ်ဗျ။

"ဟော့ကောင်တွေ ငါ မဝသေးဘူး၊ အမဲသား ထပ်ကျွေးဦး"

ဆရာအိုက သန်းအောင်ကို ကြည့်ပြီး ခေါင်းညိတ်တယ်။ ပြီးတော့ အိမ်ပေါ်မှာ ထိုင်တောင်မထိုင်ဘဲ လှေကားက ပြန်ဆင်းလာတယ်။ ပန်းမောင်ရဲ့အဖေက ချက်ချင်းမျက်နှာပျက်သွားတာပေါ့ဗျာ။

ကျုပ်လည်း စိုးရိမ်သွားတာပေါ့ဗျာ။ ဆရာအို ဘာများ တွေ့လို့ပါလိမ့်လို့ တွေးလိုက်မိတယ်။

"ဆရာ ဘာများဖြစ်လို့လဲဗျာ"

ပန်းမောင်တို့အဖေက ပျာပျာသလဲ မေးတာဗျ။

"ဒီလိုဗျ၊ ဒီသူငယ်ကို သရဲပင်း သွင်းထားတာ၊ ကျုပ်ကို တွေ့ရင် ပြုံးပြုံးပြုံပြုံ ဖြစ်နေမှာစိုးလို့၊ ကျုပ် အောက်ပြန်ဆင်းခဲ့တာပါ၊ ခင်ဗျားသားကို ဒီသရဲက သရက်ပင်ပေါ်က တွန်းချပြီး သတိလစ်သွားတဲ့အချိန်မှာ အပင်းသွင်းလိုက်တာဗျ။ ပြီးတော့မှ သူက ဝင်မှီပြီး စားသောက်နေတာ၊ ကဲ ဒီညတော့ ကျော့လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ကျုပ်မှာ သူ့ကို နှင်ထုတ်ဖို့ လုပ်စရာရှိသေးတယ်။ ဒီကောင်က သက်တမ်းတော်တော်ရင့်နေပြီ၊ ကျုပ်က နိုင်ထက်စီးနင်းလုပ်ပြီး နှင်ထုတ်လိုက်ရင် ဒီကောင် ရွာထဲလျှောက်ဒုက္ခပေးမှာစိုးရတယ်။ ပြီးတော့ ဒီဒေသကကောင် မဟုတ်ဘူး၊ တခြားကရောက်လာတာ။ ဒီတော့ သူ့ဆိုင်ရာ ဆိုင်ရာနဲ့ နှင်လိုက်မှ ဒီနယ်က အပြီးလွင့်သွားမှာဗျ"

"ဒါဆိုရင် ဆရာ တည်းခိုဖို့ကိစ္စ. . ."

"ဟာ မတည်းတော့ဘူးဗျ၊ တာတေနဲ့ ကျုပ်နဲ့ ထနောင်းကုန်းပဲ ပြန်မယ်၊ မနက်ဖြန်ကျမှ ကျုပ်တို့ဆရာတပည့်လာပြီး နှင်ထုတ်ပေးပါ့မယ်၊ ဘာမှမစိုးရိမ်ပါနဲ့၊ ဒီညတော့ သူစားချင်တာကျွေးလိုက်ပါဗျာ"

"ဟုတ်၊ ဟုတ်ကဲ့ပါ ဆရာ"

ဆရာအိုနဲ့ ကျုပ်နဲ့ ထနောင်းကုန်းကို ကုန်းကြောင်းပဲ လျှောက်ပြီး ပြန်လာခဲ့တယ်။ မီးလောင်ကုန်းနဲ့ ထနောင်းကုန်း ဘာဝေးတာလိုက်လို့ဗျာ။

"ကဲ တာတေ၊ မင်းကို ဆရာ မေးရဦးမယ်"

"ဟုတ်ကဲ့ မေးပါ ဆရာ"

"မင်း ဒီည ဆရာနဲ့ သချိုင်းကုန်းထဲကို လိုက်ဝံ့ပါ့မလား"

ကျုပ် ရုတ်တရက်တော့ နည်းနည်းတုံ့သွားတယ်ဗျ။





ထနောင်းကုန်းကို ပြန်တဲ့လမ်းမှာ ဆရာအိုက ကျုပ်ကို မေးတာဗျ။

"ကျုပ် လိုက်ဝံ့ပါတယ်ဗျ"

"ဟား၊ ဟား မင်း တော်တော်သတ္တိကောင်းတဲ့ ကောင်ပဲကွ၊ ကဲ ဒါဆိုရင် ညကိုးနာရီတိတိ ဆရာတော်ကျောင်းကို ရောက်အောင် လာခဲ့ပေတော့"

တာတေပဲဗျာ။ ဒါမျိုးဆိုရင် ဘယ်လက်လွတ်ခံပါ့မလဲဗျာ။ ကိုးနာရီအတိ ကျုပ် ဆရာတော့်ကျောင်းကို ရောက်သွားတယ်။

"ဟာ တာတေတောင် ရောက်လာပြီ၊ ငါက မင်း လာမှ လာဝံ့ပါ့မလားလို့ တွေးနေတာကွ"

"ကျုပ် လာဝံ့ပါတယ် ဆရာ"

"ကဲ ဒါဆိုရင်လည်း သွားကြစို့ကွာ"

ဆရာအိုနဲ့ ကျုပ်နဲ့ ထနောင်းကုန်းသချိုင်းရောက်တော့ ကိုးနာရီခွဲလောက် ရှိပြီဗျ။

"နားထောင် မောင်တာတေ၊ ဆရာက ဟောဒီဆေးပေါ့လိပ်ကြီးကို မီးရဲနေအောင်ညှိပြီးတော့ သချိုင်းရှင်မ မဖဲဝါကြီးကို ဝင့်မှာဗျ။ ပြီးရင် အဲဒီဆေးလိပ်ကြီးကို မဖဲဝါကို သောက်ခိုင်းမှာ။ သူသောက်ပြီးလို့ ကျန်တဲ့ဆေးပေါ့လိပ်ကို မီးငြိမ်းပြီးမှမှာ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ကုန်းက သန်းအောင်ကို ဆေးကုပေးရမှာကွ တာတေရ"

"ဩော် ဒီလိုလား"

ဒီတော့မှ ကျုပ် သဘောပေါက်သွားတာဗျို့။

"ကဲ တာတေ ခပ်လှမ်းလှမ်းမှာ သွားရပ်နေ၊ ဆရာ မဖဲဝါကို ခေါ်တော့မှာ"

ကျုပ်က ခပ်လှမ်းလှမ်းက ထနောင်းပင်ကလေး အောက်မှာ သွားရပ်နေလိုက်တယ်။

ဆရာအိုက အဆင်သင့်ယူလာတဲ့ ဆေးပေါ့လိပ်ကြီး မီးခတ်နဲ့ မီးညှိတယ်။ ပြီးတော့ မီးညှိအောင် သုံးလေးဖွာ လိုက်တယ်။ ကောင်းကင်မှာ လဆန်းရက်ဆိုတော့ လ ကွေးကွေးလေးပဲ ရှိတာဗျ။ သချိုင်းတစ်ခုလုံးကို မှုန်ဝါးဝါးလေ မြင်နေရတာ။

ဆရာအိုက ဆေးလိပ်ကို ကိုင်ထားရင်း ပါးစပ် တတွတ်တွတ်နဲ့ ပြောနေတာဗျ။ ဘာတွေပြောနေမှန်းတော့ ကျု မကြားရဘူးဗျ။

တော်တော်လေး ပြောဆိုပြီးမှ ဂူကြီးတစ်လုံးဘက် လျှောက်သွားတယ်။ ကျုပ်ထင်တာတော့ ဆေးလိပ်ကို ဂူကြီး မှာ တင်ထားမလို့နဲ့ တူတယ်ဗျ။

"ဝီး၊ ဖျန်း၊ ဖျန်း၊ ဖျန်း"





လေအေးတစ်ချက် ဝေ့တိုက်သွားတယ်။ ကျုပ်ဖြင့် ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားတာဗျို့။ သချိုင်းထဲက ကုက္ကိုပင်ကြီးတွေပေါ်မှာ အိပ်တန်းတက်နေတဲ့ ငှက်တွေ လန့်ပြီးပျံသွားတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ကျုပ်နားထဲမှာ ခွေးအူသံလို တစ်ချက်ကြားလိုက်တာဗျာ"

ဟာ ဆရာအိုရဲ့ လက်ထဲက မီးတရဲရဲနဲ့ ဆေးပေါ့လိပ်ကြီးကို ဆတ်ကနဲဆွဲလုသွားတာဗျ။ ဟော ဖွာပြီဗျို့။ ဖွာပြီ။ မီးကို ရဲကနဲ ရဲကနဲနေတာဗျ။ ဆေးလိပ်ကြီးက လေထဲမှာ ဒီအတိုင်းကြီးကိုမြောက်နေတာဗျ။ မီးကလည်း ရဲကနဲ ရဲကနဲ ဖြစ်နေတာဗျို့။

ဆရာအိုကတော့ လေထဲမှာ မြောက်နေတဲ့ ဆေးပေါ့လိပ်ကြီးကို ကြည့်ပြီး တိုးတိုး တိုးတိုးနဲ့ ပြောနေတာဗျ။ ဘာတွေပြောမှန်းတော့ ကျုပ် မကြားဘူးဗျ။

ဟာ ပစ်ချလိုက်ပြီဗျို့။ ဆေးပေါ့လိပ်ကြီးကို ဂူရှေ့က မြက်ခင်းထဲကို ပစ်ချလိုက်တာဗျ။ ဟော ဆရာအိုက ကပျာကယာပြေးပြီး ဆေးပေါ့လိပ်ကြီးကို ကောက်တယ်။ ပြီးတော့ ဂူရဲ့နံရံမှာ ထိုးပြီးတော့ ဆေးလိပ်မီးကို ငြိမ်းတယ်။ ငှက်ပျောရွက်ကလေးတစ်ပိုင်း ခူးလိုက်ပြီးတော့ မီးငြိမ်းထားတဲ့ ဆေးလိပ်ကို ပတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်ရှစ်နာရီလောက်မှာ ဆရာအိုနဲ့ ကျုပ်နဲ့ မီးလောင်ကုန်းကို ရောက်သွားတယ်။ ပန်းမောင်တို့ အိမ်မှာ သူတို့ဆွေတွေမျိုးတွေ စုံလို့ဗျ။

ဆရာအိုက ဘုရားစင်ရှေ့မှာထိုင်ပြီး သန်းအောင်ကို ခေါ်လာခိုင်းတယ်။ သန်းအောင်က ကောင်းကောင်းမွန်မွန် မလိုက်လို့ အတင်းကို ဆွဲခေါ်လာကြရတာဗျ။

"မင်းတို့က ဘာကောင်တွေမို့ ငါ့ကို ဆွဲခေါ်လာရတာ တုံး၊ ငါလုပ်လိုက်ရရင် တစ်ရွာလုံး မသာတွေ ဖြစ်ကုန်မယ်၊ ဟင်း ဟင်း"

"ဟေ့ကောင် ငြိမ်ငြိမ်ထိုင်စမ်း"

"အောင်မာ မင်းက အမိန့်ပေးရအောင် ဘာကောင်မို့ တုံး၊ ငါ့အသက်က နှစ်ရာကျော်နေပြီ၊ နားလည်လား"

ဆရာအိုက ညက မဖဲဝါ သောက်သွားတဲ့ ဆေးပေါ့လိပ် ကြီးကို မီးခတ်နဲ့ မီးညှိလိုက်တယ်။

ပြီးတော့ ဆေးပေါ့လိပ်ရဲ့ မီးညှိထားတဲ့ ခေါင်းဘက်ကို ပါးစပ်ထဲမှာ ငုံပြီး ဆေးလိပ်မီးခိုးတွေ မှုတ်ထုတ်လိုက်တယ်။ မီးခိုးတွေက အစီခံဘက်ကနေ တန်းထွက်လာတာပေါ့ဗျာ။

မဖဲဝါ သောက်သွားတဲ့ ဆေးလိပ်ရဲ့ မီးခိုးတွေနဲ့ ဇောက် ထိုးမှုတ်ထုတ်တော့တာဗျို့။





ဒေါသူပုန်ထနေတဲ့ သန်းအောင်ရဲ့ကိုယ်ထဲက သရဲကြီး ဆတ်ကနဲ ဆတ်ကနဲ ဖွန့်သွားပြီး ခေါင်းငိုက်စိုက် ကျသွားတယ်။

ဆရာအိုက သူ့မျက်နှာကိုချည်း မီးခိုးနဲ့ မှုတ်တာဗျို့။ မရပ်မနား မှုတ်တာ။ ဟော ဟော သန်းအောင် ပါးစပ်ကြီး ဟလာပြီး ပါလာတဲ့ ပါးစပ်ထဲကို ဆရာအိုက မီးခိုးတွေ မှုတ်ထည့် ပြန်ရောဗျို့။

"အား၊ အား၊ အား၊ အား"

အသံနက်ကြီးနဲ့ အော်တာဗျာ။ ကျုပ်ဖြင့် နားကို အူရော။

"ဝေါ့၊ ဝေါ့၊ ဝေါ့"

ဟော အန့်ချလိုက်ပြီဗျို့။ ဆရာအိုကလည်း ရေနွေး သင်ဗန်းကို ပန်းကန်တွေဖယ်ပြီး အဆင်သင့် စောင့်နေတာဗျို့။ ရှေ့က ထိုးခံပေးလိုက်တယ်။

ဟာ နီနီအတုံးကလေးဗျ။ ဆရာအိုက ဝါးခြမ်းပြား ကလေးနဲ့ နီနီအတုံးကလေးကို ထိုးကြည့်တယ်။

"လက်စသတ်တော့ ကြွက်ပေါက်စလေးပဲ၊ သရက်ပင် ပေါ်မှာရှိတဲ့ ကြွက်သိုက်ထဲက ကြွက်ပေါက်ကလေးကိုယူပြီး သရက်သီး တက်ခူးတဲ့ ဒီသူငယ်ဗိုက်ထဲကို အပင်းသွင်းလိုက်တာ၊ ပြီးမှ အဲဒီအပင်းကို သူကမှီပြီး ဝင်စားနေတော့တာပဲ"

ဆရာအိုရဲ့ ဆေးလိပ်မီးခိုးဒဏ်ကို အလူးအလဲခံသွားရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သရဲကြီးလည်း ဆတ်ဆတ်တုန်နေပြီဗျို့။

"ကဲ သချိုင်းရှင်မကြီး မဖဲဝါရဲ့ အမိန့်၊ သင် ယခုချက် ချင်း ဒီနယ်၊ ဒီဒေသက ထွက်ခွာပြီး သင်နေတဲ့နေရာ အရောက် ပြန်စေ"

ဆရာအိုရဲ့ အောင်မြင်တဲ့ အမိန့်သံအဆုံးမှာ သန်း အောင် ဆတ်ကနဲတွန့်ပြီး ဘုန်းကနဲ လဲကျသွားရောဗျို့။

"ဟဲ့ သန်းအောင်၊ သန်းအောင်"

ပန်းမောင်တို့ မိဘတွေက စိုးရိမ်တကြီးနဲ့ သန်းအော ကို ဝိုင်းခေါ်ကြတယ်။

ဆရာအိုက ရေမန်းထုတ်ပြီး မျက်နှာကို တောက်လိုက် တော့မှ သန်းအောင် ဆတ်ကနဲတုန်ပြီး သတိရလာတယ်ဗျ ဟိုကြည့် ဒီကြည့်နဲ့ သူ ဘာဖြစ်လို့ ဖြစ်နေမှန်းတောင် သိပုံမပေါ် ဘူးဗျ။

မဖဲဝါရဲ့အမိန့်နဲ့ အသက်နှစ်ရာကျော် သရဲကြီးကတေ သူ့ဒေသရောက်အောင် လွင့်သွားရော့မယ်ဗျို့။

ကျုပ် မကြာ မကြာ သတိရတတ်တဲ့အထဲမှာ ဆရာ ဆိုတဲ့လူလည်း ပါတာပေါ့ဗျာ။

တာတေ

□□□





# စက်ကြိုးဆွဲ မဖဲဝါ

အဲဒီနေ့က ဆရာတော့်ကျောင်းမှာ အလှူရှိတာဗျို့။ ကျုပ်တို့ထနောင်းကုန်းသူကြီးရဲ့တူကလေးနှစ်ယောက် ရှင်ပြုတာ လေ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ တောရွာတွေမှာက သူကြီး မပြောနဲ့ သူကြီး အမျိုးတွေလည်း ဂုဏ်ရှိတာဗျ။ သူကြီးတူရဲ့ အလှူဆိုတော့ လွှတ်စည်တာပေါ့ဗျာ။

ကျွေးတာကလည်း ဝက်သား၊ ကြက်သားဗျ။ ဝက်မစားရင် ကြက်ပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့ရွာသားတွေက ဝက်ရော၊ ကြက်ရော၊ နွားရော အကုန်စားကြတာ များပါတယ်။

သူကြီးတူက အိမ်ထောင်ကျတော့ မီးလောင်ကုန်းက မလုံးကြည်နဲ့ အိမ်ထောင်ကျတာဗျ။ ဒီတော့ ထနောင်းကုန်းအလှူသာဆိုတယ်၊ မီးလောင်ကုန်းသားတွေရော၊ ဘန့်ဘွေးကုန်းသားတွေရော အကုန်ဆုံကြတော့တာပေါ့ဗျာ။

ဝက်သားများ ချက်ထားလိုက်တာ အိနေတာဗျို့။ ခင်ဗျားတို့မြို့တွေမှာတော့ ဝက်စတူး ခေါ်မှာပေါ့ဗျာ။ ကျုပ်တို့ရွာတွေမှာတော့ ဝက်သားဘိစပါတ် ခေါ်တာပေါ့ဗျာ။

အတုံးကြီးကြီးကို အိနေအောင် ချက်ထားတာဗျ။ ဖွန်းနဲ့ ထိုးလိုက်တာနဲ့ အိကနဲနေတာဗျ။ စားလိုက်ရင် လျှာပေါ်မှာကို အရသာစွဲနေတာဗျို့။ ကြက်သားကလည်း မြို့ကလာတဲ့ သူကြီးရဲ့ အမျိုးတစ်ယောက် ချက်ပေးတာ၊ ဘုံဘေချက်ဆိုလားပါပဲဗျာ။ ဒိန်ချဉ်တွေနဲ့ နှပ်ထားပြီးမှ ဆယ်မိနစ်ပဲ ချက်တာဗျ။ နူးအိပြီး ချိုနေတော့တာဗျာ။





ကျုပ်တို့ကာလသားအဖွဲ့လည်း အားလုံးလုပ်ကိုင်ပြီးတာနဲ့ စားကြတော့တာဗျို့။ ကျုပ်စားတာချည်း သုံးပန်းကန်ဗျ။

လူကြီးတွေပြောတဲ့ ဗိုက်ခွေနမ်းတယ်ဆိုတာ ဒါမျိုးပေါ့ဗျာ။ မြောက်ပိုင်းက ငပိန်လို့ခေါ်တဲ့ကောင်ဆိုရင် တစ်ယောက်တည်းနဲ့ကို တစ်ခွက်ချက်လောက် စားတာဗျ။ လူကသာပိန်တာ လွှတ်စားနိုင်တဲ့ကောင်ဗျ။

စားသောက်လည်းပြီးရော ငပိန်တို့ကတော့ကွာ နံရိုးကို ဖဲထီးကိုင်း ဖြစ်ရော့ဟေ့လို့ ပြောကြတာဗျို့။

ကျုပ်ကတော့ စားသောက်ပြီးတာနဲ့ နဂါးဆေးပေါ့လိပ်ကလေး မီးခတ်နဲ့ခတ်ပြီး မီးညှိတော့တာပေါ့ဗျာ။ ဗိုက်တင်းအောင်စားပြီး ဆေးလိပ်ကလေး ဖွာရတဲ့အရသာဟာ ဘယ်လောက်စည်းစိမ်ရှိတယ်ဆိုတာ ဆေးလိပ်သောက်တဲ့လူတိုင်း သိတာပေါ့ဗျာ။

ကျုပ်က ညကတည်းက အိပ်ရသေးတာ မဟုတ်ဘူးဗျ။ ထမင်းဟင်းချက်တာလည်းကူရ၊ ဒီမနက် ထမင်းကျွေးတော့လည်း ဦးဆောင်ပြီး ကျွေးရမွေးရနဲ့ လူလည်း ဖတ်ဖတ်ကို မောနေတော့တာဗျို့။

ပုဗ္ဗာရုံကျောင်းကြီးရဲ့ သရက်ပင်အုပ်ကလေးထဲမှာရှိတဲ့ သစ်သားကွပ်ပျစ်မှာသွားပြီး ကျုပ် အိပ်နေတာဗျ။ ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ဟိုတုန်းက ဆရာတော်ရဲ့ မယ်တော်ကြီး နေသွားတဲ့ နေရာလေဗျာ။ ခင်ဗျား မှတ်မိသေးလားတော့ မသိဘူးဗျ။ ကျုပ် ရေးခဲ့တဲ့ **'ကိုယ်တွေ့မဖဲဝါ'** စာအုပ်ထဲက **'သွေးစုတ်ဖုတ်ကောင်'** ဝတ္ထုထဲမှာ မယ်တော်ကြီး ဖုတ်ဝင်တာ ကျုပ် ရေးခဲ့ပြီးပါပြီ။

မယ်တော်ကြီး မရှိတော့ကတည်းက ဆရာတော်က မယ်တော်ကြီး နေခဲ့တဲ့အိမ်ကလေးကို ဖျက်ပစ်လိုက်တာ။ ဒါကြောင့် ဒီနေရာ တိတ်ဆိတ်နေပြီး သရက်ပင် တောအုပ်ကလေး ဖြစ်နေတာဗျ။ သစ်သားကွပ်ပျစ်ကလေးတစ်ခု ရှိနေတော့ ကျုပ် ဒီနေရာမှာ လာပြီးအိပ်တာလေဗျာ။

ကျောင်းကြီးပေါ်မှာတော့ တရားနာနေကြတာပေါ့ဗျာ။ ကျုပ်က စိတ်ရောလူရော ပင်ပန်းနေတော့ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားတာဗျို့။

ကျုပ်ဟောက်သံကို ကျုပ်ပြန်ကြားပြီး တစ်ခါ နှစ်ခါတောင် လန့်နိုးသွားတယ်ဗျို့။ နောက်တော့ ကျုပ် မနိုးတော့ပါဘူး။

ကျုပ် တောကြီးတစ်တောထဲမှာ လျှောက်သွားနေတာဗျို့။ ညဘက်ကြီးဗျ။ ဒါပေမဲ့ တောထဲမှာ လရောင်လေးတော့ ရှိပါတယ်။ ဒါပေမဲ့ သစ်ပင်ကြီးတွေအောက်မှာ လရိပ်ကလေး





တွေက ကွက်တိကွက်ကြားလေးတွေထိုးလို့ဗျ။

ဟာ လရောင်အောက်မှာ ကောင်မလေးတစ်ယောက်ဗျ။ ကျုပ်အရွယ်လောက်ပဲ ရှိဦးမှာ။ ဆယ့်ခြောက်၊ ဆယ့်ခုနစ်အရွယ်ပေါ့ဗျာ။ လရောင်ကွက်တိကွက်ကြား ထိုးနေကြတဲ့ သစ်ပင်ကြီးတွေအောက်မှာ တစ်လှမ်းချင်း လှမ်းလာတာဗျ။ ကောင်မလေးက တော်တော်ချောတာဗျို့။ ကျုပ်တောင် ငေးကြည့်နေမိတာ။

"ဝုန်း" "ဝုန်း"

ဟာ ကျားဗျ၊ ကျား။ ဒီကျားက ဘယ်ကရောက်လာတာတုံး။ ကျုပ်တောင် ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားတယ်။

ဟာ ကျားက ကောင်မလေးဘက်ကို တည့်တည့်သွားနေတာဗျို့။ ကျားက ဒီကောင်မလေးကို ခုန်အုပ်ဖို့ ပြင်လိုက်တယ်။

ကဲကွာ။ ကျုပ် ဘာဖြစ်သွားတယ် မသိဘူးဗျာ။ စောစောကကြောက်တဲ့စိတ်တွေ ဘယ်ရောက်သွားတယ် မသိပါဘူးဗျာ။ တစ်ရှိန်ထိုး ပြေးထွက်သွားပြီး ကိုးတောင်ကျားကြီးရဲ့နဘေးကို ဆောင့်ကန်ပစ်လိုက်တယ်။

"ပုန်း"

ကျားကြီး မြေပြင်မှာ နှစ်ပတ်လောက်ကို လိမ့်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့။ ကျုပ်ခြေထောက်ကိုတောင် မယုံသလို ဖြစ်သေးတယ်။

ကျားက ဒေါသပိုထွက်လာတာပေါ့ဗျာ။ လဲနေရာက ချက်ချင်းပြန်ထပြီး ကောင်မလေးဆီကို ပြေးတယ်။ ကျုပ်ကလည်း ပြေးပြီး ကောင်မလေးရှေ့ကနေ မားမားကြီး ရပ်နေလိုက်တယ်။

ဟာ ခုန်ဝင်လာပြီဗျို့။ ကျုပ် ကျားရဲ့ရင်ဘတ်ကြီးကို လက်သီးနဲ့ တအားထိုးပစ်လိုက်တယ်။ ကျုပ်လက်ထဲမှာလည်း ဘာလက်နက်မှ မပါဘူးလေဗျာ။

"ဘုန်း"

ဟာ မယုံနိုင်စရာပါဗျာ။ ကျားကြီး ချက်ချင်းကို လန့်ထွက်သွားပြီး နောက်ပြန်လန်ကျသွားတာဗျို့။

"တာတေ ဟေ့ကောင် တာတေ၊ အံ့မယ် ဒီကောင်က ဒီမှာလာပြီး ဇိမ်ကျနေတာပါလား၊ ဟေ့ကောင် တာတေ"

ကျုပ် လန့်နိုးသွားတယ်။ ကျုပ်တစ်ကိုယ်လုံး ချွေးတွေ ရွှဲလို့ဗျ။

ကျုပ် အိပ်မက် မက်နေတာကိုးဗျ။ အောင်မယ်လေး အိပ်မက်ထဲမှာ ကျားနဲ့ သတ်ပုတ်နေရတာကိုး။

ကျုပ် မျက်စိဖွင့်ကြည့်လိုက်တော့ ကိုဘပွားကြီးဗျ၊ မီးလောင်ကုန်းက။ ကျုပ် အိပ်နေတဲ့ ကွပ်ပျစ်ဘေးမှာ တောင့်တောင့်ကြီးရပ်လို့။





ကိုဘပွားက အရပ်ရှည်ရှည်ကြီးဗျ။ လူက ပိန်ပိန်၊ နှုတ်ခမ်းမွေးကလည်း ကုတ်ကုတ်ကြီးနဲ့။ ကျုပ်နဲ့တော့ လူခင်တွေပါ။ အသက်ကတော့ သုံးဆယ်လောက် ရှိပြီပေါ့ဗျ။

ကျုပ် မျက်စိဖွင့်ကြည့်လိုက်ပြီး. . .

"ဟာ ကိုဘပွားကြီး လာ ထိုင်လေဗျာ"

"ငါ မင်းကို လိုက်ရှာတာ ကျောင်းဝင်းတစ်ဝင်းလုံးကို နှံ့နေတာကွ၊ မင်းအိမ်လည်း ရောက်ပြီးပြီ"

ကျုပ် သူ့ကို ကြည့်လိုက်တော့ ပုဆိုးဟောင်း အင်္ကျီဟောင်းနဲ့ဗျ။ ခေါင်းပေါ်မှာ ဝါးဖတ်ဦးထုပ်ဆောင်းလို့။ ဒီလူ အလှူလာတာ မဟုတ်ဘူးထင်တယ်လို့ ကျုပ် တွေးလိုက်မိတယ်။ ကျုပ်လည်း အိပ်နေရာကနေ လူးလဲထလိုက်တယ်။ ကိုဘပွားက လည်း ကျုပ်အိပ်နေတဲ့ ကွပ်ပျစ်မှာ ဝင်ထိုင်သဗျ။

"ကိုဘပွား အလှူလာတာလား"

"ဟာ မဟုတ်ဘူးကွ၊ မင်းဆီကို သက်သက်လာတာ၊ တိစ္စရှိလို့ကွ တာတေရ"

"ဟင် ဟုတ်လား"

ကျုပ်က အင်္ကျီအိတ်ကပ်ထဲမှာ အလှူက ယူထားတဲ့ နံ့ဝါးဆေးပေါ့လိပ်ကလေး နှစ်လိပ် ရှိတာကိုထုတ်ပြီး ကိုဘပွားကို [illegible]ခတ်နဲ့ ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘပွားကလည်း လှမ်းယူပြီး မီးညှိတယ်။ သူ့ခမျာ မောလာတော့ ဆေးလိပ်ကို နှစ်ဖွာ သုံးဖွာ ဆက်တိုက်ကို ဖွာတော့တာပဲဗျို့။ ဂျော်ကတော့ စောစောက ချထားတဲ့ ဆေးလိပ်တိုကိုပဲ မီးပြန်ညှိလိုက်တယ်။

ကိုဘပွားရော ကျုပ်ရော နဂါးဆေးပေါ့လိပ်ကလေးတွေဖွာရင်း အလှူအကြောင်း ပြောကြ ဆိုကြတာပေါ့ဗျာ။ ပြီးမှ တျုပ်က. . .

"နို့ ကိုဘပွား ကျုပ်ကို လာရှာတဲ့ကိစ္စက"

ဒီတော့မှ ကိုဘပွားက ဆေးပေါ့လိပ်ကလေးကို ချထားလိုက်ပြီး ပြောတာဗျ။

"ဒီလိုကွ တာတေရ၊ ငါတို့ မီးလောင်ကုန်းမှာ လူတစ်ယောက် ရောက်နေတယ်ကွ"

"ဗျာ ဘယ်ကလူတုံး"

"မသိဘူးကွ၊ မနှစ်ကဆုံးသွားတဲ့ ကိုမြို့သာကို မေးပြီး ရောက်လာတာကွ၊ ကိုမြို့သာရဲ့ မိတ်ဆွေလို့ ပြောတာပဲ၊ အဲဒီလို ပြောပြီး မြို့သာတို့မိဘတွေအိမ်မှာ တည်းနေတာကွ"

"ဟင် ကိုမြို့သာမိဘတွေကလည်း မသိတဲ့လူကို လက်ခံရသလားဗျ"

"ဟိုလူက သူတို့သားရဲ့မိတ်ဆွေလို့ ပြောတာကို





တာတေရဲ့"

"အသက် ဘယ်လောက်ရှိပြီတုံးဗျ"

"ကိုမြို့သာတို့အရွယ်ပဲကွ၊ လေးဆယ်ကျော်လောက်ပဲရှိမယ်"

"အင်း ပြောပါဦးဗျ"

"အဲဒီမှာ တည်းခိုရင်း ရွာထဲက နေမကောင်းတဲ့လူရှိရင်ခေါ် ပေးပါ၊ ကြုံတုန်း ကျုပ်ဆေးကုပေးပါ့မယ်ဆိုလို့ တို့ရွာထဲက တချို့သွားပြီး ဆေးကုကြတယ်။ ဒီလူက ဆေးတော့ လိုက်သားတဲ့ကွ၊ သူပေးတဲ့ ဆေးလေးက နည်းနည်းလေးဆိုပဲ။ ဒါပေမဲ့ သောက်လိုက်ရင် တန်းပျောက်တာဆိုပဲ တာတေရ"

"ဩော် ဒီလူက ဆေးဆရာပေါ့"

"အေး. . . အဲဒီလို ဆေးကုရင်း ကိုမြို့သာတို့အိမ်မှာ နေတာ ဆယ်ရက်လောက် ရှိပြီတဲ့ကွ၊ ပြီးတော့ ဟိုအိမ် ဒီအိမ်က သာပင့်ရင်လည်း ကြွပြီးကုသပေးဆိုပဲ။ အဲဒီလိုသွားရင်းနဲ့ တို့ရွာတောင်ပိုင်းက ဘလေးအောင်ဆင့် သမီးလေးနဲ့ ဘာလိုလို သတင်း ထွက်လာရောဟေ့"

"ဗျာ. . . ဘယ်လိုဗျ ကိုဘပွားရဲ့"

"မင်း ဘလေးအောင်ဆင့်ကို သိတယ်မို့လား"

"သိတယ်လေဗျာ၊ သူတို့မှာ သမီးရှိလို့လားဗျ၊ သားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိတာမို့လား"

"ဟာ တာတေကလည်း ရှိတယ်လေကွာ၊ တရုတ်မလို့ ခေါ်တဲ့ ကလေးမလေးလေ"

"ဟင် ဘယ်အရွယ်တုံးဗျ"

"ဟ မင်းတို့အရွယ်ပေါ့ကွ၊ ဆယ့်ခုနစ်လောက် ရှိရောပေါ့"

"ဪ ပြောပါဦး ကိုဘပွားရဲ့၊ အဲဒီဆရာနဲ့ တရုတ်မနဲ့က ဘာဖြစ်တာတုံး"

"ရွာကလူတွေ ပြောတာတော့ ဆေးမိထားတယ်လို့ ပြောတယ်ကွ၊ ကောင်မလေးက ဒီဆရာကို မတွေ့ရရင် မနေနိုင်အောင် ဖြစ်နေတာဆိုပဲ။ အခုတော့ ဒီဆရာကို ရွာကနေ ထွက်ခိုင်းလိုက်ပြီ၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောတာတော့ မဟုတ်ဘူးပေါ့ကွာ၊ ဥပါယ်တံမျဉ်နဲ့ လှည့်ပြောရတာပေါ့။ ဒီဆရာကလည်း သဘောပေါက်ပုံရပါတယ်။ ရွာကနေ ထွက်သွားတယ်"

"ဒါဆိုလည်း ပြီးရောပေါ့ဗျာ"

"ဟာ မပြီးဘူးကွ တာတေရ၊ မပြီးလို့ မင်းဆီကို ငါလာရတာပေါ့ကွ၊ အဲဒီဆရာက သချိုင်းကုန်းထဲက ဇရပ်မှာ သွားနေတာကွ၊ ကောင်မလေးကလေ အိမ်မှာထိန်းမနိုင်အောင် ဖြစ်နေပြီ၊ အခန်းထဲထည့်ပြီး ကြိုးနဲ့ကိုတုတ်ထားရတာ တာတေရ"





"ဟာ ဒီလောက်ကို ဆိုးသွားတာလား"

"အေးကွ၊ ဒီတော့မှ ဒီဆရာဟာ ကဝေလား အောက်လမ်းလားဆိုပြီး ပွစိ ပွစိနဲ့ ပြောကြဆိုကြတော့တာပေါ့ကွာ၊ နောက်ဆုံးတော့ ဘာဆက်လုပ်ရမှန်း မသိတာနဲ့ တာတေ သွားခေါ်ဆိုပြီး ငါ့ကို လွှတ်လိုက်တာပေါ့၊ ဒါကြောင့် မင်းကို ငါလိုက်ရှာနေတာကွ"

ကျုပ် ကိုဘပွားပြောတာကို နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း စဉ်းစားနေတာဗျ။ ကျုပ်လည်း ကဝေတွေ အောက်လမ်းတွေ တွေ့ခဲ့ဖူးပါပြီ။ အရိုးမယ်ခ ရှိတုန်းက ကဝေတစ်ယောက်ရောက်လာပြီး ဒီအချိုးမျိုးပဲဗျ ချိုးသွားတာ။ အရိုးမယ်ခနဲ့ ပညာတွေ ပြိုင်ကြပါရောလား။ ခင်ဗျား မှတ်မိမှာပါ။ ကျုပ် ရေးခဲ့တဲ့ **'စုန်းမ'** ဝတ္ထုလေဗျာ။ အရိုးမယ်ခအကြောင်း ကျုပ်ရေးထားတာလေဗျာ။ နောက်တစ်ခါ ကျုပ်ရည်းစားလှယဉ်နဲ့ ကဝေတစ်ယောက်နဲ့ ပညာပြိုင်ခဲ့တဲ့အကြောင်းမှာလည်း **'ကဝေမျိုးရဲ့အချစ်'** ဝတ္ထုမှာ ကျုပ် ရေးခဲ့ပြီးပြီလေဗျာ။

ခုဟာက အရိုးမယ်ခလည်း မရှိတော့ဘူး။ လှယဉ်လည်း မရှိတော့ဘူး။ ဒီတော့ ဖိုးမှလာင်ကုန်းကို ရောက်လာပြီး ဘလေးအောင်ဆင့်ရဲ့ သမီးလေးကို မဟုတ်မဟတ် ကြံစည်နေတဲ့ ဒီကဝေကို ကျုပ် ဘယ့်နှယ်လုပ် ရှင်းရမှာတုံး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကျုပ်တွေးမိတယ်။ မနက်ဖြန်ညကျမှပဲ မဖဲဝါကိုပင့်ပြီး အကျိုးအကြောင်း မေးမယ်လို့ပေါ့ဗျာ။

"ကဲ ကိုဘပွား ဒီလိုလုပ်ဗျ၊ ကျုပ် မနက်ဖြန်မှ မီးလောင်ကုန်းကို လာခဲ့မယ်၊ အဲဒီရောက်မှပဲ အခြေအနေကို ကြည့်လုပ်ကြတာပေါ့ဗျာ"

နဂါးဆေးပေါ့လိပ်ကလေးကို ဖိမ်ခံသောက်နေတဲ့ ကိုဘပွားက ကျုပ်ကို ဆတ်ခနဲ လှမ်းကြည့်ပြီး. . .

"အေး ဟုတ်ပြီ တာတေ၊ ဒီအလုပ်ကို ဒီနေ့ လက်စသိမ်းလုပ်ကိုင်ပေးရမယ့်ကိစ္စက ရှိသေးတာကို"

"ဟုတ်တယ်ဗျ၊ ကိုဘပွားရဲ့၊ ဒါကြောင့် ကျုပ် ချက်ချင်းထ,မလိုက်တာပါ"

"အေးပါ တာတေရာ၊ ငါ နားလည်ပါတယ်ကွာ၊ မနက်ဖြန်လာမယ်ဆိုကတည်းက ငါက ဝမ်းသာနေပါပြီကွ"

နောက်တော့ ကိုဘပွားနဲ့ ကျုပ်နဲ့ စကားစမြည်ပြောကြတာပေါ့ဗျာ။ နေတော်တော်လေးချိုတော့မှ ကိုဘပွား ပြန်သွားတယ်။ ကျုပ်လည်း ဘုန်းကြီးကျောင်းမှာ သိမ်းစရာလေးတွေ ကူပြုပြီး သိမ်းရဆည်းရတာပေါ့ဗျာ။

ကျုပ် အိမ်ပြန်ရောက်တော့ကိုပဲ ဆယ်နာရီထိုးပြီဗျ။ ကျုပ်ရောက်တော့ အဘနဲ့ အမေတောင် အိပ်နေကြပြီ။ ကျုပ်





လက်၊ ခြေထောက်ကလေးတွေ ဘာလေးဆေးပြီး အိပ်ရာဝင်လိုက်တယ်။

ကျုပ် မီးလောင်ကုန်းသင်္ချိုင်းထဲကို ရောက်နေတာဗျို့။ ကျုပ်က ဇရပ်ပေါ်က ကဝေကို လိုက်ရှာနေတာ။ သင်္ချိုင်းကြီးတစ်ခုလုံး မှောင်ပိန်းနေတာဗျ။ ကြယ်ရောင်လေးပဲရှိတာ။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

ညငှက်တစ်ကောင် အသံဆိုးကြီးနဲ့ အော်လိုက်တဲ့အသံက သင်္ချိုင်းရဲ့ စနေထောင့်က ရုတ်တရက်ကြီး ထွက်လာတာ။ ကျုပ်ဖြင့် ကျောထဲမှာ စိမ့်ကနဲဖြစ်ပြီး ကြက်သီးတွေ ဖြန်းကနဲထသွားတာဗျို့။

ကဝေက ဘာတွေလုပ်နေတယ် မသိဘူးဗျ။ လူခေါင်းခွံဖြူဖြူကြီးတစ်ခုပေါ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းထားတယ်။ သူက အဲဒီရှေ့မှာ တင်ပလ္လင်ခွေထိုင်ပြီး ပါးစပ်က ဂါထာလိုလို မန္တန်လိုလိုတွေ ရွတ်နေတာဗျ။

ဟော လက်ထဲက ဘာမှုန့်တွေမှန်း မသိဘူးဗျ၊ ဖယောင်းတိုင်မီးထဲကို ပစ်ထည့်လိုက်တယ်။

"ဝုန်း"

ဟာ မီးလုံးကြီး ထသွားတာဗျို့။ ဇရပ်ခေါင်မိုးကို သွားဆိပြီးမှ ငြိမ်းသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မန်ကျည်းပင်ကြီးနောက်က ကွယ်ပြီး ကြည့်နေတာလေဗျာ။ ဒီလူကတော့ ကျုပ် ရောက်နေတာ ဘယ်သိမှာတုံး။ သူ့ကိစ္စကိုပဲ သူမပြီးလုပ်နေတာဗျို့။

"ဟဲ့ တာတေ၊ နင် ဒီကဝေကောင်ကို လာကြည့်နေတာလား"

ကျုပ်နောက်က ရုတ်တရက် ထွက်လာတဲ့ အသံကြောင့် ကျုပ် နောက်ကို ဆတ်ကနဲ လှည့်ကြည့်လိုက်တယ်။

"ဟင်"

ကျုပ်နဲ့ နှစ်ပေအကွာလောက်မှာ ရပ်နေတဲ့ ကောင်မလေးတစ်ယောက်ဗျ။

"နင် ငါ့ကို မှတ်မိသားပဲ"

'မဖဲဝါရဲ့အိမ်' မှာတွေ့တဲ့ ကောင်မလေးလေဗျာ။ ကျုပ် အရွယ်နဲ့ မတိမ်းမယိမ်းလေ။ ခင်ဗျား မှတ်မိတယ်မို့လား။ မဖဲဝါပေါ့ဗျာ။ ဘယ်သူရှိဦးမှာတုံး။

"မဖဲဝါ ဒီကဝေက မီးလောင်ကုန်းက ကောင်မလေးတစ်ယောက်ကို ဒုက္ခပေးနေတယ်ဗျ"

"ဟုတ်တယ် တာတေ၊ ငါသိတယ်၊ ဒီအကောင် ဒီနယ်ကို ဝင်လာကတည်းက ငါကြည့်နေတာ၊ အဲဒီကလေးမလေးမှာ ဒီအကောင်ရဲ့ပညာ စူးနေပြီ"





"ကယ်ပါဦး မဖဲဝါရယ်၊ ကျုပ်တော့ ဘယ်လိုလုပ်ရမှန်းကို မသိတော့တာဗျ"

"တာတေ ဒီကောင်က သာမန်ကဝေ မဟုတ်ဘူး၊ ကောင်းကင်ကြိုး နင်းနိုင်တဲ့ ကဝေဟဲ့"

"ဗျာ ကောင်းကင်ကြိုးဆိုတာ ဘာတုံးဗျ"

"တာတေ နင်ကလည်း ဆရာကြီးတွေတပည့်လုပ်ပြီး လေ့လာထားမှပေါ့၊ ကဝေတွေမှာ ဆင်ကဝေတို့၊ နဂါးကဝေတို့၊ နတ်ကဝေတို့ ရှိတယ်။ ဒီကဝေတွေက ကောင်းကင်ပေါ်ကို စက်တွေလွှတ်ပြီး စက်ဆင်နေလို့ရတယ်။ တချို့က ကြိုးဆင်ပြီး နေလို့ရတယ်။ တချို့ကတော့ အဆင့်တော်တော်မြင့်တာ။ စက်ရော၊ ကြိုးရော ဆင်နိုင်တဲ့ကောင်ဟဲ့ တာတေရဲ့။ ဘယ်သူ့မှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး၊ သူ့စက်နဲ့ ထိသွားရင်လည်း တော်ရုံတန်ရုံ ဆရာ မခံနိုင်ဘူး"

"ဟာ ကြောက်စရာကြီးပါလားဗျာ၊ ဒီတစ်ခါတော့ ဒုက္ခရောက်ပြီထင်တယ် မဖဲဝါရယ်"

မဖဲဝါက ကျုပ်ကို မျက်စောင်းထိုးကြည့်တယ်။ လေအေးတစ်ချက် ဝေ့သွားတဲ့အချိန်မှာ ဖားလျားချထားတဲ့ သူ့ဆံပင်လေးတွေ လေမှာလွင့်သွားတယ်။ ပြီးတော့ သူ့ခေါင်းမှာ ပန်ထားတဲ့ ပန်းပွင့်ဝါဝါလေးက ခေါင်းပေါ်ကနေ လွင့်ကျသွားတယ်။ မဖဲဝါ



www.burmeseclassic.com

www.burmeseclassic.com



က ကျသွားတဲ့ ပန်းအဝါပွင့်လေးကို လက်နဲ့ ဖျတ်ကနဲ ဖမ်းလိုက်တယ်။

"ဟာ"

ပန်းအဝါပွင့်လေးက သူ့ခေါင်းမှာ ပန်ပြီးသား ပြန်ဖြစ်နေရောဗျို့။

"သူက ဆင်ကဝေပဲဖြစ်ဖြစ်၊ နဂါးကဝေပဲဖြစ်ဖြစ်၊ ငါက မယ်တော်လေးပါးရဲ့ လျှို့ဝှက်အစေအပါးဟဲ့၊ ပြီးတော့ မြောက်ဘက်ရှင်မရဲ့ ပညာဗူးကို စောင့်ရတဲ့သူ။ ကာမေသုမိစ္ဆာကံကို အကြိမ်ကြိမ် ကျူးလွန်နေတဲ့ ဒီကဝေကို လက်စတုံးဖို့ မယ်တော်တွေရဲ့ အမိန့်ရပြီးသား တာတေရဲ့၊ ပြီးတော့ ဒီအကောင်နဲ့ယှဉ်ဖို့ စက်၊ ကြိုး၊ ယန္တရားအတတ်တွေ ငါ့မှာရှိတယ်၊ မြောက်ဘက်ရှင်မရဲ့ ပညာဗူးကို စောင့်ရှောက်ဖို့ ရှင်မကိုယ်တိုင် ငါ့ကို အပ်နှင်းထားတာ"

"ဟာ အားရှိလိုက်တာ မဖဲဝါရယ်"

"နင် နားထောင်၊ မနက်ဖြန်ည ဒီအကောင် ကလေးလေးကိုခေါ်ပြီး ဒီနယ်ကနေ အပြီးသွားတော့မှာ"

"ဗျာ ဒါဆို ဘယ်လိုလုပ်ရမလဲ မဖဲဝါ"

"မနက်ဖြန်ည ဒီအကောင် ပြေးတဲ့လမ်းမှာ နင်က ပိတ်ကာထား"





"ဟာ မဖဲဝါ ကျုပ်က ဘာပညာမှ တတ်တာမှ မဟုတ်တာ၊ သူလုပ်လိုက်ရင် ကျုပ် သေရုံရှိတော့မပေါ့"

"နင့်ဆရာ ချီးမြှင့်ထားတဲ့ သံကဝေရုပ်ကလေး ယူခဲ့၊ ဓါးထာနဲ့ နှိုးထား၊ နင့်ကို ဘာစက်မှ မထိနိုင်ဘူး၊ ငါ ချက်ချင်း ရောက်လာပြီး နင့်နောက်က ဝင်တိုက်မယ်"

"ဪ ဒီလိုလား၊ တာတေတို့က ဒါမျိုးဆိုလို့ကတော့ ဘယ်တော့မှ လက်လွှတ်မခံဘူးဗျို့"

"နင် မနက်ဖြန်ည ကိုးနာရီတိတိကို ရောက်အောင်လာ၊ ရွာအနောက်တံခါးကစောင့်၊ ကလေးမလေးကို ဒီကဝေကောင် အနောက်တံခါးက ခေါ်ထုတ်မှာဟဲ့ တာတေ"

"ကျုပ် ဆက်ဆက်လာမှာ၊ ဆက်ဆက်လာမှာ"

"ဟဲ့ တာတေ၊ ဘယ်ကိုများ ဆက်ဆက်လာမှာတုံး၊ မိုးလင်းပြီ ထတော့၊ နင့်အဘတောင် ယာထဲ သွားပြီ"

အမေ့အသံကြားတော့မှ ကျုပ် လန့်နိုးသွားတာဗျို့။ ထိုတော့မှ အိပ်မက်မှန်း ကျုပ်သိတာ။ ကျုပ်အိပ်ရာထဲမှ ငုတ်တုတ် ထိုင်ပြီး အိပ်မက်ကို ပြန်တွေးတာပေါ့ဗျာ။

အိပ်မက်ထဲမှာတော့ ကျုပ်က တော်တော်ကို အားရှိသွား တာဗျ။ အခုတော့ အိပ်မက်မှန်းသိပြီး တော်တော်ကို စိတ်ဓာတ် ကျသွားတာ။



www.burmeseclassic.com

ဒီအိပ်မက်က မဖဲဝါပေးတဲ့ အိပ်မက်လား၊ ဒါမှမဟုတ်[illegible] ရင် မနေ့က ကိုဘပွား ပြောတာကို ကျုပ် စိတ်စွဲသွားတာလ[illegible] ဆိုတာ ဝေခွဲမရအောင် ဖြစ်နေတာဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ညည်းသံလိုလို အသံဗျ။ ကျုပ် အိပ်ရာခေါင်းရင်း[illegible] ချိတ်ထားတဲ့ ဆေးလွယ်အိတ်ထဲက ထွက်လာတဲ့ အသံဗျ။ လွ[illegible] အိတ်ရဲ့ ဘေးကပ်အိတ်ထဲမှာ ထည့်ထားတဲ့ မဖဲဝါအရုပ်က[illegible] ကထွက်လာတဲ့ အသံပဲဗျ။

ကျုပ် တော်တော်တောင် အံ့ဩသွားတာဗျို့။ ဒါဆို[illegible] တော့ ကျုပ်ကို မဖဲဝါ သတိပေးနေပြီ။ ညက ကျုပ်မက်[illegible] အိပ်မက်ဟာ မဖဲဝါပေးတဲ့ အိပ်မက်ဆိုတာ သေချာပြီဗျ။

ကျုပ် ဆုံးဖြတ်လိုက်ပြီ။ ဒီနေ့ ကျုပ် မီးလောင်ကုန်း[illegible] သွားမယ်။ ကိုဘပွားတို့နဲ့ တွေ့မယ်။ ပြီးရင် ညကိုးနာရီမှာ မဖဲ[illegible] ပြောတဲ့အတိုင်း မီးလောင်ကုန်းအနောက်တံခါးကနေ က[illegible] စောင့်မယ်။

ညနေလေးနာရီလောက်မှာ ကျုပ် မီးလောင်ကုန်း[illegible] ရောက်တယ်။ ကိုဘပွားနဲ့ ကာလသားတွေ ကျုပ်ကို စောင့်နေ[illegible] တယ်။

"ဟာ တာတေရာ မင်း လာမှလာပါ့မလားလို့ကွာ၊ [illegible]ဒါတို့ ဒီအကြောင်းကို ပြောနေတာကွ"

"ဟာ ကိုဘပွားကြီးကလည်း ကျုပ်က လာမယ်ဆို [illegible]ထားတာပါဗျ"

ကျုပ် ကိုဘပွားတို့ဝိုင်းထဲက သူတို့ထိုင်နေတဲ့ တန်းလျား [illegible]ခဲ ဝင်ထိုင်လိုက်ရောဗျ။ ကျုပ်တို့ အညာမှာက အိမ်ကြီးအောက် [illegible]မှာ တန်းလျားနဲ့ စားပွဲခုံချနေကျကိုးဗျ။

"ဒီလိုကွ တာတေရ၊ မနေ့က မင်းဆီကို ငါလာတုန်းက [illegible]တောင် တရုတ်မအခြေအနေက ဒီလောက်မဆိုးသေးဘူးကွ၊ [illegible]နေ့ တော်တော်ဆိုးလာတယ်။ မနက်ကလည်း ငိုချည်းနေတာ [illegible]ကွ၊ လာပါပြီ ဆရာ၊ ကျွန်မ လာပါပြီလို့ ထထအော်သတဲ့ကွ"

"ဟင် ဟုတ်လား၊ ဒီကဝေရဲ့ဆေးက တော်တော်ကို [illegible]မယ့်ပုံပဲဗျ"

ကျုပ်ကလည်း ပါးစပ်က လွှတ်ကနဲ ပြောလိုက်တာဗျို့။

"ဟေ ကဝေ ဟုတ်လား တာတေ၊ ဒီလူကို သချိုင်းကုန်း [illegible]မှာ မင်း သွားကြည့်လာလို့လား"

ကျုပ်လည်း ဘာပြောရမှန်း မသိဘူးပေါ့ဗျာ။ နောက် [illegible]တော့လည်း ကျုပ် တွေးမိတယ်။ အနည်းအကျဉ်းတော့လည်း [illegible]တို့ကို ပြောထားဦးမှပေါ့ဗျာ။

"ဒီလို ကိုဘပွားရေ ဒီအကြောင်းတွေကို မဖဲဝါပြောလို့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သိတာပါ"

"ဟေ တာတေရာ၊ မဖဲဝါက မင်းကိုတော့ လွှတ်စော

ရှောက်တာကွာ"

"အင်း အဲဒီလိုပဲဖြစ်မှာပေါ့ဗျာ၊ မဖဲဝါပြောတာက ဒီကေ

တ ကောင်းကင်မှာ စက်ရော ကြိုးရော နင်းနိုင်တယ်ဆိုပဲဗျ"

"ဟေ ကောင်းကင်မှာ စက်တွေ ကြိုးတွေ နင်းတယ်

တာ ဘာလုပ်တာတုံးကွ တာတေရ"

ကိုဘပွားကချည်း ဒိုင်ခံမေးနေပေမယ့် ကျန်တဲ့ကာလ

သားတွေကလည်း အားလုံးငြိမ်းပြီး နားထောင်နေတာ

အသက်ရှူသံတွေတောင် ကြားရတော့မတတ်ပဲဗျို့။

"စက်တို့ ကြိုးတို့ ဆိုတာက သူတို့ရဲ့ မျက်စိတွေ၊ ပါး

တွေ၊ လက်တွေကနေ ထွက်လာတဲ့ အခိုးအငွေ့တွေ အရော

တွေကို ပြောတာဗျ။ အဲဒီစက်တွေ ကြိုးတွေကို ကောင်းကင်

ဆင်ပြီးတော့ သူတို့ပါ တက်နေနိုင်တယ်တဲ့ဗျာ"

"ဟာ ကဝေဆိုတာ ဒီလောက်တောင် စွမ်းသကိုး

တာတေရ၊ မင်းဟာက ကြောက်စရာကြီးကွာ၊ နို့ ဒါဆိုရင်

ဘာဆက်လုပ်မတုံး"

"မပူပါနဲ့ဗျာ၊ ဒီည ကျုပ်တို့မှာ အစီအစဉ် ရှိပါတယ်

"ဟေ ဟုတ်လား၊ ကျုပ်တို့ဆိုတာက မင်းနဲ့ ဘယ်သူ





ပါသေးလို့တုံး"

"ဟာ ကိုဘပွားကလည်း မဖဲဝါလေဗျာ"

"ဟာ"

ဒီတော့မှ အားလုံးငြိမ်သွားတာဗျ။ ကျုပ်လည်း ဒီတော့မှ နဂါးဆေးပေါ့လိပ်ကလေးကို မီးခတ်နဲ့ညှိပြီး ဖွာရတော့တာပေါ့ဗျာ။

အဲဒီနေ့ညနေစာကို ကိုဘပွားတို့အိမ်မှာပဲ ကျုပ် စားလိုက်တယ်။ စားတော့သာ ကိုဘပွားတို့အိမ်ပါဗျာ။ တစ်ရွာလုံးက ဟိုက ဟင်းတစ်ခွက်လာပို့ ဒီက ဟင်းတစ်ခွက်လာပို့နဲ့ ဘုန်းကြီးဆွမ်းကပ်ထက်တောင် များပါသေးရောဗျာ။ ဒါနဲ့ပဲ ရွာထဲက တာလသားတွေပါ ကိုဘပွားတို့အိမ်မှာပဲ စားကြရောဗျို့။ မီးလောင်ကုန်းတစ်ရွာလုံးကလည်း ကျုပ်နဲ့က လူခင်တွေချည်းပဲလေဗျာ။

"မောင်တာတေ ရောက်နေတယ်ဆိုလို့ ဘလေး လာခဲ့တာ၊ ဘလေးအိမ်ကို လာခဲ့ပြီးရောကွာ"

တရုတ်မရဲ့အဖေ၊ ဘလေးအောင်ဆင့်ဗျ။ ကျုပ်ရောက်နေတယ်ကြားလို့ ကိုဘပွားတို့အိမ်ကို ရောက်လာတာ။

ဘလေးအောင်ဆင့်ကို ကိုဘပွားက အကျိုးအကြောင်းတွေ ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘလေး ဝမ်းသာလိုက်တာကွာ၊ မင်းတို့လူငယ်တွေကို ဘလေး ကျေးဇူးတင်ပါတယ်ကွာ"

ဘလေးအောင်ဆင့်က ပြောရင်း မျက်ရည်တောင်လည် လာတာဗျ။

"ဘလေး ဒီညတော့ သူသေ ကိုယ်သေ လုပ်ကြရလိမ့်မယ်ဗျ၊ ဒါပေမဲ့ ဘလေး ဘာမှမပူနဲ့၊ ကျုပ် ဒီကဝေကို ရအောင် သတ်ပစ်မှာပါ"

"အေးကွယ် မောင်တာတေရယ်၊ ဒီလိုလူမျိုးဟာ လူ့လောကမှာ ရှိကို မရှိသင့်တော့တာပါကွာ၊ ရှိနေရင်လည်း ဘာမှ ကောင်းကျိုးပေးမယ့်ကောင်တွေ မဟုတ်ပါဘူးကွာ"

"စိတ်ချ ဘလေး၊ မဖဲဝါ ပြောသလိုဆိုရင် ဒီကဝေကို ကိစ္စတုံးပစ်ဖို့ မယ်တော်လေးပါးကလည်း ခွင့်ပြုထားပြီဆိုပဲဗျ"

"နေ့ နေပါဦး ကိုကြီးတာတေရ၊ ကျုပ် နားမလည်လို့ တစ်ခုလောက် မေးပါရစေဦးဗျ"

"ဟေ မေးလေ ဖိုးဝရဲ့၊ မင်းအစ်ကို စိန်ရိုးရော မပါဘူးလားကွ"

"ကိုစိန်ရိုး တောတက်သွားလို့ဗျ"

"ဩော် အေး မေးပါဦးကွ ဖိုးဝရဲ့"

"မဖဲဝါက သရဲမဆို၊ ကဝေကြီးကို ယှဉ်ပြီးတိုက်ခိုက်လို့





ရပါ့မလားဗျ၊ ကဝေတွေကသာ သရဲတွေကို ခိုင်းတာစေတာ မဟုတ်လား"

"ဟာ ဖိုးဝရဲ့၊ မင်းပြောတာ ဟုတ်တယ်ကွ၊ ကဝေတွေကသာ သရဲကိုခိုင်းတာ စေတာပေါ့။ ဒါပေမဲ့ မဖဲဝါဆိုတာက သာမန်သရဲမျိုး မဟုတ်ဘူးကွ၊ လူဘဝတုန်းက အင်းကြီးတွေ လုပ်ခဲ့တဲ့ အကုသိုလ်ကြောင့်သာ သရဲဖြစ်နေပေမယ့် ကောင်းမှုကုသိုလ်တွေလည်း အများကြီး လုပ်ခဲ့တာကွ။ ဒီတော့ သူ့မှာက တာမဇိတ္တိလို့ခေါ်တဲ့ အစွမ်းတွေရှိတယ်၊ ဥပမာကွာ သူ့ရုပ်ကို ပြောင်းလွဲပစ်နိုင်တယ်။ မင်းတို့ ငါတို့အရွယ် ကောင်မလေး တစ်ယောက်ကိုလည်း ဖန်ဆင်းနိုင်တယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ ပုံပန်းသဏ္ဍာန်ကိုလည်း လုပ်ယူနိုင်တယ်။ ပြီးတော့ နာနာဘာဝ တော်တော်များများကို သူခေါ်ပြီး ခိုင်းစေနိုင်တယ်။ အချို့ပုဂ္ဂိုလ်ကြီးတွေ၊ မယ်တော်တွေက စေခိုင်းတဲ့ကိစ္စတွေကိုတောင် သူဆောင်ရွက်ပေးနိုင်တယ်ကွ"

"ဩော် ဒီလိုကိုး"

ညရှစ်နာရီထိုးတော့ စကားဝိုင်းကိုဖြတ်ပြီး ကျုပ်တစ်ယောက်တည်း ရွာပြင်ကို ထွက်လာခဲ့တယ်။ ကျုပ်မှာ ဆရာတွေ ချီးမြှင့်ထားတဲ့ ဆေးတော်၊ အင်းတော်တွေ၊ နာနာရုပ်တွေ အားလုံးပါလာတယ်။ ပြီးတော့ မဖဲဝါ ပေးထားတဲ့ ကိုယ်ခွဲရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးလည်း ပါတယ်ဗျ။ ဒီအရုပ်ကလေးပါမှ မဖဲဝါပြောတဲ့ အသံကို ကျုပ် ကြားရတာလေဗျာ။

ကိုဘပွားတို့က ကျုပ်နဲ့လိုက်ဖို့တော့ ပြောသားဗျ။ ဒါပေမဲ့ သူတို့ကို ခေါ်လာလို့ မဖြစ်ဘူးလေဗျာ။ အန္တရာယ်များတယ်ဗျ။ ရွာကိုပဲ စောင့်ရှောက်ဖို့ ကျုပ် မှာခဲ့ရတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

"အား၊ အား၊ အား၊ အား"

ကျုပ် အနောက်ဘက်တံခါးနဲ့ မလှမ်းမကမ်းက ထန်းပင် တန်းလေးဘက်ကနေ ငြိမ်ပြီးစောင့်နေတာဗျို့။ မီးလောင်ကုန်း ရွာထဲက ခွေးအူသံတွေ၊ ကျီးဟိုးသံတွေ၊ ငှက်တွေ လန့်ပျံတဲ့အသံ တွေ ရုတ်တရက်ကြီး ထွက်လာတာဗျ။ ကျုပ်တောင် လန့်သွား တယ်။ မီးလောင်ကုန်းသားတွေလည်း လန့်ကြမှာပေါ့ဗျာ။ နာရီ ကြည့်တော့ ဆယ်နာရီထိုးတော့မယ်ဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟော လူတစ်ယောက် ပြေးလာတာဗျ။ ကျုပ် ပုန်းနေတဲ့ ထန်းပင်တန်းလေးဘက်ကို ပြေးလာတာ။ ဒီလူ ကျုပ်ကိုတော့ မမြင်ဘူးဗျ။

ဟာ လွယ်အိတ်တစ်လုံး စလွယ်သိုင်းလွယ်လို့ဗျ။ ခေါင်း





ပေါ်မှာ သျှောင်ထုံးကြီးနဲ့ဗျ။ နှုတ်ခမ်းမွေးကလည်း ကားကားကြီး ဗျာ။ ကေန္တ ဒီလူပဲ ဖြစ်မယ်ဗျာ၊ မဖဲဝါပြောတဲ့ ကဝေဆိုတဲ့လူ။

ဟော ဒီလူ ရွာအနောက်ဘက်တံခါးကို တန်းပြေးတာဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟာ ရွာထဲက ခွေးအကောင်နှစ်ဆယ်လောက် တစ်ပြိုင် တည်း အူနေတဲ့အသံကြီးကလည်း ကြောက်စရာကြီးပါဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော ဒါကတော့ မဖဲဝါရဲ့ခွေးကြီးအူတဲ့ အသံပဲဗျို့။ မဖဲဝါလည်း လာပြီပဲ။ ဒီတော့မှ ကျုပ်လည်း အားတက်လာတာ ပေါ့ဗျာ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင် လိုက်ဟေ့ လိုက်ဟေ့၊ လိုက်ကြဟေ့"

ဟာ ရွာထဲက သံချောင်းခေါက်သံတွေ ညာသံပေးပြီး အော်တဲ့အသံတွေ ထွက်လာတာဗျ။

"တရုတ်မ ပါသွားပြီဟေ့၊ ကြိုးတွေ အလိုလိုဖြတ်ထွက် သွားတာကွ"

"ဟေ ဘယ်ကို ပါသွားတုံး"

"မည်းမည်းအရိပ်ကြီးလိုဟာကြီးက ထမ်းခေါ်သွားတာပဲ ကွ"



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲက ခွေးအူသံ၊ သံချောင်းခေါက်သံနဲ့အတူ အော်ပြောတဲ့အသံတွေပါ ကျုပ် ကြားနေရတာဗျ။ ကျုပ်က ကိုဘပွားတို့အိမ်က မထွက်ခင်ကတည်းက မျက်ကွင်းဆေး ကွင်းပြီးသားဗျ။ ကျုပ် မဖဲဝါကို လိုက်ရှာတယ်။ ဟော ထန်းပင်ကြီးတွေနဲ့ ရောနေတာဗျ။ အရပ်ကြီးက ထန်းပင်ကြီးလောက်ကို မြင့်နေတာဗျို့။ သူ့ခွေးကြီးတွေကို တွေ့လိုက်လို့သာ သူ့ကို တွေ့သွားတာဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟာ ခြေသံကြီးဗျ။ ရွာထဲက ပြေးလာတဲ့အသံပဲဗျ။ ဒီခြေသံကြားရတာ အကောင်တော်တော်ကြီးမယ့်ပုံပဲဗျ။

ဟော ထွက်လာပြီဗျို့။ ထွက်လာပြီ။ ရွာနောက်ပေါက်ကနေ မည်းမည်းအကောင်ကြီးတစ်ကောင် ထွက်ပြေးလာတာဗျို့။ သူ့ပခုံးပေါ်မှာလည်း တစ်ခုခုထမ်းလာတဲ့ပုံပဲဗျ။ စောစောက ရွာထဲက အော်သံတွေအရ ဆိုရင်တော့ ဒီသဘက်လိုအကောင်ကြီးထမ်းလာတာ ဘလေးအောင်ဆင့်ရဲ့ သမီးလေးပဲ ဖြစ်မှာပဲ။ တော်တော်အကြံပက်စက်တဲ့ ကဝေပါပဲလား။ ကျုပ် သွေးတွေဆူသွားတယ်။ ပညာတွေဘာတွေ ဘေးဖယ်ပြီး ဒီအတိုင်းကို ဓားနဲ့ ဝင်ပိုင်းပစ်လိုက်ချင်တာဗျို့။

ဟိုကဝေကောင် ရပ်နေတဲ့ဘက်ကို မည်းမည်းအကောင်ကြီး ပြေးလာတာဗျို့။





"ဟား၊ ဟား၊ ဟား၊ ဟား ငါ့အကောင်ကြီး တော်လှချည်လားကွ၊ ဒါကြောင့်လည်း ဆရာက မင်းကို အားကိုးတာကွ၊ မင်း သိပ်စားချင်တဲ့ အမဲသားတွေ၊ နွားတစ်ကောင်လုံးကို စားရစေမယ်၊ ဟား၊ ဟား၊ ဟား"

ကလေးမလေးကို သဘက်ကြီးက မြေကြီးပေါ်ကို ချထားလိုက်တယ်။ ကလေးမလေးက သတိလုံးဝလစ်နေတဲ့ပုံပဲဗျ။ ဟော ကဝေကောင်က ကလေးမလေးကို ကောက်ပွေ့ပြီး သူ့ပခုံးပေါ်မှာ ထမ်းလိုက်တယ်။ ပြီးတော့ ကျုပ်ပုန်းနေတဲ့ ထန်းပင်ဆောက ယာခင်းထဲကို ဖြတ်ပြေးရောဗျို့။

သဘက်ကောင်ကြီးက ချာကနဲလှည့်ပြီး ထွက်ပြေးသွားပြီဗျ။ ဆရာတပည့်နှစ်ယောက် တစ်ယောက်တစ်လမ်း သွားမယ့်ပုံဗျ။

ကျုပ်ကို မဖဲဝါ မှာထားတဲ့အတိုင်း လွယ်အိတ်ထဲက သံကဝေရုပ်ကလေးကို ထုတ်ယူလိုက်တယ်။ ပြီးတော့ အနှိုးဂါထာကို ပါးစပ်က ရွတ်ရင်း ယာခင်းထဲကို ပြေးထွက်လိုက်တယ်။ ကလေးမလေးကိုထမ်းပြီး ပြေးလာတဲ့ ကဝေရဲ့ရှေ့ကနေ ကျုပ် ပိတ်ပြီးရပ်လိုက်တယ်။

ကျုပ်ကိုတွေ့တော့ ကဝေကောင်က တုံ့ကနဲရပ်လိုက်တယ်။ သူနဲ့ ကျုပ်နဲ့ ပေနှစ်ဆယ်လောက်တော့ ကွာမှာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ရုပ်စမ်း၊ ခင်ဗျားအကြံ ဒါအကုန်ပဲလား"

ကျုပ်က သံကဝေရုပ်ကလေးကို လက်ထဲမှာ တင်းတင်း ဆုပ်ထားပြီး လှမ်းမေးလိုက်တယ်။

"အောင်မာ ရာရာစစ၊ မလောက်လေး မလောက်စား ကောင်ကများ ငါ့ကို ဟန့်တားနေရသေးတယ်၊ ငါ့နာမည် မင်းမှတ်ထားလိုက်၊ ဆယ့်နှစ်ကြိုးငမိုးဆိုတာ ငါပဲကွ၊ ကလေးမသာ ဖြစ်မကျန်ရစ်ခဲ့ချင်ရင် ငါ့ရှေ့က အခုဖယ်လိုက်"

"ဟား၊ ဟား၊ ဟား၊ ဟား ဆယ့်နှစ်ကြိုးရော ဆယ့်သုံးကြိုးရော ကျုပ် နားမလည်ဘူး၊ ကဝေမှန်သမျှ လိုက်ပြီးလက်စတုံးပစ်တဲ့ ဆရာကြီး ဦးအောင်နဲ့ ဆရာ စိုင်းနွံဖတို့ရဲ့တပည့် တာတေဆိုတာ ကျုပ်ပဲဗျ"

"တယ် ဒီခွေးမသားလေး၊ သေပေတော့ကွာ"

ကဝေက ဒေါသတွေဖြစ်ပြီး သူ့လက်တစ်ဖက်ကို ရှေ့ဘက်ကို ဆန့်ထုတ်လိုက်တယ်။

"တာတေ သတိထား၊ နေရာမရွှေ့နဲ့၊ ငြိမ်ရပ်နေ၊ သံကဝေကို ရှေ့က ကာထား၊ ဂါထာမပြတ်ရွတ်"

ဟာ မဖဲဝါကြီးက ကျုပ်နောက်မှာဗျ။ ကျုပ်နောက်ကို မသိမသာ စောင်းကြည့်လိုက်တယ်။ အလို မဖဲဝါက သာမန်လူ အရွယ် ဖြစ်နေပြီဗျ။ ထမီအနက်၊ ခါးထောင်အကျႌအနက်နဲ့





ဆံပင်ဖားလျားချလို့ဗျ။ တကယ့်ပညာသည်တစ်ယောက်ရဲ့ပုံပဲ။ ကျုပ်တောင် တော်တော်အံ့ဩသွားတယ်။

"နောက်လှည့်မကြည့်နဲ့ တာတေ"

ကျုပ်က သံကဝေရုပ်ကလေးကို လက်ဆန့်ပြီး ရှေ့ကို ထုတ်ထားလိုက်တယ်။ ပါးစပ်ကလည်း သံကဝေအန္တိုးဂါထာကို မပြတ်ရွတ်တော့တာပဲဗျို့။ ကျုပ်က ဆရာလည်း မဟုတ်၊ သမားလည်း မဟုတ်၊ ပညာသည်လည်း မဟုတ်၊ ရှေ့က လက်ကြီးဆန့်ထုတ်ထားတဲ့ ကဝေကြီးကသာ စက်နဲ့ ကျုပ်ရင်ဝကို ပစ်သွင်းလိုက်ရင် ဒီနေရာမှာတင် ကျုပ် ပွဲချင်းပြီးပြီပေါ့ဗျာ။ ဒါပေမဲ့ ဒီအကောင်ကို ကျုပ် သတ်ပစ်ချင်နေတာဗျ။ အဲဒီဒေါသစိတ်ကြောင့် ကျုပ်မှာ ကြောက်စိတ် နည်းနည်းမှကို မပေါ်တော့တာ ပေါ့ဗျာ။

ဟာ ထင်ထားတဲ့အတိုင်းပါပဲဗျာ။ ကဝေရဲ့မျက်လုံးက ထွက်လာတဲ့ ဝင်းဝင်းလက်လက် စက်တွေက အခိုးအလျှံတွေလို ကျုပ်ဆီကို တဝင်းဝင်းနဲ့ တန်းဝင်လာတာဗျို့။ ဒီတစ်ခါဖြင့် သွားပြီလို့ ကျုပ်တွေးလိုက်တုန်းမှာပဲ ကဝေ လွှတ်လိုက်တဲ့ စက်တွေဟာ ကျုပ်နားမရောက်ခင် ငါးပေလောက်မှာ ဘေးကို ဖြာထွက်သွားတယ်ဗျို့။

"အောင်မာ မင်းကလည်း အလာကြီးပါလား၊ ကဲ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ မင်း အသေပဲပေါ့”

ဟာ ပါးစပ်ထဲက ထွက်လာတဲ့ စက်တွေဗျ။ အစိမ်းရောင် တောက်တောက်တွေဗျာ၊ ဝင်းကနဲ ဝင်းကနဲလက်ပြီး ကျုပ်ရင်ဘတ်တည့်တည့်ကို ပြေးဝင်လာတာဗျ။ ကျုပ်လည်း လက်ထဲမှာ ဆုပ်ထားတဲ့ သံကဝေရုပ်ကလေးကို ရင်ဘတ်တည့်တည့် ရွှေ့လိုက်မိတာဗျ။

ဟာ သွားပြန်ပြီဗျို့။ ဘေးကို ဖြာထွက်ပြီး တစ်ခါတည်း ပျောက်သွားတာဗျ။

“ပညာမှာ ဆယ့်နှစ်ကြိုး၊ လူမှာ ငမိုးဆိုတာ ငါပဲပေါ့။ မင်းက လွယ်လွယ်နဲ့ လုပ်လို့မရတော့လည်း ခက်ခက်လုပ်ရတော့မှာပေါ့ကွာ”

ကဝေက သတိမေ့နေတဲ့ ကလေးမလေးကို မြေကြီးပေါ်မှာ ချထားလိုက်တယ်။ ပြီးတော့ ရှေ့ကို တစ်လံလောက် ထွက်လာပြီးတော့ လက်နှစ်ဖက်စလုံး ရှေ့ကိုဆန့်ထုတ်လိုက်တယ်။ ဟာ စက်တွေ ထပ်ထုတ်တော့မယ်ဗျို့။ ကျုပ်ကလည်း သံကဝေအန္တိုးဂါထာကို အဆက်မပြတ် ရွတ်ရတော့တာပေါ့ဗျ။

“တာတေ မလှုပ်နဲ့။ စောစောက ကလေးမလေး ရှိနေလို့ ငါ စက်မလွှတ်သေးတာ”

မဖဲဝါက ပြောပြောဆိုဆိုနဲ့ စက်စပြီးလွှတ်တော့တာပဲဗျား





ကျုပ်ဆိုတာ ကဝေနဲ့ မဖဲဝါရဲ့ကြားမှာ လှုပ်ကို မလှုပ်ရဲတော့တာဗျို့။ ပါးစပ်ကသာ ဂါထာကို မနားတမ်း ရွတ်နေရတာဗျ။

ကဝေ လွှတ်သမျှ စက်တွေက ဘေးကိုချည်း ဖြာထွက်ပြီး ပျောက်သွားတာဗျ။ ကျုပ် ဒီတော့မှ သဘောပေါက်သွားတာဗျို့။ မဖဲဝါက သံကဝေနဲ့ ကျုပ်ကို ကာခိုင်းထားတာ ကဝေမိုးရဲ့ စက်တွေကို သူ မခံနိုင်မှာစိုးလို့ဗျ။

ကျုပ်ဘေးကပတ်ပြီးထွက်လာတဲ့ စက်ရောင်တွေကို တွေ့တော့ ကဝေမိုးကြီး မျက်လုံးပြူးသွားတယ်ဗျ။

“ဩော် လက်စသတ်တော့ မင်းတို့က နှစ်ယောက် လာတာကိုး၊ ဟေ့ နောက်ကတစ်ယောက်က အထီးလား အမလား၊ သတ္တိရှိရင် ဘေးကို ထွက်လိုက်စမ်း”

စိမ်းပြာပြာအရောင်နဲ့ တလက်လက်ထွက်လာတဲ့ စက်တွေကို သေသေချာချာ စိုက်ကြည့်ပြီး ကဝေမိုး မျက်လုံးကြီးတွေ ပြူးသွားတယ်ဗျ။

“ဟင် ဒါ မြောက်ဘက်ရှင်မရဲ့ စက်ပါလား၊ နင် ဘယ်သူလဲ ထွက်လိုက်စမ်း”

သူ့ဆီကို တိုးဝင်လာတဲ့စက်တွေကို ကဝေမိုးက သူ့စက်နဲ့ ချက်ချင်းလှမ်းပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဟာ ကဝေမိုးရဲ့စက်တွေ 'ဝုန်း'ကနဲ ပေါက်ကွဲပြီး ပျောက်သွားတယ်ဗျ။ ငမိုးကြီး သိသွားပုံရတယ်ဗျို့။

မဖဲဝါ လွှတ်နေတဲ့ မြောက်ဘက်ရှင်မရဲ့စက်တွေကို သူ မခံနိုင်မှန်း တွေးမိပုံပဲဗျ။

သတိမေ့နေတဲ့ ကလေးမလေးကို တစ်ချက်ငုံ့ကြည့် တယ်။ ပြီးတော့ ကောင်းကင်ကိုမော့ပြီး စက်တွေလွှတ်နေတယ်။ ပါးစပ်နဲ့ မျက်လုံးက ထွက်သွားတာက မီးတန်းကြီးတွေဗျ။ လတ် က ထွက်တာက လျှပ်စီးလက်တဲ့အရောင်လေးတွေလို ကြိုးတန်း လေးတွေ။

ဩော် ကြိုးဆိုတာ ဒါပါလားလို့ ကျုပ် ကြည့်နေလိုက် တယ်။

"ဒီကောင် စက်ရော ကြိုးရော ဆင်နေပြီ တာတေ ဒီကောင် ကောင်းကင်ပေါ် တက်ပြေးတော့မှာ၊ အသာလေး လွှတ်ပေးထားလိုက်ဟဲ့"

ဟာ ကဝေမိုးရဲ့စက်တွေ ကြိုးတွေက တလက်လက်နဲ့ ကောင်းကင်ကို တန်းတက်တာဗျ။ ဟာ ကလေးမလေးကို ပခုံးပေါ် ကောက်ထမ်းလိုက်ပြီဗျို့။ ဟာ သူလွှတ်ထားတဲ့စက်တန်းကြီး အတန်း ကောင်းကင်ပေါ်ကို တက်သွားပြီဗျို့။





"ဟား၊ ဟား၊ ဟား နင့်ပညာက ဒါအကုန်ပဲကိုး၊ ကဲ တာတေ ကောင်မလေး ကျလာရင် နင် ပြေးပွေ့လိုက်၊ ဖယ်ရွက် ကလေးလို ပေါ့နေမှာ မစိုးရိမ်နဲ့"

ကျုပ်က သံကဝေရုပ်ကလေးကို လွယ်အိတ်ထဲ ထည့် ထားလိုက်တယ်။ ကဝေကြီးက ကောင်းကင်ပေါ်ကို အတော် မြင့်မြင့်ရောက်သွားပြီဗျ။ ကျုပ် ကလေးမလေး ပါသွားမှာကို အရမ်းစိုးရိမ်တာပေါ့ဗျာ။ ကျုပ်နောက်ကို လှည့်ကြည့်လိုက်တော့ မဖဲဝါက ကောင်းကင်ကို မော့ကြည့်ပြီး လက်နှစ်ဖက်က ကြိုး တစ်ချောင်းကို ဆွဲယူသလို ယူနေတာဗျ။

"တာတေ ကလေးမလေး ကျလာပြီ ပြေးပွေ့"

ကျုပ်လည်း စောစောက ကဝေ ကောင်းကင်ပေါ် တက်သွားတဲ့နေရာကို ပြေးထွက်ပြီး မော့ကြည့်လိုက်တော့ ဟုတ် ပါ့ဗျာ၊ လေထဲမှာ ဖက်ရွက်ကလေးတစ်ရွက် ကျလာသလို ဖြည်း ဖြည်းလေး ကျလာတဲ့ ဘလေးအောင်ဆင့်သမီးလေးကို ကျုပ် ပြေးပြီး ဖမ်းလိုက်တယ်။ ဟုတ်ပါ့ဗျာ၊ ငှက်ပျောဖက်တစ်ရွက် လောက်ပဲ လေးတာဗျ။

"ဟဲ့ တာတေ၊ မြန်မြန်လာ"

ကျုပ် ကလေးမလေးကိုပွေ့ပြီး ခပ်သုတ်သုတ် ပြေးရ တာပေါ့ဗျာ။ မဖဲဝါကတော့ စောစောကလိုပဲ ကြိုးတစ်ချောင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲသလို လက်နှစ်ဖက်နဲ့ ဆွဲနေတုန်းပဲဗျ။

ဟော မဖဲဝါ ရပ်သွားပြီ၊ ရပ်သွားပြီ။ အပေါ်ကို မော့ ကြည့်နေတယ်။ ဟာ မဖဲဝါရဲ့ မျက်လုံးထဲက အလင်းတန်းနှစ်ခု ထွက်လာပြီး ကောင်းကင်ပေါ်ကို တက်သွားတယ်ဗျ။

"ကဲ သေပေတော့၊ စည်းကျိုး စည်းပေါက် ကဝေ ကောင် ငမိုး"

ဟာ ဆောင့်ဆွဲလိုက်ပြီဗျို့။ ကြိုးတစ်ချောင်းကို ဆောင့် ဆွဲသလိုကို ဆွဲလိုက်တာဗျ။ ကျုပ် အံ့ဩပြီး မော့ကြည့်လိုက် တယ်။ ဟာ ကျလာပြီဗျို့၊ ကျလာပြီ။ ငမိုး ဆိုတဲ့ ဆယ့်နှစ်ကြိုး ကဝေကြီး ခြေကားယား လက်ကားယားနဲ့ ကျလာတာဗျို့။ ကလေးမလေး ကျသလို ပေါ့ပေါ့လေး ဟုတ်ပုံမပေါ်ဘူးဗျ။

"ဘုန်း"

ဟုတ်ပါ့ဗျာ။ မြေပြင်ပေါ်ကို ငမိုးကြီး ကျလာတဲ့အသံ ကြီးဗျာ။ မြေကြီးပါ တုန်သွားတယ် ထင်ရတာဗျ။ မလှုပ်တော့ဘူး ဗျို့။ အပေါ်မှာတည်းက သေလာတာလား မပြောတတ်ပါဘူးဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

မဖဲဝါရဲ့ ခွေးအူသံကြီး ကျုပ်နောက်ဘက် ခပ်လှမ်းလှမ်း က ကြားလို့ နောက်ကို ကျုပ် လှည့်ကြည့်လိုက်တယ်။ ဟာ မဖဲဝါ က တော်တော်ဝေးဝေးတောင် ရောက်သွားပြီပဲဗျ။





"တာတေ၊ ဟေ့ တာတေ"

ဒါ ကိုဘပွားကြီးအသံဗျ။ ရွာသားတွေ ဓာတ်မီးတဝင်း ဝင်းနဲ့ လိုက်လာကြပြီပေါ့ဗျာ။

"ကျုပ် ဒီမှာ ကိုဘပွား"

ကျုပ်အသံကြားတဲ့ဘက်ကို ဓာတ်မီးတွေနဲ့ ဝိုင်းထိုးကြ ရောဗျို့။ ကျုပ်က ကလေးမလေးကိုပွေ့ပြီး မတ်တတ်ကြီး ရပ်နေ တာတွေ့တော့ ကျုပ်ဆီကို မီးလောင်ကုန်းသားတွေ ပြေးလာ လိုက်ကြတာ ဖုန်တထောင်းထောင်းကို နေရောဗျာ။

ကျုပ်က ကလေးမလေးကို ဘလေးအောင်ဆင့်ပခုံး ပေါ် တင်ပေးလိုက်တယ်။

"ဘလေး တရုတ်မကို အိမ်မြန်မြန်ခေါ်သွားတော့၊ ကျုပ် အခုပဲ လိုက်ခဲ့မယ်"

"ဟိုကဝေကောင်ရော တာတေ၊ ထွက်ပြေးသွားပြီလား"

ကိုဘပွားက ကျုပ်ကို မေးတာဗျ။

"ဘယ်ပြေးနိုင်မှာတုံးဗျာ၊ ဟိုမှာ သေနေပြီ"

ကျုပ်က ကိုဘပွားလက်ထဲက ဓာတ်မီးကိုယူပြီး ကဝေ ကြီးအလောင်းကို ထိုးပြလိုက်တယ်။

"တောက်"

ရွာသားတွေရဲ့ တောက်ခေါက်သံတွေ ကြားလိုက်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



ကဝေအသေကောင်ကို ဖနောင့်နဲ့ ပြေးပေါက်ကာ ခြေထောက်နဲ့ ကန်ကြပေါ့ဗျာ။

"ကဲ ကိုဘပွား၊ ကဝေအလောင်းကို နက်နက်တူးပြီး မြှုပ်လိုက်တော့ဗျာ၊ ကျုပ် ဘလေးအောင်ဆင့်တို့အိမ်ကို လိုက်ပြီး ကလေးမလေး သတိရအောင် လုပ်ပေးလိုက်ဦးမယ်"

ဘလေးအောင်ဆင့်တို့ဝိုင်းကိုရောက်တော့ လူတွေအုံလို့ဗျ။

ကျုပ်က သံကဒ္ဒဝရုပ်ကလေးကို ရေစိမ်ပြီး တရုတ်မရဲ့ မျက်နှာကို တောက်ပေးလိုက်တော့ ချက်ချင်းကို ထထိုင်ရောဗျို့။ ကလေးမလေးက ဘာတွေဖြစ်သွားမှန်းကို မသိတာဗျို့။

အဲဒီညတော့ ကျုပ် မီးလောင်ကုန်းမှာ တစ်ညအိပ်ဖြစ်သွားတာပေါ့ဗျာ။ နောက်နေ့မနက်စောစောထပြီး ကျုပ် ထနောင်းကုန်းကို ပြန်ခဲ့တယ်။

တာတေ

□□□

အရှေ့ဘက်ကောင်းကင်



# ဘင်ဂျိ ဘဓော

တာတေတို့ရွာတွေမှာက ဓလေ့ရှိတယ်ဗျ။ အလှူပွဲ ဆုပ်လုပ်၊ မင်္ဂလာဆောင်ပွဲဖြစ်ဖြစ် အတီးလေး အမှုတ်ကလေး ဒါမှဗျ။ ဒါမှလည်း ပိုပြီးစည်ကားတာဗျို့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ ကျုပ်တို့အညာသူ အညာသားက အတီး၊ အမှုတ်၊ အကအခုန်ကို ဝါသနာလည်းထုံလို့ ရှိမှာပေါ့ဗျာ။

အခုလည်း ထနောင်းကုန်းအရှေ့ပိုင်းက ကိုမောင်မောင်ကြီးနဲ့ မြောက်ပိုင်းက မစိမ်းကြည်တို့ မင်္ဂလာဆောင်လေဗျာ။ ကိုမောင်မောင်ကြီးရော မစိမ်းကြည်ရော မိဘတွေက လူချမ်းသာတွေဗျ။

နှစ်ဖက်စလုံးမှာ ယာတွေမှ လက်ညှိုးထိုးမလွဲအောင် ရှိတဲ့လူတွေဗျ။ မင်္ဂလာဆောင်ဆိုတာ စည်လိုက်တာမှဗျာ။ မင်္ဂလာဆောင်နေ့မတိုင်ခင် နှစ်ရက်လောက်ကတည်းက ထမင်းကျွေးနေရတာဗျ။ တကယ့်ကို အလှူကြီးပေးနေတဲ့အတိုင်းပါပဲဗျာ။

ကျုပ်တို့ကာလသားတွေလည်း ဖတ်ဖတ်ကိုမောရောဗျို့။ ကိုမောင်မောင်ကြီး ဆိုတာကလည်း လူချမ်းသာသားသားဆိုတယ်။ မာန်မာန အရှင်းမရှိဘူးဗျ။ ဒီတော့လည်း ရွာထဲကလူငယ်တွေက လွှတ်ခင်ကြတာပေါ့ဗျာ။ အခု သူ့မင်္ဂလာပွဲဆိုတော့ ကာလသားငယ်ရော၊ အလတ်ရော၊ အကြီးရော တစ်ယောက်မှ မနေနိုင်ကြဘူးပေါ့ဗျာ။ ကိုမောင်မောင်ကြီးတို့အိမ်ကြီးရော မစိမ်းကြည်တို့အိမ်ကြီးရော အကြီးကြီးတွေဗျ။ ခေါင်နှစ်လုံးနဲ့ နှစ်ဆောင်ပြိုင်ကြီးတွေဗျ။ နှစ်ထပ်အိမ်ကြီးတွေလေ။ မစိမ်းကြည်





တို့အိမ်မှာလည်း မိန်းမတွေ ပြည့်လို့ဗျ။ ကိုမောင်မောင်ကြီးတို့အိမ်မှာလည်း ကာလသားတွေမှ ပြည့်လို့ဗျ။

ဘိကက်သိကက်သွန်းမယ့်ဆရာကလည်း မန္တလေးက နာမည်ကျော် ဘိကက်သိကက်ဆရာကိုမှ တက်ငှားထားတာဗျ။ ပြီးတော့ ဖျော်ဖြေဖို့ကျတော့လည်း မန္တလေးက တီးဝိုင်းကို ငှားထားတာဗျ။ အဲဒီတီးဝိုင်းမှာမှ ဘင်ဂျိုအေးကို ပါတာလေဗျ။

ကျုပ်တို့ရွာသားတွေက ဘင်ဂျိုအေးကိုရဲ့ လက်သံကို လွှတ်ကြိုက်ကြတာ။ ဘင်ဂျိုအေးကိုက အသံကလည်းကောင်း၊ ဆိုပုံဆိုပေါက်ကလည်း တကယ့်ကို ခန့်ညားတာဗျ။ ကျုပ်လည်း ဘင်ဂျိုအေးကို ဆိုတဲ့လူကို လွှတ်ကြိုက်တာဗျ။

မင်္ဂလာပွဲမတိုင်ခင်ညမှာ တီးဝိုင်းတီးတာ။ သူတို့တီးဝိုင်းမှာက လူတော်တွေ စုနေတာထင်ပါရဲ့ဗျာ။ ဘင်ဂျို မယ်ဒလင်၊ ဗမာဂီတာ၊ ဒုံမင်း၊ တမ်ယော ပညာရှင်တွေမှ စုံလို့ဗျ။ ဒါပေမဲ့ ဘင်ဂျိုအေးကိုကတော့ အကျော်ကြားဆုံးပေါ့ဗျာ။

အဲဒီညက ကိုမောင်မောင်ကြီးတို့ဝိုင်းထဲမှာပဲ တီးဝိုင်းက ဖျော်ဖြေတာဗျ။ ကိုမောင်မောင်ကြီးတို့ဝိုင်းကလည်း အကျယ်ကြီးဗျ။ ကျုပ်တို့ရွာသားတွေရော ဘန့်ဘွေးကုန်းသားတွေပါ ဝိုင်းထဲမှာ ပြည့်သိပ်နေတာဗျို့။

ကျုပ်တို့ကာလသားတွေကတော့ ဇိမ်နဲ့ မကြည့်ကြရပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျာ။ မနက်ဖြန် မင်္ဂလာဆောင်မှာ ကျွေးဖို့မွေးဖို့ ချက်ပြုတ်နေရတာဗျ။ ကိုမောင်မောင်ကြီးတို့ဝိုင်းနဲ့ တောင်ဘက်ကပ်ရက်ဝိုင်းက သူတို့ဘထွေး ဦးငွေရရဲ့ ဝိုင်းလေဗျာ။

ဘိုးငွေရကြီး ဝိုင်းထဲမှာ ချက်ကြပြုတ်ကြရတာဗျ။ ဘိုးငွေရဝိုင်းကြီးကလည်း ကျယ်တော့ ချက်ရပြုတ်ရ အဆင်ပြေတာပေါ့ဗျာ။ အကျွေးအမွေးကျတော့ ဝိုင်းနှစ်ဝိုင်းလုံးမှာ မျှကျွေးရမှာဗျ။ ဘိုးငွေရဝိုင်းထဲမှာလည်း ကနဖျင်းထိုးထားတယ်။ ကိုမောင်မောင်ကြီးတို့ဝိုင်းထဲမှာလည်း ကနဖျင်းထိုးထားတယ်ဗျ။

မင်္ဂလာဆောင်သာ ဆိုတယ်၊ အလှူကြီးတစ်ခုလိုပါပဲဗျာ။ ဝက်သားတုံးကြီးတွေများ နှပ်ထားလိုက်တာ အိုလို့ဗျ။ ကျုပ်တို့ ထနောင်းကုန်းက ကိုချက်ကြီးဆိုတာ အချက်အပြုတ်လွှတ်ကောင်းတဲ့ ဘိုးတော်ဗျ။

ကျုပ်တို့အနီးအနားက ရွာတွေမှာ အလှူတို့ မင်္ဂလာဆောင်တို့ ရှိလို့ကတော့ ကိုချက်ကြီးက နာမည်နဲ့လိုက်အောင်ကို ချက်ပြီးသားပဲဗျို့။

အဲဒီညက ချက်ရင်းပြုတ်ရင်း ဆေးလိပ်ကလေးဖွာရင်းနဲ့ တီးဝိုင်းက အဆိုအတီးတွေကို နားထောင်ရတာပေါ့ဗျာ။ ညလယ်လောက်ရောက်မှ ဘင်ဂျိုအေးကိုရဲ့ အလှည့် ရောက်တာဗျ။

ကောင်းလိုက်တဲ့ ဘင်ဂျိုသံဗျာ။ အတီးက ကောင်း





သလောက် အဆိုကလည်း ပိုင်ပါပေ့။ ဘင်ဂျိုအေးကိုရဲ့ အသံကလည်း တကယ်ကောင်းတာကလားဗျာ။ ဒါကြောင့်လည်း နာမည်ကျော်ပေတာပဲ။ ပြည်လှဖေရဲ့ 'သက်ဝေ' ကို စတီးတော့တာဗျို့။ ဝိုင်းထဲမှာ လက်ခုပ်သံကို ညံသွားရောဗျာ။

"မောင့်အသွေးတွေ၊ မောင့်အသားတွေ ဆေးဘက်ဝင်ပါသလား"

ဆိုတဲ့နေရာမှာ တီးပြီးဆိုလိုက်တဲ့ အဆိုက လူတိုင်းရဲ့ ရင်ထဲကို ဖောက်ဝင်သွားတာဗျို့။ ကျုပ်တောင် ပါးစပ်က လိုက်ဆိုမိတာ။

"ငါကောင်တာတေက ဘင်ဂျို ကြိုက်တယ်မှတ်တယ်"

ကိုချက်ကြီးက ပြောတာဗျ။ လေးလေးချက်ကြီးလို့သာ ကျုပ်က ခေါ်တာပါ။ တကယ်ကတော့ အသက်လေးဆယ်လောက် ရှိသေးတာဗျ။

"ဟုတ်တယ် လေးလေးချက်ကြီးရဲ့၊ ကျုပ်က တူရိယာတွေထဲမှာ ဘင်ဂျိုသံကို လွှတ်ကြိုက်တဲ့ကောင်ဗျ"

"အေး ကြိုက်မယ်ဆိုလည်း ကြိုက်လောက်တာပေါ့ တာတေရာ၊ ဘင်ဂျိုက ထူးခြားတဲ့တူရိယာကွ တာတေရ၊ တခြားတူရိယာတွေက လက်ကွက်ပါတယ်၊ ဘင်ဂျိုက လက်ကွက်မပါဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် ဒီအသံတွေကို ဘယ်လိုတီးရတုံးဗျ"

"တီးတဲ့လူရဲ့နားနဲ့ ခံစားပြီး တီးရတာကွ၊ ဆိုတဲ့လူရဲ့ အသံ အနိမ့်အမြင့်ကိုလိုက်ပြီး တီးရတာ။ အသံတွေကို ကိုယ်တိုင် နားထောင်ပြီးမှ မှတ်ထားရတာ၊ လက်ကွက်မပါဘူးလေကွာ။ ပြီးတော့ တီးတဲ့အခါမှာလည်း လက်နဲ့တီးရတာ မဟုတ်ဘူး၊ လက်ခတ်နဲ့ပဲ တီးရတာ။ အသံတစ်သံတီးဖို့ဆိုရင် အပေါ်အောက် သုံးဆယ့်နှစ်ချက်လောက်ခတ်ပြီး တီးရတာကွ၊ တော်တော်ကို လေ့ကျင့်ရတာပါကွာ"

"ဟာ ဒါဆို ဘင်ဂျိုက တော်တော်ကို ခက်တာပဲ လေးလေးချက်ကြီးရဲ့"

"ဟုတ်တယ်ကွ တာတေရ၊ ပြီးတော့ ဘင်ဂျိုမှာက ကြိုးက လေးချောင်းတည်းပါတာ၊ အပေါ်နှစ်ချောင်းက အကျသံတီးရတယ်၊ ဘယ်သံပေါ့ကွာ၊ အောက်နှစ်ချောင်းက အတက်သံကွ၊ ညာသံပေါ့ကွာ"

ကျုပ် ထမင်းချက် ချန်ပီယံ လေးလေးချက်ကြီးကို တစ်ချက်လှည့်ကြည့်မိတယ်ဗျ။ ဒီလူ ဘင်ဂျိုအကြောင်းကို ဒီလောက်သိနေတာ အံ့သြလို့ဗျို့။ ကိုချက်ကြီးက ကျုပ်လိုပဲ နဂါးဆေးလိပ် တော်တော်ကြိုက်တဲ့လူဗျ။ နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ်ကို အသစ်ညှိပြီး မီးညီအောင် ဖွာနေတာဗျ။





"လေးလေးချက်ကြီးက ဘင်ဂျိုအကြောင်းကို သိလှချည်လားဗျ"

"ဟာ တာတေကလည်း ဒီရွာသားလုပ်နေပြီးတော့ ငါ ဘယ်သူ့တူဆိုတာ မင်း မသိဘူးလားကွ"

"ဗျာ လေးလေးချက်ကြီးက ဘယ်သူ့တူမို့တုံး"

"ဟာ ဒီကောင်လေးတော့ ငါက ဘင်ဂျိုဘစောရဲ့တူကွ"

"ဟင် ဟုတ်လား၊ ဘင်ဂျိုဘစောကို ကျုပ် သိသားပဲဗျ၊ သူတီးတဲ့ နန်းကြာညိုကြော့ကို ကျုပ်ငယ်ငယ်က နှစ်ခါလောက် နားထောင်ဖူးပါတယ်ဗျ"

"အေး အဲဒီနန်းကြာညိုကြော့က ယိုးဒယားလေကွာ၊ ငါ့ဘထွေး ဘင်ဂျိုဘစောက သီချင်းခန့်တွေ၊ ကြိုးတွေ၊ ပတ်ပျိုးတွေထက် ယိုးဒယားကို ပိုပြီးပိုင်တယ်ကွ၊ ယိုးဒယားတီးလို့က တော့ ဘထွေးကို ဘယ်ဘင်ဂျိုဆရာမှ မမှီဘူးကွ"

"ဩော် ဟုတ်မယ်ဗျ၊ လေးလေးချက်ကြီးကို ဘင်ဂျို ဘစောရဲ့တူဆိုတာသာ ကျုပ်က မသိတာပါဗျာ၊ ဘင်ဂျိုဘစောရဲ့ နန်းကြာညိုကြော့ကိုတော့ ကျုပ်နားထဲမှာ ထွက်ကိုမထွက်တော့ တာဗျ၊ ဒါတောင် တော်တော်ငယ်ငယ်က နားထောင်ရတာနော်"

"အေး ဘင်ဂျိုသမားဆိုတာ ထံကြာတေရှင်က စသင်ပြီး တော့ ကြိုးတွေ၊ ဘွဲ့တွေ၊ သီချင်းခန့်တွေ၊ ပတ်ပျိုးတွေ၊ ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



တွေ အားလုံးပိုင်ပြီဆိုမှ ကာလပေါ်ကို တီးကြတာကွ။ အခုတီးနေတဲ့ ဘင်ဂျိုအေးကိုလည်း ဒါတွေပိုင်ပြီးလို့ ကာလပေါ် သိပ်ကောင်းနေတာပေါ့ကွာ"

ဟုတ်မယ်ဗျ။ ဘင်ဂျိုအေးကိုက 'သက်ဝေ' ပြီးတော့ 'ဘရဏီ'၊ ပြီးတော့ 'ချစ်ရေစင်'။ ကျုပ်တို့ရွာသားတွေဆိုတာ လက်ခုပ်တီးလိုက်ကြတာ တဖြောင်းဖြောင်းနဲ့ပေါ့ဗျာ။

"နို့ နေပါဦး လေးလေးချက်ကြီးရဲ့၊ လေးလေးရဲ့ဘထွေး ဘင်ဂျိုဘစော ဆိုတာက မျက်စိမမြင်ဘူးဆို"

"ဟုတ်တယ်ကွ၊ ငါ့ဘထွေးက အသက်နှစ်ဆယ်လောက်ကတည်းက မျက်စိကွယ်သွားတာ"

"နေပါဦး လေးလေးရဲ့၊ ဘင်ဂျိုဘစောက နောက်ပိုင်းစိတ်နောက်ပြီး ရွာကထွက်သွားတာ ဘယ်မှာမှ ရှာလို့မရတော့ဘူးဆို"

"အေး ထနောင်းကုန်းသားတွေကတော့ ဒီလိုပဲ ပြောကြတာကွ၊ ဒါပေမဲ့ ငါ့ဘထွေးက စိတ်မနောက်ပါဘူးကွာ၊ စိတ်ကောင်းပါတယ်၊ ရွာကထွက်သွားတယ်ဆိုတာတော့ ဟုတ်တယ်ကွ၊ ဘယ်မှလိုက်ရှာလို့ကို မတွေ့တော့တာ။ မင်း စဉ်းစားကြည့်လေ တာတေရာ၊ မျက်စိလုံးဝမမြင်တဲ့လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ရွာက ထွက်သွားမှာတုံး"





"ဟာ ဟုတ်သားပဲဗျ လေးလေးချက်ကြီးရ၊ ဒါဆိုရင် ဘယ်လိုဖြစ်တာတုံးဗျ"

"ငါတို့လည်း ဒီနေ့အထိ ဘယ်လိုမှကို မတွေးတတ်ကြပါဘူးကွာ၊ တစ်ချို့ကတော့ ညဘက်ကြီး တစ်ယောက်တည်း ထွက်သွားလို့ ယင်းချောင်းမှာ ရေစီးနဲ့ ပါသွားတာဖြစ်မယ်လို့ ပြောလိုပြောပေါ့ကွာ။ ဒါကတော့ ကိုယ်ထင်ရာမြင်ရာကို မှန်းသမ်းပြောကြတာနေမှာပေါ့ကွာ။ ဒါပေမဲ့ သေချာတာကတော့ ငါ့ဘထွေး ဘင်ဂျိုဘစော ဒီနေ့အထိ အိမ်ပြန်မလာတာတော့ သေချာတာပေါ့ကွာ"

"ဘင်ဂျိုဘစော ထွက်သွားတာ ဘယ်လောက်ရှိပြီတုံးဗျ"

"ဆယ်နှစ်ကျော် ရှိပြီကွ၊ အခုလောက်ဆိုရင် ငါ့ဘထွေးသာရှိသေးရင် အသက်ခြောက်ဆယ်ကျော်ရောပေါ့ တာတေရာ"

"နေပါဦးဗျ၊ ဘင်ဂျိုဘစောကို ဂျပန်ခေတ်တုန်းက ဂျပန်စစ်တပ်က ဖမ်းသွားဖူးတယ်ဆို လေးလေးချက်ကြီးရဲ့"

"ဘထွေးက ဒီတုန်းက မျက်စိကွယ်နေပြီလို့ ငါ့အဘပြောတယ်ကွ၊ ဒီတုန်းက ငါက အခါလယ်လောက်ပဲ ရှိသေးတာတဲ့ တာတေရ၊ ဂျပန်စစ်တပ်က ငါတို့ထနောင်းကုန်းရွာထဲကိုဖြတ်ပြီး ချီတက်လာတာတဲ့ဟေ့၊ ငါ့ဘထွေးက ဂျပန်တွေ ရွာထဲဝင်လာတာလည်း မသိဘူးလေကွာ၊ ဘင်ဂျိုကို စိတ်ပါလက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တီးနေတာဆိုပဲကွ။ ဒီမှာတင် ဂျပန်စစ်ဗိုလ်က တို့ဝိုင်းရှေ့မှာ ရပ်ပြီး ဘထွေးရဲ့ ဘင်ဂျိုသံကို သေသေချာချာ နားထောင်တာ တဲ့ဟေ့၊ ဘထွေးကတော့ မျက်စိမှ မမြင်တာကွာ၊ ဒါတွေ ဘယ်သိ ပါ့မလဲ။ ဘင်ဂျိုလည်းရပ်သွားရော ဂျပန်ဗိုလ်က သူ့စစ်သားတွေ ကို အမိန့်ပေးလိုက်တာ၊ စစ်သားတွေက အိမ်ပေါ်တက်ပြီး ဘထွေးကို ဆွဲခေါ်သွားရောတဲ့ဟေ့။ ဘထွေးကလည်း သူ့ဘင်ဂျို ကြီးကို ဖေးချပြီး လိုက်ဖို့လုပ်တော့ ဂျပန်ဗိုလ်က ဂျပန်လို အော် ပြောတယ်ဆိုပဲကွ။ ဒီမှာတင် ဂျပန်စစ်သားတွေက ဘထွေးရဲ့ ဘင်ဂျိုကြီးကိုပါ ယူသွားကြရောတဲ့ဟေ့။ အဲဒီဂျပန်တပ်က တို့ရွာ အနောက်ဘက်က ရိုးမပေါ်မှာ တပ်စွဲပြီး အကြာကြီး နေသွားတာ တဲ့ကွ၊ သုံးလလောက်ကြာတော့ ငါ့ဘထွေးကို လှည်းတစ်စီးနဲ့ တင်ပြီး ပြန်ပို့လိုက်တယ်။ ဘထွေးကို ဂျပန်ပိုက်ဆံတွေရော စားစရာသောက်စရာတွေရော၊ အကျႌချုပ်ဖို့ ပိတ်အုပ်တွေရော ပေးလိုက်တာ မနည်းဘူးတဲ့ဟေ့”

“ဟာ တော်သေးတာပေါ့ဗျာ၊ နေပါဦးဗျ၊ လေးလေး ချက်ကြီးရဲ့ဘထွေးကို ဂျပန်က ဘာလုပ်ဖို့ ဖမ်းသွားတာတုံး”

“ဘင်ဂျိုတီးဖို့တဲ့ဟေ့၊ ညညဆိုရင် ဘထွေးက ဘင်ဂျိုတီး ပြရတယ်တဲ့ကွ၊ ဖြစ်ချင်တော့ ဂျပန်စစ်ဗိုလ်ကလည်း ဘင်ဂျိုတီး တတ်တယ်ဆိုပဲ။ ဘထွေးပြန်လာတော့ ဂျပန်စကား နည်းနည်း





ပါးပါး တတ်လာတယ်။ ပြီးတော့ ဂျပန်သီချင်းတစ်ပုဒ် နှစ်ပုဒ် လည်း ဘင်ဂျိုနဲ့ တီးတတ်လာတယ်တဲ့ကွ၊ ပြီးတော့ ဂျပန်ဗိုလ်က စာတစ်စောင် ရေးပေးလိုက်တယ်တဲ့၊ ရွာထဲကို ဂျပန်တပ်တွေ ဝင်လာရင် ဒီစာကို ပြလိုက်လို့ မှာသတဲ့”

“ဟင် ဟုတ်လား၊ ဟာ မဟုတ်တာဗျာ၊ ကျုပ်ကြားဖူးတဲ့ အုန်းပင်တက်လက်မှတ် ရတဲ့လူထက် ဆိုးနေမှာပေါ့ဗျာ”

“မဟုတ်ဘူးကွ၊ ဂျပန်စစ်တပ်နဲ့ ပါလာတဲ့ ဂျပန်စကား ပြန်တွေ ပြောတာက ဘင်ဂျိုဘစောဟာ သူ့မိတ်ဆွေပါ။ ဘစော တို့ရွာကို ဒုက္ခမပေးကြပါနဲ့လို့ ရေးထားတာတဲ့ဟေ့”

“ဟင် ဒီစာကို ဂျပန်စစ်သားတွေကို ပြဖူးသေးလားဗျ လေးလေးချက်ကြီးရဲ့”

“ဟာ ပြဖူးပါပြီလားကွာ၊ ရွာထဲကို ဂျပန်တပ်တွေ ဝင် လာတိုင်း ဘထွေးက ဒီစာကို ပြတာတဲ့ဟေ့၊ အဲဒီစာကို တွေ့တဲ့ ဂျပန်စစ်ဗိုလ်တိုင်းက စာကို အလေးပြုသွားတာချည်းပဲတဲ့ဟေ့၊ နောက်မှ ငါတို့အဘတွေ သိကြတာက ဒီစာကို ရေးပေးထားတာ က သူတို့ရဲ့ ဗိုလ်ချုပ်ကိုယ်တိုင်ဆိုပဲကွ။ ဒါကြောင့်လည်း အောက် မှာ ထိုးထားတဲ့ လက်မှတ်နဲ့ တံဆိပ်တုံးကိုမြင်တိုင်း အလေးပြုကြ တာပေါ့ကွာ”

“ဟာ ကောင်းလိုက်တာဗျာ၊ ဒါဆို ဘင်ဂျိုဘစောကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားတာ ဂျပန်ဗိုလ်ချုပ်ပေါ့”

“အေး ဟုတ်တယ်၊ ငါ့ဘထွေး ဘင်ဂျီစောရဲ့ ကျေးဇူး ကြောင့် ထနောင်းကုန်းရွာလေးဟာ ဂျပန်ခွေးတပ် လုံးဝအဆွဲ မခံရသလို ဂျပန် စော်ကားမော်ကား လုပ်တာလည်း လုံးဝမခံကြ ရဘူးတဲ့ကွ”

“အေးဗျာ၊ လေးလေးရဲ့ဘထွေး ဘင်ဂျီဘစောကို ကျုပ် ကြားရုံနဲ့ လွမ်းလိုက်တာဗျာ။ ကျုပ်က ဒီအကြောင်းတွေ အခုလို မသိခင်တုန်းက ရွာထဲမှာ ကြားသလိုပဲ ဘင်ဂျီဘစောဟာ စိတ် နောက်သွားတယ်လို့ ထင်တာဗျ”

“အေး သူတို့ထင်တာလည်း မလွန်ဘူးကွ တာတေရဲ့ ငါတို့ကိုယ်တိုင်လည်း ပထမတော့ ဒီအတိုင်းပဲ ထင်ကြတာ၊ သူ ပျောက်သွားတော့မှပဲ ဘထွေး မရူးဘူးဆိုတာ သိကြတာကွ”

“ဗျာ. . . ဘယ်လိုဗျ၊ လေးလေးချက်ကြီးရဲ့”

“ဒီလိုဟေ့၊ ဘထွေး မပျောက်ခင် ခြောက်လလောက် ကတည်းက ဘထွေးက ငါတို့ကို ပြောတယ်၊ ညဆိုရင် လူ နှစ်ယောက် သုံးယောက် ရောက်လာပြီး သူ့ပခုံးကို ဖတ်ကနဲ ပုတ်လိုက်တာတဲ့ကွ၊ အဲဒီလိုပုတ်လိုက်ရင် သူ့စိတ်တွေဟာ ဘာမှ မသိတော့ဘဲ အဲဒီလူတွေပြောတဲ့အတိုင်း နာခံတော့တာပဲတဲ့ကွ”

“ဟင် ဒီလူတွေက ဘာပြောလို့တုံး”





“သခင်မရဲ့ အမိန့်စာပါတယ်၊ ဘစော အခုချက်ချင်း လိုက်ခဲ့လို့ ပြောသတဲ့။ ပြီးတော့ ဘင်ဂျီပါ ယူခဲ့ရမယ်လို့ ပြောလို့ ဘင်ဂျီပါထမ်းပြီး အဲဒီလူတွေနဲ့ လိုက်ရတာတဲ့ဟေ့၊ ထူးခြားတာ က ဒီလူတွေလာရင် တစ်ရွာလုံး အိပ်မောကျသွားပြီး ခွေးတွေ တောင် အိပ်ပျော်နေကြတာဆိုပဲ”

“ဟင် ဘယ်ကိုလိုက်သွားရတာတဲ့တုံးဗျ”

“ဘထွေး ပြောတာတော့ နန်းတော်ကြီးတစ်ခုလို့ ပြော တာပဲကွ တာတေရ၊ မုခ်ဝကြီးတစ်ခုကိုရောက်ရင် သူ့ကို လာခေါ် တဲ့လူတစ်ယောက်က ‘တံခါးဖွင့်စေ’ လို့ အမိန့်ပေးသတဲ့။ အဲဒီ အချိန်မှာ အတွင်းက တံခါးမင်းတုံးကို မ,ပြီးဖွင့်တဲ့အသံ ကြားရ သတဲ့။ သူ့ကို ဟိုလူတွေက အဲဒီတံခါးပေါက်ကနေ ခေါ်သွားပြီး ဥယျာဉ်ကြီးတစ်ခုကို ဖြတ်သွားရတယ်တဲ့ကွ၊ ပြီးရင် တံခါးကြီး တစ်ခုအဝမှာရပ်ပြီး ခေါ်လာတဲ့လူတစ်ယောက်က ‘ဘင်ဂျီ ဘစောကို ခေါ်လာပါပြီ’လို့ အော်လိုက်သတဲ့။

အထဲက တံခါးဖွင့်သံတွေ ခြေသံတွေ ကြားလိုက်ရပြီး တံခါးကြီးပွင့်သွားရောတဲ့ဟေ့၊ ပြီးရင် ခေါ်လာတဲ့လူတွေက ‘ဘစော မင်း သူတို့နဲ့ လိုက်သွားတော့ ဘာမှမကြောက်နဲ့ ကြားလား’ လို့ ပြောပြီး လှည့်ထွက်သွားတယ်တဲ့ကွ။ အထဲက ထွက် လာတဲ့သူတွေက သူ့ကို တစ်ယောက်တစ်ဖက်ဆွဲပြီး အတွင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားသတဲ့။ သူ့ကို အတွင်းက ဆီးခေါ်တာ မိန်းမတွေတဲ့ မွှေးကြိုင်နေတာဆိုပဲ။ အခန်းကြီးအကျယ်ကြီးကို ဖြတ်လျှောက်တာတဲ့ကွ၊ ပြီးတော့မှ သူ့ကို အဝတ်နဲ့ ချုပ်ထားတဲ့ ဖုံတစ်ခုပေ မှာ ထိုင်ခိုင်းတယ်တဲ့။ အခန်းကြီးက အေးမြပြီး မွှေးကြိုင်နေတ ဆိုပဲ။ ဘထွေးစိတ်တွေဟာ ကြည်လင်ပြီး ပျော်မြူးသွားတာ ဟေ့"

"ဘစောငယ် သင် မကြောက်ရွံ့ပါနဲ့၊ သင့်ရဲ့ ဘင် လက်သံနဲ့ သင့်ရဲ့ ယိုးဒယားသီချင်းသံတွေကို သခင်မ ကြား တဲ့အတွက် အခုလို ခေါ်ရတာပါ၊ ဘစောငယ် သခင်မ အကောင်းဆုံး ဖျော်ဖြေပါ၊ ပြီးရင် အိမ်အရောက် ပြန်ပို့ပေးမ ဆုတော် လာဘ်တော်များလည်း သခင်မက ချီးမြှင့်မှာပါ"

လို့ အမိန့်ရှိတယ်တဲ့ကွ၊ ဘထွေးလည်း ဘယ်ရောက် ရောက်နေမှန်း မသိပေမဲ့ ထီးဟန်နန်းဟန်နဲ့ ပြောဆိုတာ ကြားတော့ တော်တော်ကိုအံ့သြပြီး သခင်မကို ဖျော်ဖြေရတာ ဟေ့။ နန်းကြာညိုကျော့ကစပြီး ယိုးဒယား အားလုံးကို အ အတီးတွဲပြီး ဖျော်ဖြေတာတဲ့ဟေ့။ တော်တော်ကြာအောင် ဖြေပြီးတော့မှ သခင်မက ရွှေဒင်္ဂါးသုံးပြား ဆုချပြီး အိမ်အရော ပြန်ပို့ခိုင်းသတဲ့။ ဘထွေးက ဒီအကြောင်း ငါ့အဘကို ပြန်ပြော ပေမယ့် ငါ့အဘက မယုံဘူးကွ။



"မင်းဟာက အိပ်မက် မက်တာထင်ပါတယ် ဘစော ယ်၊ သွေးလေချောက်ချားရင် ဒီလိုအိပ်မက်မျိုးကို မက်တတ် တယ်ကွ" လို့ ပြောတာဟေ့။

"နို့ နေပါဦး လေးလေးချက်ကြီးရဲ့၊ လေးလေးတို့ကို ရွှေဒင်္ဂါးတွေရော မပြဘူးလား"

"ဟာ မပြဘူးကွ၊ သူ့သခင်မက ဘယ်သူ့ကိုမှ မပြရဘူး လို့ မှာလိုက်လို့တဲ့ဟေ့"

"ဩော်"

"အဲဒီတော့လည်း ဘယ်သူမှ မယုံကြဘူးပေါ့ကွာ၊ နောက်တော့ ဘထွေးက ဒီအကြောင်းတွေ သိပ်မပြောတော့ဘူး ကွ၊ ဒါပေမဲ့ ငါ့စိတ်ထင် ဘထွေး ညဘက်မှာ မကြာမကြာ အဲဒီကို သွားတယ်ထင်တယ်ကွ"

"ဟင် ဘာဖြစ်လို့တုံးဗျ၊ သူ ထသွားတာကို လေးလေး မြင်လိုက်လို့လား"

"ဟာ ဒီလိုတော့ မမြင်ဘူးကွ၊ ငါမှမဟုတ်ဘူး၊ ဘယ်သူ မှ မမြင်ဘူး။ ငါပြောတာက ဒီလိုကွ၊ ဘထွေး ပျောက်သွားပြီး လုံးဝပြန်မလာတော့မှ သူ့သေတ္တာကို ငါ့အဘက ဖွင့်ကြည့်တာ၊ အဲဒီမှာတင် ရွှေဟောင်းရွှေဒင်္ဂါးတွေ အပြားသုံးဆယ်လောက် တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လားဗျ"

"အေး အဲဒါကြောင့် ငါတို့လည်း ဝိုင်းသစ်ဝယ်ပြ
အိမ်ကြီးအိမ်ကောင်းတွေဘာတွေ ဆောက်နိုင်တာပေါ့ကွာ"

"ဩော် ဒီလိုလား၊ ရွာထဲကလူတွေက ဘင်ဂျိုဘ
စိတ်နောက်သွားတယ်ဆိုတာက ဘာကြောင့်ပြောကြတာတုံး

"အဲဒါက ဘထွေး ပျောက်မသွားခင်က သူ အဲဒီနေ
တော်ကြီးမှာ ညဘက်သွားပြီး သခင်မကို ဘင်ဂျိုနဲ့ ဖျော်ဖြေရ
အကြောင်း ရွာထဲကလူတစ်ယောက်စ နှစ်ယောက်စကို ပြော
တယ် ထင်ပါတယ်ကွာ၊ အဲဒီလူတွေကလည်း ငါတို့လိုပေါ့
မယုံကြဘူးပေါ့၊ ဒီတော့ ရွာထဲမှာ တိုးတိုးတိတ်တိတ် ပြော
တာဖြစ်မှာပေါ့ကွာ။ ဘစော ရူးနေပြီ ဘာညာပေါ့။ ဒါကြော
ဘထွေး ရူးနေသလိုလို သတင်းတွေ ရွာထဲ ပျံ့နေတာပေ
နောက်ဆုံး ငါ့ဘထွေးကလည်း တကယ်ပျောက်သွားတော့ စိ
နောက်ပြီး ရွာကထွက်သွားတာလို့ပဲ ပြောကြတော့တာပေ
ဘထွေး မရူးဘူးဆိုတာကိုတော့ ဘထွေးရဲ့ ရွှေဒင်္ဂါးတွေ ရလို
တဲ့ ငါတို့မိသားစုပဲ သိကြတာပေါ့ကွာ။ ဒါပေမဲ့ ဒီအကြောင်း
ငါတို့ကလည်း လူတွေကို ဘယ်ပြောမှာတုံးကွာ၊ ဒီတော့ ဘထွေ
စိတ်နောက်ပြီး ထွက်သွားတဲ့အတိုင်းပဲ ထားလိုက်ရတာပေါ့ကွ

"အင်း ကျုပ်လည်း ဘင်ဂျိုဘစောအကြောင်းကို အခု





သိရတော့တယ်ဗျာ လေးလေးချက်ကြီးရာ၊ တော်တော်ကို စိတ်
ဝင်စားစရာကောင်းတာပဲဗျာ"

ဘင်ဂျိုအေးကိုက ပရိသတ်ရဲ့ တောင်းဆိုမှုကြောင့်
'သက်ဝေ' သီချင်းကို တစ်ခါထပ်ပြီး ဆိုတီးပြတယ်ဗျ။ အဲဒါ
ပြီးတော့ တီးဝိုင်းလည်းသိမ်းသွားတယ်။ ညနှစ်နာရီလည်း ကျော်
ပြီလေဗျာ။

နောက်နေ့ကျတော့ မင်္ဂလာဘိက်သိက်သွန်း တီးဝိုင်းက
လည်း မင်္ဂလာသီချင်းတွေ တီးကြမှုတ်ကြ အို စည်လိုက်တဲ့
မင်္ဂလာဆောင်ဗျာ။ ပြီးတော့ အကျွေးအမွေးကလည်း တော်ရုံ
တန်ရုံ အလှူမျှား ဒီမင်္ဂလာဆောင်ကို ဘယ်မှီပါ့မလဲဗျာ။

ကျုပ်ဖြင့် ဘယ်မှကို မသွားတော့ဘဲ အိမ်မှာပဲ နားနေ
တာ နှစ်ရက်တောင် ရှိပြီဗျ။ ဒီနေ့လည်း အမေချက်တဲ့ ခြံစည်းရိုး
ဟင်းရွက်စုံကြော်ချက်ကလေးရယ် နှမ်းပတ်ချဉ်သုတ်ကလေး
ရယ်နဲ့ ထမင်းနှစ်ပန်းကန်လောက်စားပြီး ဝိုင်းထဲက မန်ကျည်းပင်
ကြီးအောက်မှာ သစ်သားကွပ်ပျစ်ကလေးကို ပုဆိုးဟောင်းလေးနဲ့
ခါလိုက်တယ်။ နွေဆိုတော့ ကျုပ်တို့အညာမှာ လွှတ်ဖုန်ထတာဗျ။
ကျုပ် ခေါင်းအုံးနေကျ ဝါးဘိုးခြမ်းလေးပေါ်မှာ ပုဆိုးဟောင်း
လေးကို ခေါက်ပြီး ခင်းလိုက်တယ်။ နဂါးဆေးပေါ့လိပ်ကလေးကို
ခနေဖြူဒေါ်ရီ မီးခတ်ကလေးနဲ့ခတ်ပြီး မီးညှိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးဆေးပေါ့လိပ်ကလေးကို နှစ်ဖွာ သုံးဖွာလောက် ဖွာပြီး မျက်စိက မဖွင့်နိုင်တော့ဘူးဗျို့။ ကျုပ်လည်း ဆေးပေါ့လိပ်ကလေးကို ပြာခံခွက်ကလေးထဲကို ချထားလိုက်တယ်။

ဝါးဘိုးခြမ်းပေါ်ကို ခေါင်းချလိုက်တာနဲ့ကို အိပ်ပျော်သွားတာပါပဲဗျာ။

"တာတေ ဆရာဖိုးကို နင်လိုက်ပြီးကူညီလိုက်ပါ"

မဖဲဝါရဲ့အသံကြီးဗျ၊ ကျုပ် ကြားလိုက်တာ။ အသံပဲ ကြားရတာဗျ။ မဖဲဝါကို ကျုပ် မြင်ရတာ မဟုတ်ဘူး။

"တာတေ ဆရာဖိုးကို နင် လိုက်ကူညီလိုက်"

ဟော ကြားပြန်ပြီ။ ကျုပ် ဟိုကြည့် ဒီကြည့်နဲ့ လိုက်ရှာကြည့်တယ်။ ဘယ်သူ့ကိုမှ မတွေ့ဘူးဗျ။ အသံကတော့ မဖဲဝါရဲ့ အသံအစစ်ပဲဆိုတာ ကျုပ်သိတယ်။

"တာတေရေ ဟေ့ကောင် တာတေ၊ ဟာ ဒီကောင် ဇိမ်ယူနေတာကိုး"

ကျုပ် ဖျတ်ကနဲ လန့်နိုးသွားတယ်။ ဒီတော့မှ နေ့ခင်းကြောင်တောင် ကျုပ် အိပ်မက် မက်နေတာကို သိတော့တာဗျ။ ဝိုင်းဝကို လှမ်းကြည့်လိုက်တော့ ဝါးဖတ်ခမောက်ကလေး ဆောင်းပြီးရပ်နေတာ ချော်တွင်းကုန်းက ကိုကြီးသိန်းမောင်ဗျ။ အရပ်ကြီးက ကလန်ကလားကြီးနဲ့ သွားအဖွေးသားနဲ့ ကျုပ်ကို





ရယ်ကျဲကျဲလုပ်ပြီး ကြည့်နေတာဗျ။

ကျုပ်လည်း သစ်သားကွပ်ပျစ်ပေါ်မှာ လူးလဲထလိုက်ပြီး "ကိုကြီးသိန်းမောင် လာလေဗျာ၊ ခင်ဗျား ကျုပ်အိမ်လာတာကို ဧည့်သည်လုပ်နေရလားဗျ"

ကိုကြီးသိန်းမောင်က တကယ့်လူရိုးကြီးဗျ။ အသက်သုံးဆယ်လောက်ရှိပြီ။ အိမ်ထောင်လည်း မပြုဘူး။ မိဘတွေယာမှာပဲ အလုပ်လုပ်တာ။ ညီအစ်ကိုနှစ်ယောက် ရှိတာဗျ။ သူ့ညီက ကိုသိန်းဆောင်တဲ့။ သူ့ထက် သုံးနှစ်လောက်ငယ်တယ်။ ကိုသိန်းဆောင်လည်း သူ့လိုပဲ လူရိုးကြီးပါပဲဗျာ။

အလုပ်တော့ လွတ်လုပ်တဲ့ လူတွေဗျို့။ အသောက်အစား လောင်းကစားကလည်း ကင်းကြတယ်ဗျ။

ရပ်ကျိုးရွာကျိုးကလည်း အလွန်လုပ်တဲ့ ညီအစ်ကိုတွေဗျ၊ ချော်တွင်းကုန်းသားတွေထဲမှာ ကိုကြီးသိန်းမောင်တို့ ညီအစ်ကိုက တကယ့်ကို လူရိုးသေရှင်ရိုးသေပါပဲဗျာ။

ကျုပ်ခေါ်လိုက်တော့မှ ဝိုင်းထဲကို ခြေလှမ်းကျဲကြီးတွေနဲ့ လှမ်းဝင်လာတာဗျ။

"ကိုကြီးသိန်းမောင် ကုန်းကြောင်းလာတာလား။ လှည်းမပါခဲ့ဘူးလား"

"မပါဘူး တာတေရ၊ ငါ ကုန်းကြောင်းပဲ လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"နွားမအားလို့လား"

"အေးကွ၊ သိန်းဆောင်က ဒီနေ့အစောကြီးကတည်းက ထပြီး ဆီကြိတ်နေတော့ နွားတွေ ပင်ပန်းနေတာနဲ့ လှည်း မကောက်တော့ဘူးကွာ၊ ဒီအတိုင်းပဲ လျှောက်ခဲ့တော့တယ်"

ကျုပ်က အိမ်နောက်ပေါ် တက်ပြီး ရေနွေးဗန်းနဲ့ လက်ဖက်အုပ်ကလေး ယူခဲ့တယ်။ ကျုပ်တို့အညာအိမ်တွေကတော့ လက်ဖက်တို့ မြေပဲကြော်တို့ဆိုတာ ပြတ်တယ်လို့ မရှိပါဘူးဗျာ။

ကိုကြီးသိန်းမောင်ကို နဂါးဆေးပေါ့လိပ်အသစ်တစ်လိပ်ကို မီးညှိပြီး တည်လိုက်တယ်။ ကိုကြီးသိန်းမောင်က ဆေးပေါ့လိပ်ကလေး သုံးလေးဖွာ ဖွာပြီး ချထားလိုက်တယ်။

ပြီးတော့ ကျုပ် ငှဲ့ပေးတဲ့ ရေနွေးကြမ်းပူပူကလေးကို 'ဝူး'ကနဲမှုတ်ပြီး ကြိုက်ချလိုက်တယ်။ လက်ဖက်တစ်ဇွန်းလည်း ခပ်ပြီးစားတယ်။

"ဒီလိုဟေ့ တာတေရေ၊ ငါတို့အိမ်မှာ ဆရာကြီး တစ်ယောက် ရောက်နေတယ်ကွ"

"ဟင် ဘယ်ကဆရာကြီးတုံးဗျ၊ ဆေးဆရာလား"

"ငါတို့အဘငယ်ငယ်က အကာအကွယ်ဆေးတွေ ထိုးပေးတဲ့ ဆရာလို့ ပြောတယ်ကွ၊ ကိစ္စလေးတစ်ခုရှိလို့ ရောက်လာတာ။ ဆရာကြီးက အသက်ခုနစ်ဆယ်လောက် ရှိပြီကွ၊ ဒါပေမဲ့





တော်တော်ကို သန်သန်မာမာ၊ ဖျတ်ဖျတ်လတ်လတ် ရှိတယ်ကွ၊ အခု ငါ့အဘဆီကို ရောက်လာတာက ကိစ္စတစ်ခု ရှိလို့တဲ့ဟေ့"

"ဟင် ဘာကိစ္စများတုံး ကိုကြီးသိန်းမောင်ရဲ့"

"သိုက်တူးမလို့တဲ့ကွ"

"ဗျာ. . . သိုက်တူးဖို့ ဟုတ်လား၊ မဖြစ်နိုင်တာဗျာ"

"ဖြစ်နိုင်တယ်ကွ၊ တာတေရဲ့ ဒီဆရာကြီးက သီလသမာဓိ အတော်ရှိတာ၊ သူများ အသွေးအသားကို လုံးဝမစားဘူးကွ၊ သက်သတ်လွတ်နဲ့ ကျင့်စဉ်ဝင်နေတာ နှစ်ပေါင်းမနည်းတော့ဘူးဆိုပဲကွ။ အခု သူ သိုက်တူးမယ်ဆိုတာကလည်း သိုက်ထဲက ပစ္စည်းဥစ္စာတွေကို လိုချင်တပ်မက်လို့ မဟုတ်ဘူးကွ"

"ဟင် ဒါဖြင့် ဘာလို့တူးမှာတုံး"

"သိုက်ထဲက ရွှေပုရပိုဒ်ကို ဖတ်ချင်လို့တဲ့ကွ၊ သူ ပညာအဆင့်တက်ဖို့အတွက် အဲဒီသိုက်ထဲက ရွှေပုရပိုဒ်ကို ဖတ်ရမှ ဖြစ်မှာတဲ့ကွ"

"ဟာ အဲဒီရွှေပုရပိုဒ်ကို ယူလို့ရပါ့မလားဗျ၊ ကိုကြီးသိန်းမောင်ရဲ့"

"မဟုတ်ဘူးကွ တာတေရဲ့ ဆရာကြီးက အဲဒီရွှေပုရပိုဒ်ကို ယူမှာမဟုတ်ဘူးကွ၊ အဲဒီနေရာမှာတင် ဖတ်မှာ၊ ဖတ်ပြီးတာနဲ့ သိုက်ထဲက ပြန်ထွက်မှာတဲ့ တာတေရဲ့ သိုက်ထဲက ပစ္စည်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အပ်တိုတစ်ချောင်းတောင် မယူဘူးတဲ့ကွ”

“ဩော် ဒီလိုလား”

“အေး အဲဒီနေရာမှာ သူ့နောက်က တပည့်တစ်ယောက် လိုချင်လို့တဲ့ကွ၊ အဲဒီတပည့်က သတ္တိကောင်းရမယ်တဲ့၊ ပြီးတော့ လောဘစိတ်ရှိတဲ့လူ မဟုတ်ရဘူးတဲ့။ ဆရာ့စကားကို နားထောင်တဲ့သူ ဖြစ်ရမယ်တဲ့ကွ။ ဆရာကြီးပြောတော့ ငါက မင်းကို တန်းမြင်တာပေါ့။ သိန်းဆောင်ကလည်း အဲဒီလိုလူဟာ ဒီနယ်မှာ တာတေတစ်ယောက်ပဲ ရှိတယ်ကွ အစ်ကိုကြီးရလို့ ပြောတယ်”

“ဩော် ကျုပ်က အဲဒီဆရာကြီးရဲ့ တပည့်လုပ်ပြီး သိုက်ထဲကို **ဝင်လိုက်ရမယ်** ဆိုပါတော့ဗျာ”

“အေး ဟုတ်တယ်၊ ဟုတ်တယ်၊ တာတေရေ”

တာတေ ဆိုတဲ့ ကျုပ်ကလည်း ဒီလိုထူးထူးဆန်းဆန်း ကိစ္စတွေဆိုရင် ဘယ်တုန်းကမှ လက်လွှတ်ရိုးထုံးစံ မရှိဘူးလေဗျာ။ အဲဒါနဲ့ အမေ့ကို ပြောပြပြီး ကျုပ် ကိုကြီးသိန်းမောင်နဲ့ တစ်ခါတည်း လိုက်ခဲ့တယ်။ လမ်းရောက်တော့မှ ကျုပ်က ကိုကြီးသိန်းမောင်ကို မေးမိတာဗျ။

“နေပါဦးဗျ ကိုကြီးသိန်းမောင်ရဲ့၊ အဲဒီဆရာကြီးရဲ့ နာမည်က ဘယ်သူတဲ့တုံး”

“ဆရာဖိုးတဲ့ကွ”





“ဗျာ ဆရာဖိုး ဟုတ်လား ကိုကြီးသိန်းမောင်”

ကျုပ်က တအံ့တသြ မေးလိုက်တော့ ကိုကြီးသိန်းမောင်က အံ့သြပြီး ကျုပ်ကို ကြည့်တယ်ဗျ။

“မင်း သိလို့လား တာတေ”

“ဟာ မသိပါဘူးဗျာ၊ စောစောက အိပ်နေတုန်း အိပ်မက်ထဲမှာ မဖဲဝါက ကျုပ်ကို နှစ်ခါတောင် ပြောတာဗျ”

“ဟေ မဖဲဝါ ဟုတ်လား၊ မဖဲဝါက ဘာပြောလို့တုံး”

“ဆရာဖိုးကို လိုက်ပြီးကူညီလိုက်ပါတဲ့ဗျာ”

“ဟေ ဟုတ်လား တာတေ၊ ထူးဆန်းလှချည်လားကွ”

ဆရာဖိုးဆိုတာ ဖြူဖြူသွယ်သွယ်ဗျ။ ဥပမိရုပ်ကတော်တော်ကို ခန့်ညားတဲ့ ပုဂ္ဂိုလ်ပါဗျာ။ သီလ သမာဓိ အပြည့်ရှိတဲ့ပုံဗျ။

အဲဒီညမှာ ဆရာဖိုးက ကျုပ်ကို အင်းသုံးချပ် ပေးတယ်။ ပထမအင်းက နဂါးတွေလာရင် ပစ်ရမယ်တဲ့ဗျ။ ဒုတိယအင်းက ဂဠုန်တွေလာရင် ပစ်ရမယ်တဲ့ဗျ။ တတိယအင်းကတော့ သက်စောင့်အင်းဆိုပဲ။ အင်မတန်လိုအပ်မှ ပစ်ရမှာတဲ့ဗျ။

ချော်တွင်းကုန်း အနောက်ဘက်ကို ဆရာဖိုးနဲ့ ကျုပ် ထွက်လာခဲ့ကြတယ်။ ညဆယ်နာရီတိတိဗျ။ လရောင်ဖျော့ဖျော့လေးက ယာခင်းတွေထဲကို အလင်းရောင်ဝါးဝါးလေး ကျနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယာခင်းကြီးတစ်ခုထဲကိုရောက်တော့ ဆရာဖိုးက ရပ်လိုက်တယ်။ ယာတောအစပ်မှာ ပေါက်နေတဲ့ ထန်းပင်တွေ၊ ထနောင်းတွေ၊ သမုန်းပင်တွေ အနေအထားကို အကဲခတ်ပြီး ကြည့်တယ်။

"ဒီနေရာပဲကွ မောင်တာတေရ၊ ကဲ မင်း နောက်ကို နည်းနည်းဆုတ်နေ၊ ဆရာ သိုက်ကို အမိန့်ပြန်ပြီး အင်းပစ်တော့မယ်"

ကျုပ်က နောက်ကို နည်းနည်းဆုတ်နေလိုက်တယ်။ ဆရာဖိုးက ဂါထာတွေ၊ မန္တန်တွေ ရွတ်ပြီး အမိန့်တော်ပြန်တယ်။ အမိန့်ပြန်ပြီးတာနဲ့ လက်ထဲက အင်းနဲ့ ပစ်လိုက်တယ်။

"ဝုန်း"

ဟာ 'ဝုန်း' ဆိုတဲ့အသံကြီးနဲ့ ဘွားကနဲ ပေါ်လာတာ နန်းဆောင်ကြီးဗျ။ ရှေ့မှာ ဝင်းတံတိုင်းအမြင့်ကြီးနဲ့ ကနုတ်ပန်းတွေ ဖော်ထားတဲ့ တံခါးကြီးနှစ်ချပ် ပိတ်လို့။

ဆရာဖိုးက ပါးစပ်က မန္တန်တွေရွတ်ပြီး နောက်ထပ် အင်းတစ်ချပ်နဲ့ ထပ်ပြီးပစ်လိုက်တယ်။

"ဝုန်း"

ဟာ တံခါးကြီးနှစ်ချပ် ဝုန်းကနဲ ပွင့်သွားတာဗျို့။ ဆရာဖိုးက ကျုပ်ကို ခေါင်းညိတ်ခေါ်ပြီး ရှေ့ကနေ ဝင်ချသွားတယ်။





ကျုပ်လည်း နောက်ကလိုက်ရတာပေါ့ဗျာ။ ဟာ စစ်သည်တွေ ပြေးထွက်လာပြီဗျို့။ လှံတွေ၊ ဓားတွေ တဝင်းဝင်းနဲ့ဗျာ။ အသည်းယားစရာကောင်းလိုက်တာ။

ဟော ဆရာဖိုးက အင်းနဲ့ပစ်ပြီဗျို့။

"ရွှီး" "ရွှီး" "ရွှီး"

ဒီတစ်ခါပစ်တဲ့အင်းက အသံမြည်ပြီး ဝင်းကနဲ ဝင်းကနဲ့ ပျံနေတာဗျို့။ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို လှစ်ကနဲ လှစ်ကနဲ ပြေးနေတာ။ ဟော ဆရာဖိုးက အင်းကို ပြန်ဖမ်းပြီး ယူလိုက်တယ်။ ဟာ ပြေးထွက်လာတဲ့ စစ်သားနှစ်ဆယ်လောက် ပြေးလာတဲ့ ပုံစံအတိုင်း ကျောက်ရုပ်တွေလို ငြိမ်သွားတယ်ဗျို့။ ကျုပ်ဖြင့် တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ မြင်ဖူးတာပါဗျာ။

ဆရာဖိုးက ရှေ့က ခပ်သွက်သွက် သွားတယ်။ ကျုပ်က သူ့နောက်က ခပ်သုတ်သုတ် လိုက်ရတာပေါ့ဗျာ။ ဆရာဖိုးက လည်း ဆေးလွယ်အိတ်ကြီးတစ်လုံး စလွယ်သိုင်း လွယ်လို့ဗျ။

ကျုပ်တို့ဆရာတပည့် ဥယျာဉ်ကြီးတစ်ခုကို ဖြတ်ပြီး လျှောက်တယ်။ နန်းဆောင်ကြီးတစ်ခုရှေ့ကို ရောက်လာတယ်။ ရွှေရောင်တံခါးကြီးတစ်ချပ် ပိတ်လို့ဗျ။ ဆရာဖိုးက လှစ်ကနဲ အင်းတစ်ချပ် ပစ်သွင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဟော တံခါးကြီး ပွင့်သွားပြီ။ ဟာ ပြေးထွက်လာကြပြီ ဗျို့။ မိန်းကလေးတွေချည်းပဲဗျ။ အားလုံး ချောချောလှလှတွေ ချည်းပဲ။ ဒါပေမဲ့ အားလုံး ဓားတွေဝင့်ပြီး ပြေးလာကြတာဗျို့။ ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း အရောင်မျိုးစုံဗျ။ ရှေး ခေတ်က အဝတ်ပုံစံတွေပေါ့ဗျာ။

"ရွှီ" "ရွှီ"

ဟော လွှတ်လျှင်တဲ့ ဆရာဖိုးဗျာ။ အင်းပစ်လိုက်ပြီဗျာ ဟာ ဒါ စောစောက အင်းပဲဗျို့။ အရပ်လေးမျက်နှာကို ဝင်းကနဲ ဝင်းကနဲနဲ့ လှစ်ကနဲ လှစ်ကနဲ ပြေးနေတာဗျ။ အားလုံးငြိမ်သွား ပြီ။ ပြေးလာတဲ့ပုံအတိုင်း ကျောက်ရုပ်တွေပဲ ဖြစ်သွားတာဗျ။

ဆရာဖိုး အဲဒီမိန်းကလေးတွေကိုကျော်ပြီး သုတ်သုတ် သုတ်နဲ့ ဝင်သွားတယ်။ သူသွားတဲ့နေရာကို ကျုပ် လှမ်းကြည့် လိုက်တော့ ရွှေကလပ်နဲ့ တင်ထားတဲ့ ရွှေပုရပိုဒ်ကြီးတစ်ဆူ လက်စသတ်တော့ ဆရာဖိုး လာရှာတာ ဒီပုရပိုဒ်ကြီးကိုး။ ဆရာ ဖိုးက အပြေးအလွှားသွားပြီး ပုရပိုဒ်ကြီးဘေးမှာ ရိုရိုသေသေ ကြုံ့ကြုံ့လေးထိုင်ပြီး ဖတ်တော့တာပဲဗျို့။

ကျုပ်အလှည့် ရောက်ပြီလေ။

ဆရာဖိုး ပေးထားတဲ့ အင်းတွေကို အစဉ်အတိုင်း





ထပ်ပြီး ကျုပ်ကိုင်ထားတယ်။ ဘေးဘီကိုလည်း ကျုပ် လှည့်ပတ် ကြည့်နေရတယ်။ ကျုပ် ပေါ့ဆလို့ မဖြစ်ဘူးဗျ။ ဆရာဖိုးရဲ့ အသက်က ကျုပ်လက်ထဲမှာ ရှိနေပြီလေဗျာ။ ပြောရရင်တော့ ကျုပ်အသက်လည်း ပါတာပေါ့ဗျာ။

"ရွှီ၊ ရွှီ၊ ရွှီ"

ဟာ နောက်ဘက်ကနေ မြွေကြီးတွေ ထွက်လာပြီ။ အောင်မယ်လေး ပါးပျဉ်းကြီးတွေခွက်လို့ဗျာ၊ ကြောက်စရာကြီး တွေဗျ။ ဘယ်နှကောင်မှန်းတောင် မသိပါဘူးဗျာ။ ရွှေပုရပိုဒ်ကြီး ကို သဲကြီးမဲကြီး ဖတ်နေတဲ့ ဆရာဖိုးကတော့ ဘာကိုမှ သိပုံမပေါ် ဘူးဗျ။ ကျုပ်သာ ချွေးသီးချွေးပေါက်တွေ ကျနေတာဗျို့။

ကျုပ်ရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။ ဆရာဖိုးက နဂါး လာရင် ပစ်ဖို့ဆိုပြီး အင်းပေးထားတာဗျ။ အခုတော့ နဂါး မလာ ဘဲ မြွေတွေလာတာ။ ဘာပဲဖြစ်ဖြစ် မြွေလည်း နဂါးပဲပေါ့ဗျာ။ ဆဲတွာ ကျုပ် ပစ်ပြီဗျို့။ အင်းနဲ့ လှမ်းပစ်လိုက်ပြီ။

"ဝုန်း"

ဟာ မီးခိုးလုံးကြီးထပြီး မြွေတွေ ပျောက်သွားပြီဗျို့။ ကျုပ်လည်း တော်တော်ကို အားတက်သွားတာဗျာ။

ဆရာဖိုးကတော့ ဖတ်တယ်ဗျို့။ ခေါင်းကို စိုက်နေတာပဲ ဗျာ။ ရွှေပုရပိုဒ်ထဲကစာတွေကို အလွတ်ကျက်နေတာ ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ဒီအဘိုးကြီး ကြည့်ရတာ ဉာဏ်ကောင်းမယ့်ပုံပဲ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ ဘာသံတွေတုံးဗျ။ အမယ်လေး လင်းနို့ကြီးတွေဗျို့။ ကျုပ်တို့နဲ့ မလှမ်းမကမ်းမှာ ပျံနေတာဗျ။ အလို မျက်နှာတွေက လူမျက်နှာကြီးတွေဗျို့။ အကောင်က ကြောင်ကြီးကြီးတစ်ကောင် လောက်ရှိမယ်။ အတောင်ပံကတော့ လင်းနို့တောင်ပံကြီးတွေဗျ။ ဆရာဖိုး ပြောတော့ ဂဠုန်လာမယ် ပြောပေမယ့် အခုလာတာက လူမျက်နှာနဲ့ လင်းနို့ကြီးတွေဗျ။ အကောင်သုံးဆယ်လောက် ရှိမယ်။ ကျုပ် ရှေ့ကို နှစ်လှမ်း တိုးလိုက်တယ်။

ကဲကွာ ဂဠုန်ဖြစ်ဖြစ်၊ လင်းနို့ဖြစ်ဖြစ် ငှက်ပဲဗျာ။ ကျုပ် ပစ်ပြီဗျို့။ ဒုတိယဂဠုန်အင်းနဲ့ ပစ်လိုက်ပြီ။

"ဝုန်း၊ ဝုန်း"

ဟာ မီးခိုးတွေ အလုံးလိုက်ထွက်ပြီး ပျောက်သွားပြီဗျို့။ ကျုပ်ဖြင့် စိတ်ထဲမှာ ပျော်လိုက်တာ မပြောပါနဲ့တော့ဗျာ။

ဆရာဖိုးက သူ့ရဲ့ ရွှေပုရပိုဒ်ကြီးကို စူးစိုက်ပြီး ဖတ်နေ တုန်းပဲဗျ။ ကျုပ်လည်း နောက်ဆုံးအင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကြည့်နေရတာပေါ့ဗျာ။ ဒါပေမဲ့ ဘာမှမလာတော့ဘူးဗျ။ ငြိမ်သွားပြီ။

ဟော ပြီးပြီ။ ဆရာဖိုး ဖတ်လို့ပြီးသွားပြီ။ ခပ်သုတ်သုတ်





ပြီး ကျုပ်ဆီကို လျှောက်လာတယ်။

"မောင်တာတေ မင်းကတော့ အာဂကောင်ပဲကွာ၊ ကျုပ်တို့ အောင်သွားပါပြီ၊ သိုက်ထဲက ပြန်ထွက်ဖို့ပဲ ရှိပါတော့တယ်"

"ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟာ ဒါ ဘာသံတုံးကွ၊ မောင်တာတေရဲ့"

"ဒါ ဘင်ကျိုတီးတဲ့အသံဗျ၊ ဆိုနေတဲ့ သီချင်းက နန်းကြာညိုကြော့ ယိုးဒယားဗျ"

"အေး တော်တော်ကိုကောင်းတဲ့ အဆိုအတီးပါလားကွဲ့၊ သတိထားဟေ့ မောင်တာတေ၊ သိုက်နန်းရှင်ရဲ့ မာယာတွေ ဖြစ်နေဦးမယ်ကွ"

"ဟာ မ မဟုတ်ဘူး ဆရာကြီး၊ ဒါ ဒါ ကျုပ်တို့ရွာက ဦးဘစောကြီး အသံဗျ၊ ဘင်ကျို ဘင်ကျိုဘစောဗျ"

"ဟေ ကြံကြီးစည်ရာ မောင်တာတေရာ၊ မင်းတို့ရွာက ဘင်ကျိုဆရာက ဒီသိုက်ထဲမှာ ရှိပါ့မလားကွ၊ ဒါ သိုက်နန်းရှင်ရဲ့ မာယာပဲဟေ့၊ သတိထား မောင်တာတေ"

"ဟာ မ မဟုတ်ဘူး ဆရာကြီး၊ ဘင်ကျိုဘစော ပျောက်သွားတာ ဆယ်နှစ်ကျော်ပြီဗျ။ ကျုပ် သွားကြည့်ချင်တယ် ဆရာကြီး ဟိုဘက်အဆောင်က ထွက်လာတဲ့ အသံဗျ"

"ကဲ ဒါဆိုလည်း ဆရာကြီးပါ လိုက်မှာပေါ့ကွာ၊ ခပ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သုတ်တော့ သွားပေါ့၊ အချိန်ကြာလို့ မဖြစ်ဘူးကွ”

ပတ္တမြားရောင်တောက်နေတဲ့ နန်းဆောင်ကြီးရဲ့ ကြွေ သွေးရောင် လိုက်ကာစကြီးတွေကို မ,ပြီး ကျုပ် အထဲကို ကြည့်လိုက်တယ်။ ဟာ နန်းဆောင်တစ်ခုလုံး မွှေးပြီး လင်းနေတာဗျ အို ရွှေသလွန်ပေါ် ထိုင်နေတဲ့မိန်းမက လှလိုက်တာဗျာ။ သူ့ဘေးမှာ မတ်တတ်ရပ်နေတဲ့ မိန်းကလေး လေးယောက်က ရွှေယပ်တောင်တွေ ကိုင်လို့ဗျ။ အားလုံးကတော့ ကျောက်ရုပ်တွေလို ငြိမ်နေတာပေါ့ဗျာ။ ဆရာဖိုးရဲ့ အင်းအစွမ်းက ထက်ပါဘိဗျာ

“သတိထား မောင်တာတေ၊ ဒီသိုက်ကို ရွှေကြာယံသိုက်လို့ ခေါ်တယ်၊ သလွန်ပေါ်ကဟာ ရွှေကြာယံသခင်မကွဲ့၊ ဘေးကဟာတွေက သူ့ရဲ့ ရံရွှေတော်တွေကွ”

ဟာ ဟုတ်ပ့ါဗျာ၊ ရွှေကြာယံသခင်မရဲ့ ရှေ့က ကတ္တီ ဖုန်ပေါ်မှာထိုင်ပြီး ဘင်ဂျိုကို အဆက်မပြတ်တီးနေတာ ကျုပ် ရွာက ဦးဘစောကြီးမှ ဦးဘစောကြီး အစစ်ဗျ။

သူက မျက်စိမမြင်တော့ ရွှေကြာယံသခင်မ အင်း အချုပ်ခံထားရတာကို မမြင်ဘူးပေါ့ဗျာ။ သူဖျော်ဖြေနေကျအင်းမှာ လာပြီးဖျော်ဖြေနေတာ ထင်တယ်ဗျ။

ကျုပ် ဘင်ဂျိုဘစောနားကို ပြေးကပ်လိုက်ပြီး သူ့ပခုံး လှုပ်လိုက်တယ်။





“ဦးဘစော၊ ဦးဘစော၊ ခင်ဗျား ထနောင်းကုန်းက ဦးဘစောမို့လား၊ ဘင်ဂျိုဘစော ဆိုတာလေ”

ဒီတော့မှ ဘင်ဂျိုဘစောက သူဆိုနေတဲ့ နန်းကြာညိုကြော့ကို ရပ်လိုက်ပြီး ပျာပျာသလဲနဲ့. . .

“အေး ဟုတ်တယ်၊ မင်းက ဘယ်သူတုံး”

“ကျုပ်က ထနောင်းကုန်းသား တာတေဗျ”

“မောင်တာတေ ဘစောကို မြန်မြန်ခေါ်ထုတ်သွား၊ ထင်တဲ့အပေါက်ကိုရောက်အောင် ပြေးတော့”

ကျုပ်လည်း ဘာမှတွေးမနေတော့ဘဲ မျက်မမြင် ဘင်ဂျိုဘစောကြီးရဲ့ ဘင်ဂျိုကို ပခုံးမှာထမ်းပြီး ဦးဘစောကြီးကို လက်တစ်ဖက်ကဆွဲပြီး ပြေးရတော့တာပေါ့ဗျာ။

လက်ထဲမှာလည်း ဆရာဖိုး ပေးထားတဲ့ သက်စောင့်အင်းက အဆင်သင့်ဗျ။ ဒါပေမဲ့ တံခါးပေါက်ကို ရောက်တဲ့အထိ ဘာမှအန္တရာယ် မတွေ့ခဲ့ပါဘူးဗျာ။

ကျုပ်တို့နောက်က ဆရာဖိုး ထွက်လာတယ်။

“ကဲဟေ့ မောင်တာတေ နောက်ဆုတ်၊ ကျုပ် သိုက်ပြန်ဖျောက်တော့မယ်”

ပြောပြောဆိုဆိုနဲ့ ဆရာဖိုးက အင်းနှစ်ချပ်ကို ဆက်ထိုက်ပစ်သွင်းလိုက်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း" "ဝုန်း"

ဟော သိုက်နန်းကြီး ပြုန်းကနဲ ပျောက်သွားပြီဗျို့။

"ပထမအင်းက သူတို့ကို အနှောင်အဖွဲ့က လွတ်စေ လိုက်တာ။ နောက်အင်းက သိုက်နန်းကြီးကို ပြန်ဖျောက်လိုက် တာကွ၊ ကဲ ခပ်သုတ်သုတ် သွားကြတော့ဟေ့၊ ဆရာကြီးတ နောက်က အခြေအနေကိုကြည့်ရင်း လိုက်ခဲ့မယ်"

ချော်တွင်းကုန်းကိုရောက်တော့ လင်းကြက်တောင် တွန် ပြီဗျ။ ဆရာကြီးက ဦးဘစောကို နောက်တစ်ခါ သိုက်က လာ မခေါ်နိုင်အောင် အင်းတစ်ချပ် ပြာချပြီး တိုက်တယ်။ မနက်ပိုင်း မှာပဲ ကိုကြီးသိန်းမောင်က ကျုပ်နဲ့ ဘင်ဂျိုဘစောကို သူ့လှည်းနဲ့ လိုက်ပို့တယ်။ ကျုပ် မပြန်ခင် ဆရာဖိုးက ကျုပ်ကို ကျေးဇူးတင် လွန်းလို့ဆိုပြီး အင်းတွေ ပေးလိုက်တယ်ဗျ။ ဆရာဖိုးရဲ့အင်းတွေ စွမ်းတာတော့ ကျုပ်လက်တွေ့ပါပဲဗျာ။

ထနောင်းကုန်းကိုရောက်တော့ ကျုပ်က လှည်းကို ကိုချက်ကြီးတို့ဝိုင်းအထိ တန်းမောင်းခိုင်းလိုက်တယ်။

"လေးလေးချက်ကြီး၊ မြန်မြန်လာဗျို့"

"ဟေ့ တာတေလား၊ ဘာဖြစ်လို့တုံးကွ"

"ဒီမှာ ခင်ဗျားဘထွေး ဘင်ဂျိုဘစောကို ကျုပ် ပြန်ခေါ် လာပြီဗျ"





"ဟေ ဟုတ်လား၊ ဘယ်မှာတုံး"

ဝိုင်းထဲက ကိုချက်ကြီးတို့မိသားစုတွေ ပြေးထွက်လာကြ တာဗျို့။

"ဟာ ဘထွေး"

"ဟာ အစ်ကိုလေးပါလား"

ပြောရင်းနဲ့ ဘင်ဂျိုဘစောကြီးကိုဖက်ပြီး ငိုကြပါလေ ရောဗျာ။ ဘင်ဂျိုဘစောကလည်း မျက်ရည်တွေ ကျလို့ဗျ။

ဒီသတင်းက ချက်ချင်းအိမ်နီးနားချင်းတွေဆီကို ပျံ့သွား ပြီး ရွာထဲကလူတွေပါ ရောက်ချလာကြတာပေါ့ဗျာ။ သူတို့တွေ ဝိုင်းထဲဝင်သွားတဲ့အချိန်မှာပဲ ကျုပ်နဲ့ ကိုသိန်းမောင်က လှည်းနဲ့ ပြန်ထွက်လာခဲ့ရတာဗျို့။

ကျုပ်တို့ရွာသားတွေဆိုတာ အံ့ဩလွန်းလို့ အဲဒီနေ့က ထမင်းစားဖို့တောင် မေ့နေကြတယ်ဆိုပဲ။

အဲဒီညကစပြီး ကျုပ်တို့ရွာထဲမှာ ဘင်ဂျိုဘစောရဲ့ နန်းကြာညိုကြော့ ဘင်ဂျိုသံလေးက အမြဲလွှမ်းနေတော့တာပေါ့ ဗျာ။

တာတေ

□□□



www.burmeseclassic.com



# ပေါ်ဂီသာရမှော်

ဒီတုန်းက ရန်ကုန်ထောင်ကြီး ရှိသေးတယ်ဗျ။ အဲဒီမှာ ထောင်မှူးကြီးက တာတေတို့ရွာသားဗျ။ ဦးအောင်စိန်တဲ့





ထောင်မှူးကြီးအောင်စိန် ဆိုရင် လူတိုင်းသိကြတာပေါ့ဗျာ။ ထောင်မှူးကြီးအောင်စိန် ဆိုတာကို ရွာက ကထိန်မှာ လာသွားတာတော့ ကျုပ် တစ်ခါမြင်ဖူးလိုက်တယ်။

ကျုပ်ကို လာခေါ်တာ သူဗျ။ ဦးအောင်စိန်ကြီးကိုယ်တိုင် လာခေါ်တာ။ ကျုပ်အကြောင်းကို ရွာကလူတွေက ပြောတာရှိမှာပေါ့ဗျာ။

သူတို့ထောင်ကြီးထဲမှာ သရဲတစ်ကောင် တော်တော်ကို သောင်းကျန်းနေတာတဲ့ဗျ။ ဒီသရဲက ဟိုတုန်းကတည်းက ရှိတာတဲ့။ ဦးအောင်စိန် သိတာကတော့ အင်္ဂလိပ်ခေတ်ကတည်းက ကျန်ခဲ့တဲ့ သရဲဆိုပဲ။ အင်္ဂလိပ်ခေတ်ကတည်းက ကြိုးပေးသတ်ခံရပြီး သရဲဖြစ်နေတာတဲ့ဗျ။ သူ့ကိုသတ်တဲ့ တပေါင်းလကွယ်နေ့ ညသန်းခေါင်မှာ အမဲသား သုံးပိဿာချက်နဲ့ ထမင်းကျွေးရတယ်ဆိုပဲ။ ဒါဆိုရင် ထောင်ကြီးကို ဒီသရဲက စောင့်ရှောက်သတဲ့ဗျို့။

ထောင်ဖောက်ပြေးတဲ့လူတွေဆိုရင် အုတ်ရိုးပေါ်က တန်းချတာဆိုပဲဗျ။ သူ့ကို တစ်နှစ် တစ်ခါ မပျက်မကွက် ကျွေးရတယ်တဲ့ဗျာ။

အခုတော့ တပေါင်းလကွယ် မရောက်သေးဘဲ သရဲက တအားသောင်းကျန်းနေလို့တဲ့ဗျာ။ အဆောင်တွေ ခေါင်မိုးပေါ်မှာ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ ညတိုင်း ပြေးလွှားပြီး အဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ခုန်ချလိုချတဲ့။ ညဆိုရင် ထောင်သားတွေလည်း ကောင်းကောင်းမအိပ်ကြရဘူးတဲ့ဗျို့။

အားလုံးလည်း ကြောက်နေကြပြီဆိုပဲ။ လူဆိုတာက ခက်တော့ခက်သားလားဗျ။ ထောင်ကျနေတဲ့ လူဆိုးလူမိုက်ကြီးတွေကလည်း သရဲကိုတော့ ကြောက်သားလားဗျ။

ကျုပ် ရန်ကုန်ထောင်ကြီးကိုရောက်တဲ့ညမှာပဲ မျက်ကွင်းဆေးကွင်းပြီး စောင့်ကြည့်တယ်ဗျ။ ဦးအောင်စိန်ကိုယ်တိုင်လည်း ကျုပ်နဲ့အတူ လိုက်လာတာဗျ။

"ဝုန်း" "ဖြောင်း၊ ဖြောင်း၊ ဖြောင်း"

ဟော ညသန်းခေါင်လောက်ရောက်တော့ ဇာတ်လမ်းစတော့တာပဲဗျို့။ မြောက်ဘက်က အိပ်ဆောင်ကြီးတစ်ခုကစပြီး ပြေးတာဗျို့။ ကျုပ်လည်း အသံကြားတဲ့ဘက်ကို ပြေးရတာပေါ့ဗျာ။ ဦးအောင်စိန်လည်း ကျုပ်နဲ့ လိုက်ပြေးသဗျ။

အသံကြားတဲ့ အိပ်ဆောင်ကြီးခေါင်မိုးကို ကျုပ် မော့ပြီး ကြည့်လိုက်တယ်။

ဟာ ဟုတ်ပါ့ဗျာ၊ သရဲကြီးဗျ။

ဟော ခုန်ပြီဗျို့။ နောက်ထပ်အိပ်ဆောင်ကြီးတစ်ခုပေါ်ကို ခုန်ကူးလိုက်ပြီဗျာ။ ဟာ ခုန်လိုက်တာများ အပေါ်ကို ခုနစ်လံရှစ်လံလောက် မြောက်တက်သွားတာဗျို့။





"ဒုန်း" "ဖြောင်း၊ ဖြောင်း၊ ဖြောင်း"

ဟော ခေါင်မိုးကြီးပေါ်မှာ ပြေးပြန်ပြီဗျို့။ ဟာ နောက်တစ်ဆောင်ရဲ့ ခေါင်မိုးပေါ်ကို ခုန်ကူးသွားပြန်ပြီဗျာ။

"ဖြောင်း၊ ဖြောင်း၊ ဖြောင်း၊ ဖြောင်း"

ပြေးပြန်ပြီဗျို့။ ဟုတ်တာပေါ့ဗျာ။ အိပ်ဆောင်ထဲက လူတွေ ဘယ့်နှယ်လုပ်ပြီး အိပ်နိုင်မှာတုံး။ ကျုပ်က မျက်ကွင်းဆေးကွင်းထားလို့သာ မြင်နေရတာပေါ့ဗျာ။

ဟာ ခုန်ပြန်ပြီဗျို့။ ဟာ ခုနစ်လံလောက်ကို မြင့်သွားတာဗျာ။ ဟော ထောင်အုတ်ရိုးကြီးပေါ်ကို ကျသွားတာဗျ။ ဟော ဟော ထောင်အုတ်ရိုးကြီးပေါ်မှာ မားမားကြီး လျှောက်သွားနေတာဗျာ။ ဒီတော့မှ ကျုပ်လည်း သေသေချာချာ ကြည့်ရတာဗျို့။

အရပ်ကတော့ ခုနစ်ပေလောက် ရှိမယ်ဗျ။ ဆံပင်က ကျောကုန်းလောက်အထိ အုပ်နေတာ၊ မျက်နှာကြီးကိုပါ ဆံပင်တွေက အုပ်နေတာဗျို့။ ခါးမှာတော့ ပုဆိုးဖြူဖြူကြီး စည်းထားတယ်။

ဟော ထောင်ဘူးဝကြီးတည့်တည့်မှာ ငုတ်တုတ်ကြီး ထိုင်နေပြီဗျို့။ ကျုပ်က ကျုပ်မြင်တာကို ဦးအောင်စိန်ကို ပြောပြလိုက်တယ်။

"မောင်တာတေ ဒါဆိုရင် ဘယ်လိုလုပ်မတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်လည်း မသိဘူးဗျ၊ ဦးအောင်စိန်ရဲ့ ဒီကိစ္စ မနက်ဖြန်ညရောက်မှ ကျုပ် မဖဲဝါကို မေးပေးမယ်”

“ဟေ ဟုတ်လား၊ မဖဲဝါကို မင်းမေးလို့ ရသလားကွ မောင်တာတေရ”

“ရပါတယ်ဗျ၊ ဒါပေမဲ့ ကျုပ်လိုအပ်တာလေးတွေတော့ ဦးအောင်စိန် စီစဉ်ပေးမှဖြစ်မယ်”

“ဟာ လုပ်ပေးရမှာပေါ့ကွ မောင်တာတေရ၊ ကဲ ပြော မောင်တာတေ ဘာတွေလိုအပ်တုံး”

“အမဲသား နှစ်ပိဿာ ဟင်းတစ်အိုး ချက်ပေးပါ၊ ထမင်း တစ်ခွက်ချက်တစ်အိုး ချက်ရမယ်၊ ငှက်ပျောဖက်နဲ့ ထမင်း တောင်းလေး ပြင်ပေးပေါ့ဗျာ”

“ဟာ ရစေရမယ်ကွာ၊ မင်း ဘယ်တော့လောက် လိုချင်တာတုံး”

“မနက်ဖြန် ညနေခြောက်နာရီရရင် ပြီးရောဗျာ”

“ဟာ ရတာပေါ့ကွ၊ မောင်တာတေရ၊ ဒါ ရန်ကုန်မြို့ကြီး ပဲကွာ၊ အချိန်မရွေး ဝယ်လို့ရပါတယ်၊ ကဲ နောက်ထပ်ကော ဘာလိုသေးတုံး”

“နတ်ဝင်သည်တစ်ယောက် ခေါ်ပေးဗျာ”

“ဟေ နတ်ဝင်သည် ဟုတ်လား၊ နတ်ကတော်ပေါ့”





“ဟုတ်တယ်ဗျ၊ မဖဲဝါ ဝင်မှာလို့လည်း ပြောဗျာ၊ ဒါကို ကူညီရင် ကျန်းမာမယ်၊ စီးပွားတက်မယ်လို့လည်း ပြောဗျာ”

“ဩော် ဒီလိုလား၊ ရတယ်၊ ရတယ်၊ ဒီအတွက်တော့ နည်းနည်းမှကို မပူနဲ့ မောင်တာတေ၊ ဟောဒီထောင်ကြီးထဲက ထောင်မှူးကတော်တွေက အလကားနေရင် နတ်ပဲ မေးနေတာ ကွ၊ သူတို့ကို ခေါ်ခိုင်းလိုက်ရင် နတ်ဝင်သည်တစ်ယောက် မကဘူး၊ နှစ်ဆယ် သုံးဆယ်လောက်တောင် ရဦးမယ်”

“ဟာ တစ်ယောက်ပဲ၊ တစ်ယောက်ပဲ၊ တစ်ယောက်ဆိုရင် ရပြီဗျ”

ရန်ကုန်မြို့ကြီးဆိုတော့လည်း လိုတာအကုန်ရတာပေါ့ဗျာ။ ကျုပ်တို့တောလို မရှားဘူးပေါ့။ နောက်နေ့ညနေ ငါးနာရီထိုးတာနဲ့ ကျုပ်လိုချင်တာတွေအားလုံး ရနေပြီဗျ။ နတ်ကတော်က ဒေါ်စိန်တဲ့။ ကျုပ်တို့အညာသူ နတ်ကတော်တွေလို မဟုတ်ဘူးဗျ။ အသားဖြူဖြူ ပိန်ပိန်ပါးပါးပဲ။

ညကိုးနာရီလောက်မှ ရန်ကုန်မှာက လူခြေတိတ်တာကိုဗျ။ ကျုပ်ကို ဦးအောင်စိန်က ဂျစ်ကားလေးတစ်စီးနဲ့ လိုက်ပို့တယ်။ သင်္ချိုင်းကုန်းကြီးဗျ။ အကျယ်ကြီးပါပဲဗျာ။ မြို့ကြီးကလည်းကြီးတော့ သင်္ချိုင်းကုန်းကြီးကလည်း ကြီးတာပေါ့ဗျာ။ ဘယ်သင်္ချိုင်းမှန်းတော့ ကျုပ်လည်း မသိဘူးဗျ။ ဦးအောင်စိန် ခေါ်လာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာက ကားမောင်းတဲ့ ရဲသားရယ်၊ ဦးအောင်စိန်ရယ်၊ နတ်ဝင်သည် ဒေါ်စိန်ရယ်၊ ကျုပ်ရယ်ဗျ။

ကားမောင်းတဲ့ ရဲသားက ထမင်းတောင်း ထမ်းလာတယ်။ ကျုပ်က ခပ်ကြီးကြီး၊ ဗျက်ကျယ်ကျယ် ဂူတစ်လုံးကို လိုက်ရှာတာပေါ့ဗျာ။

ဟော တွေ့ပြီဗျို့။ ဘုရားဒကာကြီး ဦးကောက် ဆိုပဲ။ ဂူရှေ့မှာက မြေနေရာအလွတ်ကလေးရှိတယ်။ မြက်ခင်းလေးပေါက်လို့ဗျ။

ကျုပ်က ထုံးစံအတိုင်း ဂူပေါ်မှာ ထမင်းပွဲပြင်ပြီး ဖယောင်းတိုင် ထွန်းတယ်။ ပြီးတော့ ဂူရှေ့က မြက်ခင်းလေးပေါ်မှာ ဒေါ်စိန်က ဆံပင်ဖြန့်ချပြီး ကြုံ့ကြုံ့လေးထိုင်တယ်။ ကျုပ်မဖဲဝါကို ပင့်တယ်။ တစ်ခါ၊ မကြွသေးဘူးဗျ။ ခဏစောင့်ပြီး နောက်တစ်ခါ မကြွသေးဘူးဗျ၊ ခဏစောင့်ပြီး နောက်ထပ်တစ်ခါ။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီ၊ အီ"

ဟော မဖဲဝါရဲ့ခွေးကြီးအသံတော့ ကြားရပြီဗျို့။ ကျုပ်လည်း သချိုင်းကုန်းကြီးတစ်ခွင်တစ်ပြင်ကို လိုက်ကြည့်တယ်။ ဟော လာပြီဗျို့။ လေထဲကနေ လွင့်ပြီးလာတာဗျ။ ဖြူဖြူအရိပ်ကြီးပဲ မြင်ရတယ်။ ကျုပ်က မျက်ကွင်းဆေး ကွင်းမထားဘူးလေဗျာ။





ဟော ဒေါ်စိန်ကိုယ်ကို ဖြေးကပ်သွားပြီဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဒေါ်စိန် လက်ကြီးတွေ ကွေးကောက်ပြီး ဆံပင်ဖားလျားကြီးနဲ့ ထလာတယ်။ ဦးအောင်စိန်နဲ့ ကားမောင်းတဲ့ ရဲသားက ခပ်လှမ်းလှမ်းက ဂူတစ်လုံးနားမှာ ရပ်လို့ဗျ။

ဟော ဂူကြီးပေါ်ကို ခုန်တက်သွားပြီဗျို့။ မဖဲဝါ ဒူးကြီးထောင်ပြီး စားပြီဗျာ။ ကျုပ်ကတော့ မြင်နေကျမြင်ကွင်းမို့ မဆန်းပေမဲ့ ဦးအောင်စိန်တို့ကတော့ အထူးအဆန်းဖြစ်ပြီး အံ့ဩနေကြတာပေါ့ဗျာ။

"ဟီ၊ ဟီ၊ ဟီ၊ ဟီ"

မဖဲဝါက အမဲသား ပိုကြိုက်တာဗျ။ တအားစားတော့တာပဲဗျို့။ တော်တော်လေးစားသောက်ပြီးမှ ကျုပ်ကို မော့ကြည့်တယ်။ မဖဲဝါဝင်ရင် ကျုပ် အမြဲသတိထားမိတာက ဘယ်တော့မှ မျက်တောင်မခတ်ဘူးဗျ။ မျက်လုံးကြီးတွေ ပြူးထွက်နေတာဗျ။ အခုလည်း နတ်ကတော် ဒေါ်စိန်က မျက်လုံးကြီးတွေ ပြူးလို့ဗျို့။

"ဟဲ့ တာတေ ဘာအကြောင်းရှိလို့တုံး"

မဖဲဝါက ကျုပ်ကို မေးပြီဗျ၊ ကျုပ်လည်း ချက်ချင်းပြောရတာပေါ့ဗျာ။

"ဒီလိုပါ မဖဲဝါ ရန်ကုန်ထောင်ကြီးထဲမှာ သူ့ရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် တအားသောင်းကျန်းနေလို့ပါ၊ ထောင်ကျတဲ့လူတွေရော၊ ထောင်တာဝန်ရှိတဲ့လူတွေရော ညဆိုရင် မအိပ်ကြရဘူးဗျ၊ ဒါ ဘယ်လိုဖြစ်တာလဲဆိုတာ သိချင်လို့ပါ"

"အဲဒါ ပေါရိသာရမှော်အောင်သွားတဲ့ တိမ်ညွန့် ဆိုတဲ့ကောင်ဟဲ့။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ကို တော်လှန်မယ်ဆိုပြီး ပေါရိသာရမှော်သွင်းတာ အောင်သွားတယ်၊ ဒါပေမဲ့ မကြံစည်သင့်တာ ကြံစည်မိလို့ အဖမ်းခံရပြီး ကြိုးပေးအသတ်ခံရတာ"

(မဖဲဝါပြောတဲ့ အင်္ဂလိပ်ခေတ်က ကိုတိမ်ညွန့် ဆိုတဲ့လူပေါရိသာရ မှော်သွင်းပုံကို ခင်ဗျားတို့ နားထောင်လို့ကောင်းအောင် ကျုပ်ကပဲ ပြန်ပြောလိုက်တယ်ဗျို့။)

ဒီရန်ကုန်မှာပဲတဲ့ဗျ။

တာမွေသင်္ချိုင်းမှာတဲ့ဗျို့။ ယောနယ်က ဆင်းလာတဲ့ ဆရာကြီး ဦးကုန်းဘောင် ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ကိုတိမ်ညွန့် ဆိုတဲ့ လူငယ်တစ်ယောက်ကို ပေါရိသာရမှော် သွင်းပေးခဲ့တာတဲ့ဗျား

တာမွေသင်္ချိုင်းကုန်းကြီးရဲ့ အလယ်တည့်တည့်မှာ လူတစ်ရပ်မြုပ်ရုံ မြေကျင်းတူးရတယ်။ ကိုတိမ်ညွန့်က အင်္ကျီကိုယ်တုံးလုံးချွတ်၊ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး မြေကြီးထဲမှာ ဆင်းပြီး မတ်တတ်ရပ်နေရတာတဲ့ဗျ။ ပြီးတော့ မြေကျင်းကို မြေပြန်ဖို့ရတယ်။ ကိုတိမ်ညွန့်က မြေပြင်ပေါ်မှာ ခေါင်းလေးပဲ ပေါ်





နေတာတဲ့ဗျို့။ ဒါတွေအားလုံးကို ကူညီလုပ်ပေးဖို့ ကိုတိမ်ညွန့်ရဲ့ သူငယ်ချင်း ကိုစံမြ ဆိုတဲ့လူတစ်ယောက် လိုက်လာပြီး လုပ်ပေးတာဆိုပဲ။

ဆရာကြီးက ကိုတိမ်ညွန့်ရဲ့ ပါးစပ်ကို ဟခိုင်းပြီး လူသေကောင်ရဲ့ လက်ဖျံရိုးအပိုင်းလေးနဲ့ ထောက်ထားတာတဲ့ဗျ။ ဒီတော့ ကိုတိမ်ညွန့်က ပါးစပ်ပိတ်လို့ မရတော့ဘူးပေါ့ဗျာ။

ဆရာကြီးက ရေလုံအိုးကွဲထဲမှာ ထည့်ထားတဲ့ အစိမ်းသေမသာရဲ့ လတ်လတ်ဆတ်ဆတ် အသားကို လှီးထားတဲ့ အသားတစ်ကလေး ခုနစ်တစ်ကို အဆင်သင့်ကိုင်ပြီး ဂါထာစုတ်ရတာတဲ့ဗျာ။ ကိုစံမြက မြေကျင်းနောက်မှာထိုင်ပြီး ကိုတိမ်ညွန့်ရဲ့ ခေါင်းကို ကိုင်ပြီး ထိန်းထားရတယ်တဲ့ဗျ။

ဆရာကြီးက ဂါထာစုံအောင်စုတ်ပြီးတိုင်း လူအသားတစ်ကလေးတစ်တစ်ကို ကိုတိမ်ညွန့်ရဲ့ ဟနေတဲ့ ပါးစပ်ထဲကို ထိုးထည့်ပေးရတာတဲ့ဗျာ။ ကိုတိမ်ညွန့်ကလည်း အဲဒီအသားတစ်ကို ကြိတ်မှိတ်ပြီး မျိုချရတာတဲ့ဗျို့။

အဲဒီလို အသားတစ်တစ်ခု မျိုချလိုက်တိုင်း တာမွေသင်္ချိုင်းကုန်းကြီးထဲမှာ ကျီးတွေ 'ဝုန်း'ကနဲ ထပျံတာတဲ့ဗျို့။ သင်္ချိုင်းထဲက ခွေးတွေလည်း တစ်ပြိုင်နက်တည်း အူတော့တာဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဂူတွေကြားက သရဲတစ္ဆေတွေ ပြေးသံလွှားသံတွေလည်း ကြားရတယ်တဲ့။

ဆရာကြီးက ဂါထာစုတ်လိုက်၊ အသားတစ် တစ်ခုကျွေးလိုက်နဲ့ ကိုတိမ်ညွှန့်က ကြိတ်မှိတ်ပြီး မျိုချလိုက်နဲ့ အသားတစ်တွေကုန်ခါနီးလာတဲ့အခါ အခြေအနေက ပိုပိုဆိုးလာရောတဲ့ဗျို့။ ဂူတွေကြားထဲကနေပြီး သရဲတွေ ထလာလိုက်တာ မရေနိုင်အောင်ပဲတဲ့ဗျာ။

ကိုတိမ်ညွှန့်ရော ကိုစံမြရော မြင်နေကြရတာတဲ့ဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ အင်း၊ အင်း"

လူညည်းသံလို အသံကြီးတွေနဲ့ သူတို့ဆီကို ရွေ့လာကြတာတဲ့ဗျာ။

"မောင်တိမ်ညွှန့် မကြောက်နဲ့၊ မင်း အောင်တော့မှာမို့လို့ ဝိုင်းဖျက်ဆီးကြတာ၊ မကြောက်နဲ့ မောင်စံမြ၊ ဆရာကြီး ပေးထားတဲ့ ခြေမန်းကွင်းတွေ အဆင်သင့်လုပ်ထား၊ မင်းသူငယ်ချင်းကို ခြေမန်းကွင်းရအောင်စွပ်နော်၊ လွတ်ထွက်သွားလို့ကတော့ မင်းသူငယ်ချင်း သွက်သွက်ခါအောင် ရူးသွားလိမ့်မယ်ဟေ့"

"စိတ်ချပါ ဆရာကြီး"

ကိုစံမြကလည်း သူ့ကိုပေးထားတဲ့ ခြေမန်းကွင်းတွေကို အဆင်သင့် ပြင်ထားသတဲ့ဗျို့။





သရဲကြီးတွေကလည်း မည်းမည်း မည်းမည်းနဲ့ သူတို့ ကိုကို တဖြည်းဖြည်း နီးလာပြီတဲ့ဗျာ။ လျှာကြီးတွေ တွဲလောင်း ပြီးတွေကျလို့ဆိုပဲ။ မျက်လုံးကြီးတွေက နီရဲပြီး ကျွတ်ထွက်မလို နေတာတဲ့ဗျို့။

"ကဲ မောင်တိမ်ညွှန့်ရေ ဒါ နောက်ဆုံးအသားတစ်ပဲ ၊ သတိခိုင်ခိုင်ထားပေတော့"

လို့ ပြောပြီး ဆရာကြီးဦးကုန်းဘောင်က ပေါရိသာရမော် ရဲ့ နောက်ဆုံးဂါထာကို ပီပီသသ ရွတ်တော့တာတဲ့ဗျို့။

ဒီမှာတင် သရဲတွေဟာ အသံနက်ကြီးတွေနဲ့အော်ပြီး တို့ဆီကို တစ်ရှိန်ထိုးပြေးလာကြတာတဲ့ဗျာ။ ဒါပေမဲ့ သူတို့တွေ နည်းနည်းမှကို အကြောက်အလန့် မရှိကြတော့ အနား တာနဲ့ အကုန်လုံး ပျောက်ကုန်ကြရောတဲ့ဗျို့။

နောက်ဆုံး အသားတစ်ကို ဆရာကြီးက ပါးစပ်ထဲ ထည့် တယ်။ ကိုတိမ်ညွှန့်ကလည်း မျိုချတယ်။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

သချိုင်းကုန်းမြေကြီးဟာ သိမ့်ကနဲ၊ သိမ့်ကနဲ ဖြစ်အောင် လှုပ်သွားတာတဲ့ဗျို့။ ပြီးတော့ တော်လဲတဲ့အသံလို အသံကြီး လည်း တဝုန်းဝုန်း မြည်သွားတာတဲ့။

ခဏကြာတော့ ကိုတိမ်ညွှန့်ကို မြှုပ်ထားတဲ့ မြေကျင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က မြေကြီးတွေဟာ ပွထလာပြီးဘေးကို ရွေ့သွားတယ်။ ကိုတိမ်ညွန့်က တဖြည်းဖြည်း မြေကျင်းထဲက ပေါ်ပေါ်လာတယ်။ ခါးလောက်အထိလည်း ပေါ်လာရော ပါးစပ်ကြီးက ပိုကျယ်လာပြီး ထောက်ထားတဲ့ လူရိုးက ပြုတ်ထွက်သွားတယ်။

"မောင်စံမြ အဆင်သင့်ပြင်ထား"

လို့ ဆရာကြီး ဦးကုန်းဘောင်က အော်လိုက်တဲ့အချိန်မှာပဲ ကိုတိမ်ညွန့်က မြေကျင်းထဲကနေ အပေါ်ကို ခုနစ်လံ၊ ရှစ်လံလောက် မြောက်တက်သွားပြီး မြေကြီးပေါ်ကို 'ဘုတ်'ကနဲ ပြန်ကျလာတယ်။

"ပေါရိသာရတဲ့ဟေ့"

လို့ ကြွေးကြော်ပြီး နောက်တစ်ခါ ထခုန်ပြန်သတဲ့ဗျို့။ ဒီတစ်ခါ မြေကြီးပေါ် ပြန်အကျမှာ ကိုစံမြက အတင်းတက်ဖိပြီး ခြေမန်းကွင်းတွေ ခပ်မြန်မြန် စွပ်ပေးလိုက်တယ်တဲ့ဗျို့။ ဒီတော့မှ ကိုတိမ်ညွန့် ငြိမ်သွားရောတဲ့ဗျာ။

"အောင်ပြီဟေ့၊ အောင်ပြီ"

ဆရာကြီး ဦးကုန်းဘောင်ရဲ့ အသံဝါကြီးက တာမွေသချိုင်းထဲမှာ လွှမ်းသွားတာဆိုပဲဗျ။

"ကဲ ငါ့တပည့် မောင်တိမ်ညွန့် တစ်ရာတစ်ယောက် တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက် ဆိုသလို





မင်းကတော့ ထူးထူးခြားခြားကို ပေါရိသာရမှော်ကြီး အောင်သွားပြီကွဲ့။ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး ခုနစ်ရင် ခုနစ်လံအကျော်ဟေ့ မောင်တိမ်ညွန့်ရဲ့။ ကဲ ငါ့တပည့်ကြီး ဒီအစွမ်းတွေနဲ့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်တဲ့အပြင် အင်္ဂလိပ်တွေရဲ့ ကျွန်ဘဝကနေ ဗမာနိုင်ငံကြီးကို ကယ်တင်နိုင်တဲ့ ယောကျ်ားကောင်း ဖြစ်စေဗျာ"

"ဝုန်း" "အား၊ အား၊ အား"

သချိုင်းကုန်းကြီးတစ်ခုလုံးက ကျီးကန်းတွေ ရာနဲ့ချီပြီး ဖျိုတာဆိုပဲဗျာ။

အဲဒီအချိန်ကစပြီး လူစွမ်းကောင်းကြီး ကိုတိမ်ညွန့်ဟာ အင်္ဂလိပ်တွေကို အမျိုးမျိုး အနှောင့်အယှက်ပေးတော့တာပဲတဲ့ဗျာ။ အင်္ဂလိပ်စစ်တပ်ထဲဝင်ပြီး အမျိုးမျိုးနှောင့်ယှက်လို့ အင်္ဂလိပ်ဂေါ်ရာပုလိပ်တွေက သေနတ်နဲ့ ဝိုင်းပစ်တာ၊ ကျည်ပြီးနေတော့ မသေဘူးဆိုပဲဗျ။ ကျည်ဆံမှန်တဲ့နေရာက နီနီကြီး စူထွက်လာပေမယ့် ကျည်က သူ့အသားကို မဖောက်နိုင်ဘူးတဲ့ဗျ။

နောက်တော့ အင်္ဂလိပ်စစ်သားတွေဟာ တော်တော်ကို လန့်ဖျပ်လာကြတဲ့အထိ ဖြစ်တော့တာတဲ့ဗျို့။ ကိုတိမ်ညွန့်က နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံကို ဝင်ဖမ်းပြီး ပြန်ပေးဆွဲမယ်လို့ စဉ်းစားတယ်။ ဘုရင်ခံကို ဖမ်းထားပြီး ဗမာပြည်ကနေ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထွက်ခိုင်းမယ်ပေါ့ဗျာ။ အဲဒီလိုအတွေးနဲ့ ဘုရင်ခံရဲ့ အိမ်တော်ဝင်းကြီးထဲကို ခုန်ဝင်သွားတယ်ဆိုပဲ။

ဘုရင်ခံရဲ့ အိမ်တော်ဝင်းမှာက စစ်တပ်ကြီးရှိတာ တော့ သူ့ကို သေနတ်တွေနဲ့ ဝိုင်းပစ်ကြတာတဲ့ဗျို့။ သေနတ် ကျည်ဆံတွေက သူ့ကို တည့်တည့်မှန်တယ်။ ဒါပေမဲ့ ကိုတိမ်ညွှန့် က ဘာမှမဖြစ်ဘူး။ ဒါနဲ့ ကိုတိမ်ညွှန့် ပြန်ခုန်ထွက်ခဲ့ရသတဲ့ဗျာ။ အင်္ဂလိပ်တွေကလည်း ဒီကောင် နောက်တစ်ကြိမ် ဝင်လာရင် မိအောင်ဖမ်းမယ်ဆိုပြီး အားလုံးအသင့်ပြင်ပြီး စောင့်နေကြ တဲ့ဗျို့။

ကိုတိမ်ညွှန့်ကလည်း နှစ်ရက်လောက်ခြားပြီးတာ ညဘက်မှာ ဘုရင်ခံဝင်းကို ဝင်ပြန်တာပဲတဲ့ဗျ။ ပခုံးမှာလည် ကြိုးခွေတစ်ခွေ ပါတယ်တဲ့။ ဘုရင်ခံကို ကြိုးတုတ်ဖို့ပေါ့ဗျာ။

ဒါပေမဲ့ အဆင်သင့် စောင့်နေတဲ့ အင်္ဂလိပ်စစ်သား က လူနှစ်ဆယ်လောက် ဝိုင်းဖိထားပြီး မေ့ဆေးနဲ့ နှာခေါင်း အုပ်ပြီးဖမ်းတော့ သတိမေ့သွားပြီး မိတော့တာပေါ့။ ကိုတိမ်ညွှ လူစွမ်းကောင်းမှန်းကို အင်္ဂလိပ်တွေက သိထားကြတာဆိုတော့ ကြိုပြီးပြင်ဆင်ထားကြတာပေါ့ဗျာ။

ဒီမှာတင် လက်နှစ်ဖက်ရော၊ ခြေနှစ်ဖက်ရော၊ လည် မှာရော သံကြိုးချည်ပြီး ဖမ်းထားလိုက်တာ၊ ကိုတိမ်ညွှန့်လည်





ဘာမှမတတ်နိုင်တော့ဘူးတဲ့ဗျို့။

ဘုရင်ခံကို လုပ်ကြံဖို့ ကြံစည်တဲ့အမှုနဲ့ ကြိုးပေးသတ်ဖို့ စီရင်ချက်ချပြီး တပေါင်းလကွယ်နေ့မှာ သတ်ပစ်လိုက်တယ်တဲ့။ ကြိုးစင်ပေါ်တင်တဲ့အထိ သံကြိုးတွေကို မဖြုတ်ရဲလို့ သံကြိုးတန်း လန်းကြီးနဲ့ကို ကြိုးပေးရတာဆိုပဲဗျ။

အဲဒီအချိန်က ထောင်ပိုင်ကြီးက အင်္ဂလိပ်ဆိုပေမယ့် လောကီပညာ တော်တော်တတ်တာဆိုပဲဗျာ။ ကိုတိမ်ညွှန့်ကို ကြိုးပေးသတ်တဲ့ကြိုးကို ထောင်ပိုင်ကြီးကယူပြီး ကိုတိမ်ညွှန့်ကို သူ့အမိန့်နဲ့ ထောင်အုတ်ရိုးပေါ်မှာစောင့်ဖို့ အစီအရင် လုပ်လိုက် တာတဲ့ဗျာ။ ဒါကြောင့် ရန်ကုန်ထောင်ကြီးရဲ့ အုတ်ရိုးပေါ်မှာ ပေါ်ရှိသာရမှော်အောင်ထားတဲ့ ဗမာပြည်ကို ကျွန်ဘဝကနေ အလွန်ကယ်တင်ချင်တဲ့ သရဲကိုတိမ်ညွှန့်ကြီး အမြဲစောင့်နေရ တာတဲ့ဗျာ။ သူ့ကိုသတ်တဲ့ တပေါင်းလကွယ်နေ့ညတိုင်း အမဲသား ဟင်းနဲ့ ထမင်းကျွေးတယ်ဆိုပဲ။ ထောင်ပိုင်တစ်ယောက်ပြောင်း တိုင်း နောက်တစ်ယောက်ကို ပြောခဲ့တော့ ဆက်ကျွေးပြီး သူ့ကို ဆက်ခိုင်းနေကြတာတဲ့ဗျာ။ ဒါတွေကို မဖဲဝါက သေသေချာချာ ပြောပြတာဗျ။ ကျုပ်ရော၊ ထောင်မှူးကြီး ဦးအောင်စိန်ရော ကား မောင်းတဲ့ ရဲသားရော အံ့ဩနေကြတာပေါ့ဗျာ။

"ဒါဆိုရင် အခု ဘာဖြစ်လို့ သောင်းကျန်းနေတာတုံး



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါ”

ကျုပ်က မဖဲဝါကို မေးလိုက်တယ်ဗျ။

“ဟဲ့ တာတေ ရန်ကုန်ထောင်က မကြာခင် ပိတ်ပစ်တော့မှာ။ ဒါကို တိမ်ညွှန့်က သိတယ်၊ သူ ဒီဘဝကြီးအတိုင်း ကျန်ခဲ့မှာကို စိုးရိမ်ပြီး အခုလို လုပ်နေတာ၊ ထောင်ရဲ့ရှေ့ဘက်က အုတ်ရိုးအတွင်းဘက်မှာ ညောင်ပင်ရှိတယ်။ အဲဒီညောင်ပင်ရဲ့ ပင်စည်ကနေ မြောက်ဘက်ကို ခြေလှမ်းငါးလှမ်း လှမ်းပြီး တူးလိုက်ရင် သူ့ကိုသတ်တဲ့ကြိုး မြှုပ်ထားတာ တွေ့လိမ့်မယ်။ သံပိုက်လုံးနဲ့ထည့်ပြီး မြှုပ်ထားတာ။ အဲဒါကိုဖော် တိမ်ညွှန့်ကို ခေါ်ပြီး အလှူဒါနလုပ်ပြီး တရားနာခိုင်းလိုက်။ အဲဒီကြိုးကိုလည်း ထောင်ပိုင်ကိုယ်တိုင် မီးရှို့ဖျက်ဆီးလိုက်၊ တိမ်ညွှန့်ကိုလည်း ထောင်ပိုင်က အမိန့်ပြန်ပြီး လွတ်ရာကျွတ်ရာ သွားခိုင်းလိုက်။ တိမ်ညွှန့်လည်း ကျွတ်ချိန်ရောက်ပါပြီ။ နင်တို့ လုပ်ပေးလိုက်ကြ တာတေ”

“ဟာ စိတ်ချပါ မဖဲဝါ၊ ကျုပ်တို့ ကိုတိမ်ညွှန့်ကြီးကို ကျွတ်အောင်လွတ်အောင် လုပ်ပေးလိုက်ပါ့မယ်ဗျာ”

မဖဲဝါ ထွက်သွားလို့ သတိလစ်နေတဲ့ ဒေါ်စိန်ကို မနည်းကို နှာနှပ်ယူရတာဗျို့။ မဖဲဝါ ဝင်ထားတဲ့အချိန် နည်းနည်းကြာသွားတာကိုဗျာ။





ကျုပ်တို့ ရန်ကုန်ထောင်ကြီးထဲကို ပြန်ရောက်တော့ ထောင်မှူးကြီး ဦးအောင်စိန်က ထောင်ပိုင်ကြီးနဲ့ တွေ့တယ်။ အကျိုးအကြောင်းတွေ ပြောပြပြီး နောက်နှစ်ရက်အကြာမှာ ဘုန်းကြီးတွေ ပင့်တယ်။ ထောင်ထဲကလူအကုန် မုန့်ဟင်းခါး ကျွေးပြီး ကိုတိမ်ညွှန့်အတွက် ဒါနလုပ်ပေးတယ်။ ပြီးတော့ မဖဲဝါ ပြောတဲ့အတိုင်း ကြိုးကို ရှာရတယ်။ တွေ့တာပေါ့ဗျာ။ သံချေးတွေတက်နေတဲ့ သံပိုက်လုံးကြီးထဲက ကိုတိမ်ညွှန့်ကို သတ်တဲ့ကြိုးခွေကြီးကို ထုတ်ယူပြီး ရန်ကုန်ထောင်ပိုင်ကြီးကိုယ်တိုင် မီးရှို့ဖျက်ဆီးပစ်တယ်။

“ပေါရိသာရမှော်အောင်တဲ့ သူ့ရဲကောင်းကြီး ဦးတိမ်ညွှန့် သင် သွားလိုရာကို သွားနိုင်ပြီ၊ သင့်အတွက် ရည်စူးပြီး ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂတွေကို ကျုပ် ထောင်ပိုင်ကြီးက သင့်အား အမျှပေးဝေပါတယ်။ ဦးတိမ်ညွှန့် သာဓုခေါ်ပါဗျာ။ အမျှ၊ အမျှ၊ အမျှ ဦးတိမ်ညွှန့်ရေ ကောင်းရာဘုံဘဝကို ရောက်ပါစေဗျာ”

အဲဒီညကတည်းက ထောင်ကြီးတစ်ခုလုံး ငြိမ်သွားတာပဲဗျာ။ ကျုပ်လည်း ညဘက်မှာ မျက်ကွင်းဆေးကွင်းပြီး ထောင်ကြီးရဲ့ အုတ်ရိုးပေါ်မှာ လိုက်ကြည့်တာ ဘာမှမတွေ့တော့ဘူးဗျ။ ကိစ္စတွေအားလုံးပြီးတော့ ဦးအောင်စိန်ကိုယ်တိုင်ကျုပ်



www.burmeseclassic.com

www.burmeseclassic.com




ကို ရွာအရောက် ပြန်ပို့ပေးတယ်။ ထောင်ပိုင်ကြီးကလည်း ကျပ်
ကို လက်ဆောင်တွေ ပေးလိုက်တာမှ မနည်းပါဘူးဗျာ။

အဲ ထူးဆန်းတာတစ်ခု ပြောရဦးမယ်ဗျ။ ရန်ကုန်ထောင်
ကြီးပိတ်တော့မယ့်ကိစ္စကို မဖဲဝါပြောမှ ထောင်ပိုင်ကြီးရော
ထောင်မှူးတွေရော သိကြတာတဲ့ဗျို့။ သူတို့ လုံးဝမသိဘူးဆိုပဲ
နောက်တော့ ရန်ကုန်ထောင်ကြီး တကယ်ပိတ်သွားတာပါပဲဗျာ

တာတေ





တာတေ ငယ်ငယ်တုန်းက အင်မတန်မှကို စပ်စပ်စုစု
လုပ်ခဲ့တာဗျ။ နည်းမျိုးစုံအောင် ကမြင်းတဲ့နေရာမှာ တာတေနဲ့
ဘက်ညီအောင် ကမြင်းနိုင်တာက အောင်စိန်ပဲ ရှိတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



အောင်စိန်ဆိုတဲ့ကောင်က လူလေးကသာ ပိန်ပိန်သေးသေးလေးဗျ။ ဆော့တဲ့နေရာမှာတော့ မျောက်ရှုံးအောင် ဆော့နိုင်တဲ့အကောင်ဗျို့။ ဒီတုန်းက အကြောင်းလေးတစ်ခုကို ပြန်ပြောပြရဦးမယ်။

အဘက ကျုပ်ကို မြို့သွားပြီး နှမ်းအိတ်တွေ ပို့ခိုင်းတယ်။ ကျုပ်အဘက ဒီလိုပဲ လုပ်နေကြလေဗျာ။ မြို့က ပွဲရုံကို ကျုပ်က လှည်းနဲ့ နှမ်းအိတ် ပို့ပေးရတယ်။ သူက တစ်ရက် နှစ်ရက်ကြာမှ ဘန့်ဘွေးကုန်းကထွက်တဲ့ကားနဲ့ လိုက်သွားပြီး နှမ်းဖိုးငွေ ယူတာဗျ။ ပြီးတော့ ဈေးဝယ်စရာရှိတာတွေ ဝယ်တာပေါ့ဗျာ။

ဒီနေ့တော့ အောင်စိန်ပါ ကျုပ်နဲ့ ပါလာတာဗျ။ နှစ်ယောက်ဆိုတော့ တစ်ယောက်တစ်လဲ လှည်းမောင်းရတာပေါ့ဗျာ။ အဘခိုင်းတဲ့အတိုင်း နှမ်းအိတ်တွေကို ဦးမောင်စိန်ပွဲရုံကို ပို့ပေးပြီး အောင်စိန်နဲ့ ကျုပ်နဲ့ ပြန်ချလာတာပေါ့ဗျာ။ မြို့ရောက်တုန်း ခေါက်ဆွဲကြော် တစ်ယောက်တစ်ပွဲလည်း စားခဲ့သေးတာ[illegible] ဒီတော့ နှစ်ယောက်သား ဗိုက်ကလေးကလည်း တင်းနေ[illegible] အာလေးကလည်း တရွှင်ရွှင်ပေါ့ဗျာ။ လှည်းကိုလည်း အောင်စိ[illegible] မောင်းလိုက်၊ ကျုပ်က ယူမောင်းလိုက်ပေါ့ဗျာ။

"ဟေ့ကောင် တာတေ၊ မင်း နတ်ကြီးကမ်းပါးက ဘုရားပျက်ကြီးက နှုတ်ခမ်းမွေးကားကားကြီးတွေနဲ့ ကနေတဲ့ နတ်[illegible]





ဆော်အရုပ်ကြီးကို သိတယ်မို့လား"

"ဟာ သိတာပေါ့ အောင်စိန်ရ၊ ရှားဖြူပင်တွေ အများကြီး ရှိတယ်လေကွာ"

ဒီကောင်ပြောတဲ့ နတ်ကြီးကမ်းပါးဆိုတာ တောင်နံရံကြီးတစ်ခုကို ပြောတာဗျ။ ကျုပ်တို့ရွာကနေ မြို့ကိုသွားတဲ့ အခု ကျုပ်တို့မောင်းနေတဲ့ လှည်းလမ်းကြောင်းရဲ့ တောင်ဘက်မှာ ရှိတာဗျ။

ဟိုတုန်းက လှည်းလမ်းကြောင်း အဟောင်းကြီးပဲရှိတယ်။ လူအသွားအလာလည်း မရှိပါဘူးဗျာ။ ရှားဖြူသီး များများ သိချင်တဲ့ လူတွေတော့ သွားချင် သွားကြမှာပေါ့ဗျာ။ အဲဒီမှာ အုတ်ပုံကြီးတစ်ခု ရှိတယ်ဗျ။ တစ်ချို့က ပြောတာတော့ ရှေးဟောင်းဘုရားပျက်ကြီးလို့ ပြောတာပဲဗျ။ ဟိုးတော်တော် [illegible]ကျတဲ့ အချိန်တုန်းက ဒီနေရာကို ဘုရင်တွေ တိုင်းခန်းလှည့်[illegible]င်း မကြာ မကြာ ရောက်ကြတယ်လို့ ပြောတာပဲဗျ။ အခု ပြိုပျက်[illegible]တဲ့ အုတ်ပုံအဆွေးအမြည့်ကြီးကလည်း ဒီတုန်းက ဘုရင်တွေ [illegible]ည်ထားတဲ့ ဘုရားလို့ ပြောတယ်။ ဒါကတော့ ကျုပ်တို့အရပ်[illegible]သားတွေပြောတဲ့ ပါးစပ်ရာဇဝင်ပေါ့ဗျာ။

အဲဒီမှာ ထူးခြားတာက လူတစ်ရပ်သာသာလောက်ရှိတဲ့ [illegible]န်ဆော်ရုပ်ကြီးတစ်ရုပ် ကျန်နေသေးတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂတေနဲ့ ထုထားတဲ့အရုပ် ဆိုပေမယ့် အင်္ဂတေ ကောင်းလို့ဖြစ်မယ်ဗျ။ အခုအထိ ရှိနေသေးတာ။ ဆေးရောင်တွေ ဘာတွေတော့ မရှိတော့ဘူးပေါ့ဗျာ။ ဒါပေမဲ့ နှုတ်ခမ်းမွေးနဲ့ သျှောင်ထုံးကြီးနဲ့ဗျ။ ခြေထောက်တစ်ချောင်းက နောက်ဘက်ကို မြှောက်ထားပြီး လက်နှစ်ဖက်မြှောက်ပြီး ပြုံးပြုံးကြီးက,နေတဲ့ပုံဗျ။ ပုဆိုးခါးတောင်းကြိုက်ပြီး သိုင်းအင်္ကျီဝတ်ထားတာဗျ။ ဒါပေမဲ့ ဝတ်ထားတဲ့ သိုင်းအင်္ကျီက ကျပ်လို့ ဗိုက်ပူပူကြီးက ပေါ်နေတဲ့ပုံ ထုထားတာဗျ။ မြင်ရတဲ့လူတွေ၊ ဒီနိဗ္ဗာန်ဆော်ရုပ်ကြီးကို မြင်တာနဲ့ တစ်ပြိုင်နက် ပြုံးပြီး ပျော်သွားအောင်ကို ထုထားတာဗျ။ ကျုပ်လည်း ဟိုတုန်းက နတ်ကြီးကမ်းပါးကိုရောက်တိုင်း ဒီအရုပ်ကြီးကို သွားသွားကြည့်ရင်း ပြုံးမိတာဗျ။ အခုတော့ ကျုပ်က မြို့မှာ ကျောင်းသွားတက်နေတာဆိုတော့ ဒီဘက်တွေကို မသွားဖြစ်တော့ပါဘူးဗျာ။ အခုတောင် ကျောင်းပိတ်ရက် အိမ်ပြန်ရောက်နေလို့ အဘက လွှတ်တာဗျ။

အောင်စိန်က ကျုပ်ကို ဆက်ပြောတယ်ဗျ။

"မင်း အဲဒီအရုပ်ကြီးက တစ္ဆေခြောက်တာ သိလား"

"ဟေ ဘယ်လိုကွ အောင်စိန်ရဲ့၊ အဲဒီနိဗ္ဗာန်ဆော်အရုပ်ကြီးက ဘယ့်နှယ်လုပ် တစ္ဆေခြောက်မှာတုံးကွ၊ အရုပ်ကြီးပါဆိုနေမှ"





"ဟား ဟား ဟား ဟား မင်းက မကြုံဖူးသေးဘူး ထင်ယ်ကွ၊ ငါကတော့ အဲဒီအရုပ်ကြီးနဲ့ မကြာမကြာ သွားပြီးဆော့နေတယ်ကွ"

"အရုပ်ကြီးနဲ့ မင်းက ဘယ်လိုဆော့တာတုံး"

"အဲဒီနားက ရှားဖြူပင်ကနေ ရှားဖြူသီးတွေခူးပြီး သူ့ကို ပေါက်ရင် သူက မင်းကို ပြန်ပေါက်လိမ့်မယ်"

"ဟေ အဲဒီအရုပ်ကြီးက ပြန်ပေါက်တယ် ဟုတ်လား။ င်းကတော့လေ ပေါက်ကရပြောတဲ့နေရာမှာတော့ နှစ်ယောက် ရှိတဲ့ကောင်ပဲ"

"ဟာ မင်း ငါပြောတာ မယုံဘူးပေါ့ ဟုတ်လား တာတေ"

"ဒါ ယုံစရာလားကွ အောင်စိန်ရ"

"ကဲ ဒါဆိုရင် ဟိုရှေ့နားမှာ နတ်ကြီးကမ်းပါးကိုသွားတဲ့ ည်းလမ်းကြောင်း အဟောင်းကြီးရှိတယ်၊ အဲဒီကျရင် ငါ ာင်ကိုချိုးပြီး မောင်းလိုက်မယ်၊ ဒါပေမဲ့ မင်း ကြောက်တော့ ကြောက်ရဘူးနော်"

"ဟာ အောင်စိန်ရာ၊ မင်းက ရယ်စရာလည်း တော်တော် ြာတတ်တဲ့ကောင်ပဲကွ၊ တာတေ ကြောက်တာ မင်း မြင်ဖူးလို့ း"

"အေး ဒါဆိုလည်းပြီးရော နတ်ကြီးကမ်းပါးကိုသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်စိန် လှည်းမောင်းတဲ့ အလှည့်လေဗျာ။ ဒီကောင်က ကျုပ်တို့အိမ်က နွားကြီးတွေရဲ့ အထာကို သိပြီးသားဆိုတော့ ကျုပ်တို့အိမ်က လှည်းကို အောင်စိန်မောင်းရင် နွားတွေက ငြိမ်နေတာဗျ။

ဒီကောင် ငွေတွင်းကုန်းနားရောက်တော့ လှည်းကို လှည်းလမ်းကြောင်းကနေ တောင်ဘက်ကို ဆွဲချလိုက်တယ်ဗျ။ လှည်းလမ်းအဟောင်းကြီးကနေ လှည်းကို ခပ်မှန်မှန် မောင်းချသွားတယ်။ တောလမ်းထဲရောက်တာနဲ့ ရှားဖြူပင်တွေဆီရောက်တော့တာဗျ။ ရှားဖြူသီးတွေမှ အပြွတ်လိုက်ကို သီးနေတာဗျို့။ ကျုပ်က လှည်းပေါ်မှာ ထိုင်လျက်နဲ့ ရှားဖြူသီးတွေ လှမ်းဆွတ်လိုက်တယ်။ ပြီးတော့ မှည့်တဲ့အလုံးလေးတွေရွေးပြီး ဝါးလိုက်တယ်။ ဖန်တွတ်တွတ်အရည်လေးကို စုပ်ယူလိုက်တယ်။

ဒီကောင်အောင်စိန် ဆယ့်ငါးမိနစ်လောက် မောင်းလိုက်တော့ နတ်ကြီးကမ်းပါးကို ရောက်သွားရောဗျ။ နောက်ထပ်ဆယ့်ငါးမိနစ်လောက် ထပ်မောင်းတော့ ဘုရားပျက်ကြီးကို ရောက်လာတယ်။ နိဗ္ဗာန်ဆော်ရုပ်ကြီးနဲ့ ခပ်လှမ်းလှမ်းမှာ လှည်းကိုရပ်လိုက်ပြီး ကျုပ်နဲ့ ဒီကောင်နဲ့ လှည်းပေါ်က ဆင်းလိုက်တယ်။ ပြီးတော့ ရှားဖြူသီးတွေနဲ့ ဆီးဖြူသီးတွေ ခူးလိုက်တယ်။

"မင်း ကြည့်နေ၊ ငါ လုပ်ပြမယ်၊ အဟမ်း အဟမ်း"





အောင်စိန်က တစ်ခုခုပြောတော့မလို လည်ချောင်းရှင်းလိုက်တာဗျ။ ကျုပ်ကတော့ ဘေးနားကနေ သူ့ကိုပဲ ကြည့်နေလိုက်တယ်။

"နိဗ္ဗာန်ဆော်ကြီးဗျာ ကျုပ်တို့သူငယ်ချင်းနှစ်ယောက်ပြင်းလို့ပါဗျာ၊ ကျုပ်တို့နဲ့ ကစားရအောင်ဗျာ၊ ကဲ ကျုပ် ခင်ဗျားကို ပစ်မယ်နော်"

အဲဒီလိုပြောပြီး အောင်စိန်က နိဗ္ဗာန်ဆော်ရုပ်ကြီးကို ရှားဖြူသီးတစ်လုံးနဲ့ လှမ်းပစ်တယ်။ မထိဘူးဗျ။ ခေါင်းနားက ကပ်ပြီး လွဲသွားတယ်။ ဟော အောင်စိန်က နောက်တစ်လုံး ပစ်ပြန်ပြီဗျို့။

"တိန်"

ဟာ ဒီတစ်ခါ အောင်စိန် ပစ်လိုက်တဲ့ ရှားဖြူသီးက နိဗ္ဗာန်ဆော်ရုပ်ကြီးရဲ့ နဖူးကိုသွားပြီး ထိပြီဗျို့။

"တိန်"

ဟာ အောင်စိန့်နဖူးတည့်တည့်ကို ရှားဖြူသီးမှန်တာဗျို့။ ဟင် ဒါ ဘယ်လိုဖြစ်တာတုံး။ ဒီနေရာမှာ ဒီကောင်နဲ့ ကျုပ်နဲ့ နှစ်ယောက်တည်းရှိတာလေဗျာ။ သူ့ကို ကျုပ် မပစ်ရင် ဘယ်သူပစ်မှာတုံး။ ခုဟာက ကျုပ်လည်း သူ့ကို ပစ်မှမပစ်တာ။

ဒါဆိုရင် အောင်စိန်နဖူးတည့်တည့်ကို ရှားဖြူသီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



'တိန်'ကနဲမြည်အောင် ပစ်လိုက်တာ ဘယ်သူတုံး။ မှန်တာထ တော့ သေသေချာချာကို မှန်တာဗျ။ ကျုပ်မျက်စိနဲ့ကို သေသေ ချာချာ မြင်လိုက်ရတာ။

ကျုပ် နိဗ္ဗာန်ဆော်ရုပ်ကြီးကို လှမ်းကြည့်လိုက်တယ်။ အရုပ်ကြီးကတော့ ဒီအတိုင်းပဲဗျ။ လက်ကြီးမြှောက်ပြီး ကနေတဲ့ ပုံပဲ။ ပါးစပ်ကလည်း ခါတိုင်းလို ပြုံးပြုံးကြီးပဲ။

"ကဲ မင်း မြင်ပြီမို့လား တာတေ၊ အဲဒါ မင်းသိလား၊ ငါ ပစ်လိုက်တာ သူ့ကို သွားထိလို့ ငါ့ကိုထိအောင် ပြန်ပစ်တာကွ မင်း သူ့ကို နဖူးထိအောင်ပစ်ရင် သူကလည်း မင်းကို နဖူးထိ အောင် ပစ်လိမ့်မယ်။ မင်းက သူ့ကို ဗိုက်ထိအောင်ပစ်ရင် သူက လည်း မင်းဗိုက်ကိုထိအောင် ပစ်လိမ့်မယ်။ မင်းပစ်တာ သူ့ကို မထိဘဲ ချော်သွားရင် သူကလည်း မင်းကို ချော်သွားအောင် ပြန်ပစ်လိမ့်မယ်။ ကဲ မင်း မယုံရင် စမ်းလေကွာ"

"နေပါဦး အောင်စိန်ရဲ့၊ ဒီအရုပ်ကြီးက ပြန်ပြီးပစ်တယ် ထားပါတော့၊ ဒီရှားဖြူသီးကို သူ ဘယ်ကခူးပြီး ပစ်တာတုံး သူ့အနားမှာ ရှားဖြူပင်မှ မရှိတာ"

"ဟာ တာတေရာ၊ မင်းက တော်တော်အတွေးခေါင်တာ ကိုးကွ၊ မင်းပစ်တဲ့ အလုံးနဲ့ မင်းကို ပြန်ပစ်တာကွ၊ မင်း မယုံရင် ရှားဖြူသီးမှာ မှတ်ထားပြီး ပစ်ကြည့်"





ကျုပ် မယုံဘူးဗျ။ ကျုပ်လှည်းပေါ်က နှင်တံကိုယူပြီး နှင်တံမှာပါတဲ့ သံချွန်ကလေးနဲ့ ရှားဖြူသီးမှာ အပေါက်ကလေး သုံးပေါက်စီဖောက်ပြီး မှတ်ထားလိုက်တယ်။ ကဲ ကျုပ် ပစ်ပြီဗျာ။

ကဲ ပစ်ပြီ၊ ပထမတစ်လုံး။

"ဝှီး"

ဟာ မထိဘူးဗျို့။ ကဲ ထပ်ပစ်ပြီဗျာ။ ဒုတိယတစ်လုံး။

"တိန်"

ဟော ထိပြီဗျို့။ ထိပြီ။ နဖူးကို တည့်တည့်ထိတာဗျို့။

"တိန်"

ဟာ ကျုပ်ကြည့်နေတုန်းမှာပဲ ကျုပ်နဖူးကို 'တိန်'ကနဲ ပြန်ထိသွားတာဗျို့။ ကျုပ်ရှေ့မှာ ကျသွားတဲ့ ရှားဖြူသီးလေးကို ပြေးကောက်လိုက်တယ်။ ဟာ ကျုပ် သံချွန်နဲ့ သုံးချက် ထိုး ဖောက်ထားတဲ့ အသီးလေးပဲဗျ။

ကဲ တွေ့ကြသေးတာပေါ့ဗျာ။ ကျုပ် ဆက်တိုက်ပစ်ပြီဗျို့။ ကဲကွာ၊ ကဲကွာ၊ ကဲကွာ။ တစ်ချို့က လွဲတယ်ဗျ။ တစ်ချို့က ထိ တယ်။ ဗိုက်ကြီးကိုထိတဲ့အလုံးက ထိတယ်၊ ရင်ဘတ်ကြီးကိုထိတဲ့ အလုံးက ထိတယ်။ နဖူး၊ လက်၊ ပေါင်၊ ခြေထောက် လွဲတဲ့အလုံး လည်း လွဲပေါ့ဗျာ။

"တိန်"၊ "ထောက်"၊ "တိန်"၊ "ဘုတ်"၊ "ထောက်"



www.burmeseclassic.com

www.burmeseclassic.com



အိုး ကျုပ်တစ်ကိုယ်လုံးလည်း ဆက်တိုက်ကို မှန်တာ ဗျို့။ ကျုပ် ဘယ်လိုရှောင်ရှောင် လွတ်ကို မလွတ်ဘူးဗျာ။

ကျုပ်ရှေ့မှာကျသွားတဲ့ ရှားဖြူသီးလေးတွေကို ကောက်ပြီးကြည့်လိုက်တာ အားလုံးအပေါက်ကလေးသုံးပေါက်နဲ့ချည်းပဲ ဗျ။ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။

ကျုပ် နားလိုက်တာနဲ့ အောင်စိန်က ပစ်တော့တာဗျာ။ ဒီကောင် ပစ်လို့ အရုပ်ကြီးကို ထိသွားတဲ့အလုံးမှန်သမျှ အောင်စိန်ကို ပြန်မှန်တာပဲဗျို့။ အောင်စိန်လက်ထဲမှာ ဆုပ်ထားတဲ့ ရှားဖြူသီးတွေ ကုန်သွားရင် ကျုပ်က ရှေ့တိုးပြီး ပစ်ပြန်ရောဗျ၊ ကျုပ် ကုန်သွားရင် အောင်စိန်က ပစ်ပြန်ရောဗျ။ ဒီလိုပစ်ရင်းနဲ့ ကျုပ်ရော အောင်စိန်ရော ပျော်လိုက်ကြတာဗျာ။ ကြောက်တဲ့ စိတ်ဆိုတာ နည်းနည်းမှ မရှိတော့ဘဲ ပျော်တဲ့စိတ်ပဲ ရှိတော့တာ ဗျို့။

ကျုပ် ပစ်လိုက် ကျုပ်ကို ရှားဖြူသီးတွေ ပြန်မှန်လိုက်၊ အောင်စိန် ပစ်လိုက် အောင်စိန်တစ်ကိုယ်လုံးကို ရှားဖြူသီးတွေ ပြန်မှန်လိုက်ပေါ့ဗျာ။

"အောင်စိန် ဒီတစ်ခါ မင်းနဲ့ငါ ပြိုင်တူပစ်ကြည့်ရအောင်၊ ဒါဆိုရင် သူ ဘယ်လိုလုပ်မလဲ ကြည့်ရအောင်ကွာ၊ အေး ကောင်းတယ်၊ ကဲ ပြိုင်တူပစ်မယ်၊ ဝမ်း၊ တူး၊ သရီး ပစ်"





ဟာ ပစ်ပြီဗျို့။ ကျုပ်ရော အောင်စိန်ရော လက်တစ်ဆုပ်စာ ရှားဖြူသီးတွေနဲ့ တစ်လုံးပြီးတစ်လုံး မနားတမ်းကို ပစ်ကြတာဗျ။ ဟာ ပစ်တာပဲဗျို့။ ကျုပ်တို့နှစ်ယောက်စလုံးကို ပြန်ပစ်တာဗျို့။ ကျုပ်ဆိုတာ ခေါင်းတွေရော၊ ရင်ဘတ်တွေရော၊ လက်မောင်းတွေရော၊ ပေါင်တွေရော နေရာလပ်မကျန်အောင် မှန်တော့တာဗျို့။ အောင်စိန်လည်း ဒီအတိုင်းပဲဗျ။

"ဟား ဟား ဟား ဟား ဟား"

ကျုပ်ရော အောင်စိန်ရော ရယ်လိုက်ကြရတာဗျာ။ နှစ်ယောက်စလုံးလည်း ခြေကုန်လက်ပန်းကျသွားပြီဗျို့။ ချွေးတွေလည်းပျံနေပြီ။ နှစ်ယောက်စလုံး တဟားဟားနဲ့ အော်ရယ်ပြီး ရှားဖြူပင်အောက်မှာ လှဲချလိုက်တယ်။

အမောပြေသွားတော့မှပဲ နှစ်ယောက်စလုံး ပြန်ထပြီး

"ကဲ အောင်စိန် သွားကြစို့ဟေ့၊ ရွာအရောက် နောက်ကျနေဦးမယ်"

"အေး သွားမယ်၊ မင်း ယုံပြီမို့လား တာတေ"

"ယုံပြီ အောင်စိန်ရေ ယုံပြီ၊ ယုံလည်း ယုံတယ်၊ အံ့လည်း အံ့သြတယ်ကွာ"

ပြောရင်းနဲ့ ကျုပ် အရုပ်ကြီးကို မော့ကြည့်လိုက်တယ်။ အရုပ်ကြီးကတော့ ပြုံးပြုံးကြီးဗျ။ ကျုပ်တို့ကို ပြုံးပြနေသလားလို့



www.burmeseclassic.com

www.burmeseclassic.com



တောင် ထင်ရတာဗျ။

"ကဲ ဒါဆိုရင် အရုပ်ကြီးကို ငါ နှုတ်ဆက်လိုက်ဦးမယ် ကွာ၊ နိဗ္ဗာန်ဆော်ကြီးရေ ကျုပ်တို့နဲ့ ဆော့ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်ဗျာ၊ ကျုပ်တို့က ထနောင်းကုန်းကပါ၊ ကျုပ်က အောင်စိန်ဗျ၊ ဒီကောင်က တာတေ၊ ကဲ ကျုပ်တို့ ပြန်ပြီဗျို့ နိဗ္ဗာန်ဆော်ကြီးရေ"

ဒီကောင်အောင်စိန်က အရုပ်ကြီးကို သေသေချာချာ နှုတ်ဆက်တာဗျ။

လှည်းကို ရှာသွားတဲ့ လှည်းလမ်းကြောင်းဘက်ကို ဦး တည်လိုက်တယ်။ နာရီဝက်လောက် မောင်းလိုက်တော့ ကျုပ်တို့ ရှာသွားတဲ့ လှည်းလမ်းပေါ်ကို ပြန်ရောက်တယ်ဗျ။ ဒီတစ်ခေါက် ကျုပ် မောင်းတာဗျ။ လှည်းမောင်းရင်း ကျုပ် တွေးနေတာပေါ့ ဗျာ။

ဒါ ဘယ်လိုဖြစ်တာတုံးဆိုတာ ကျုပ် တွေးလို့ကို မရ တော့ဘူးဗျ။ နိဗ္ဗာန်ဆော်ရုပ်ကြီးအနားမှာ တစ္ဆေတစ်ကောင် ရှိနေတာလား။ ဒါမှမဟုတ် နှစ်ကောင်လောက် ရှိနေတာလား ဒါမှမဟုတ်ရင်လည်း ဒီအရုပ်ကြီးထဲကို တစ္ဆေတစ်ကောင်ရဲ့ ဝိဉာဉ်ဝင်ပူးကပ်နေတာများလား။ အရုပ်ကို တစ္ဆေပူးတာမျိုး ကျုပ် ဖြင့် တစ်ခါမှကို မကြားဖူးတာဗျ။ လူကို ပူးတာတော့ ရှိတာပေါ့





ဗျာ။ ခုဟာက နိဗ္ဗာန်ဆော်ရုပ်ကြီးဗျ။

"အောင်စိန် ဒီအရုပ်ကြီးဆီသွားပြီး ကစားတာ ဘယ် နှခါလောက် ရှိပြီတုံးကွ"

"လေးငါးခါလောက် ရှိပြီကွ"

"မင်း ဒီအကြောင်းကို ဘယ်လိုလုပ်ပြီး စသိတာတုံးကွ"

"ငါ့အဘ ဒီကိုလာပြီး ရှားဖြူသီးတွေ ခူးတုန်းက ငါပါ လိုက်လာတာကွ၊ ငါ့အဘက ရှားဖြူသီးတွေကို စိမ်ရေတည်ပြီး လေဆေးချက်တာလေကွာ၊ အဲဒီမှာ အဘက ရှားဖြူသီးတွေ လိုက် ခူးနေတုန်း ငါက ပျင်းနေတာကိုးကွ တာတေရ၊ အဲဒီမှာ ငါက ရှားဖြူသီးတစ်လုံးနဲ့ ရယ်နေတဲ့ အရုပ်ကြီးရဲ့မျက်နှာကို ငါ ပစ် လိုက်တာ နှာခေါင်းကြီးကို သွားထိတာကွ၊ ချက်ချင်း ငါ့နှာခေါင်း ကို ဘုတ်ကနဲ ပြန်ထိတာပေါ့ကွာ၊ ငါလည်း အံ့ဩသွားတာပေါ့ တာတေရ၊ ကြောက်တောင် ကြောက်သွားတယ်။ ဒါနဲ့ပဲ ဟုတ်ရဲ့ လားဆိုပြီး ရှားဖြူသီးတွေခူးပြီး ထပ်ပစ်ကြည့်တယ်။ အဲဒီတော့မှ စောစောက မင်းတွေ့ခဲ့တဲ့အတိုင်း ဖြစ်တာပေါ့ကွာ။ ငါလည်း ပျော်သွားပြီး ရှားဖြူသီးတွေနဲ့ တစ်ဆုပ်ပြီးတစ်ဆုပ် ပစ်တော့တာ ပေါ့။ ငါက ပစ်လိုက်၊ သူက ပြန်ပစ်လိုက်နဲ့ ကိုယ်တွေလက်တွေ တောင် နာလာတာကွ၊ နောက်ထပ် ရောက်လာတိုင်း ငါ ဒီအရုပ် ကြီးနဲ့ ဆော့တော့တာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ အောင်စိန်ရာ၊ ငါ မင်းပြောတုန်းက မယုံဘူးကွ၊ အခုမှ လက်တွေ့ တွေ့လို့ ယုံသွားတာကွ၊ ဒါပေမဲ့ ဒါ ဘာတယ်လို့ မင်း ထင်တုံး"

"ငါ ထင်တာတော့ အဲဒီနိဗ္ဗာန်ဆော်အရုပ်ကြီးမှာ အသက်ဝင်နေတယ်လို့ ထင်တာပဲကွ"

"အရုပ်ကြီးကတော့ အသက်ဘယ်ရှိမတုံး အောင်စိန်ရာ ဘေးက ဝိညာဉ်တွေ ဘာတွေ ပူးကပ်နေတာဖြစ်မှာပါ"

"အဲဒါတွေ ငါ ဘယ်လိုလုပ်ပြီး နားလည်မှာတုံး တာတေရ၊ ငါ သိတာတော့ ဒီအရုပ်ကြီးက ရှားဖြူသီးပေါက်တမ်း ကစားလို့ရတယ်ဆိုတာပဲ သိတာပေါ့ကွာ"

ကျုပ်နဲ့ အောင်စိန် ရွာပြန်ရောက်တော့ နေတောင် တော်တော်စောင်းနေပြီဗျ။

"တာတေ နင်တို့ပြန်တာ နောက်ကျနေပါလား၊ မြို့မှာ ဘိုင်စကုပ်တွေ ဘာတွေ ကြည့်နေကြတာလား"

"ဟာ မကြည့်ပါဘူး အမေရ၊ ကျုပ်နဲ့ အောင်စိန် နတ်ကြီးကမ်းပါးဘက်ကို သွားနေလို့ပါဗျ"

"ဟေ နတ်ကြီးကမ်းပါးကို နင်တို့က ဘာသွားလုပ်တာတုံး"

"အောင်စိန် ရှားဖြူသီး သွားခူးတာ အမေရ"





ကျုပ်က အမေ စိတ်မပူအောင် လိမ်ပြီးပြောလိုက်ရတာပေါ့ဗျာ။

"အေး ဟုတ်တယ်၊ အောင်စိန့်အဖေက အဲဒီရှားဖြူသီးတွေကို စိမ်ရည်တည်ပြီး လေဆေးပြန်ချက်တာ တော်တော်ကောင်းတာပဲ၊ ငါတောင် တစ်ခါသွားတောင်းပြီး သောက်ဖူးတယ်၊ လေတွေဘာတွေ တော်တော်ကို ပျိုကျတာ၊ နင့်အဘက နင်တို့ကို စိတ်ပူနေတာဟ"

ကျုပ်နဲ့ အမေနဲ့ ပြောနေတာကို အိမ်ပေါ်က အဘလည်း ကြားတာပေါ့ဗျာ။

"နတ်ကြီးကမ်းပါးမှာ ရှားဖြူတောကြီး ရှိသေးလားကွ တာတေရ"

"ရှိပါပြီလား အဘရာ၊ ကျုပ်စိတ်ထင်တော့ ရှားဖြူတွေ ပိုတောင်များလာသလိုပဲဗျ။ နို့ အဘ နတ်ကြီးကမ်းပါးက နိဗ္ဗာန်ဆော်ရုပ်ကြီးက ဘာများထူးတုံးဗျ"

"ဟေ နိဗ္ဗာန်ဆော်ရုပ်ကြီးက ဘာထူးမှာတုံးကွ၊ အရုပ်ကြီးပေါ့၊ ပါးစပ်ကြီးဟာပြီး ရယ်နေတာပဲ၊ ရှေးဘုရင်တွေ သူတို့ဘုရားမှာ ထုထားတဲ့ အရုပ်ကြီးပဲလေ၊ ဘာမှထူးတာ မရှိပါဘူး"

အဲဒီညက ကျုပ်လည်း ပင်ပန်းလာတော့ စောစောအိပ်ရာဝင်ခဲ့တာပေါ့ဗျာ။ ဒါပေမဲ့ ချက်ချင်းအိပ်မပျော်ပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က ကျုပ်တို့နဲ့ ရှားဖြူသီး ပေါက်ကစားခဲ့တဲ့ အရုပ်ကြီးကိုပဲ ကျုပ်မျက်စိထဲမှာ မြင်နေတာဗျို့။ ကျုပ် ဘယ်လိုပဲတွေးတွေး ဘာအဖြေမှတော့ မရပါဘူးဗျာ။ အခု ကျုပ်ပြောတာ ကျုပ်ငယ်ငယ်က ကြုံခဲ့တဲ့အကြောင်းတစ်ခုပေါ့ဗျာ။ ဒီတုန်းက ကျုပ်ငါးတန်း ခြောက်တန်းလောက်ပဲ ရှိသေးတာလေ။

"တာတေ၊ ဟဲ့ တာတေ ထတော့လေ၊ မျက်စိတွေဘာတွေ ဖွင့်ကြည့်ပါဦး၊ နေဘယ်လောက်ရောက်နေပြီဆိုတာ။ ပြီးတော့ ဝိုင်းထဲမှာ နင့်အဘတစ်ယောက်တည်း ဆီကြိတ်ဖို့ နှမ်းလှမ်းနေတယ်"

ဟုတ်ပ့ါဗျာ၊ ကျုပ်မျက်စိတွေ ဖွင့်ကြည့်လိုက်တော့ နေတော်တော်ကို မြင့်နေပြီပဲဗျ။ ကျုပ်လည်း အိပ်ရာကနေ လူးလဲထလိုက်တယ်။ မျက်နှာသစ်ပြီး မနေ့က ကျန်တဲ့ဝက်သားဟင်းလေးနဲ့ ထမင်းကြမ်းစားလိုက်တယ်၊ ပြီးတာနဲ့ ကျုပ် ဝိုင်းထဲဆင်းလာခဲ့တယ်။

ကျုပ် ဝိုင်းထဲရောက်တော့ အဘက နှမ်းအိတ်တွေ အကုန်လုံး ဖြန့်ပြီးသွားပြီဗျို့။ ကျုပ်လည်း မန်ကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်ပြီး နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်ကို ဖွာနေလိုက်တယ်။

"ဟေ့ကောင် တာတေ၊ ဘာတွေများ ဒီလောက်စဉ်းစား





နေတာတုံးကွ"

ကျုပ် ဆေးပေါ့လိပ်ကလေး နှစ်ဖွာ၊ သုံးဖွာပဲ ဖွာရသေးတယ်။ ဝိုင်းဝက အသံကြားတာဗျ။

"ဟာ ကိုကြီးဘချစ် လာဗျာ၊ ကားနဲ့တင်ဖို့ နှမ်းပါတိုက်တာလားဗျ"

ကိုဘချစ်တို့က ဘန့်ဘွေးကုန်းမှာ ကားထောင်ထားတာဗျ။ ကိုမြင့်တို့က သပ်သပ်တစ်စီး။ ကိုဘချစ်က တစ်စီးဗျ။ နှမ်းရောင်းမယ့်လူရှိရင် အိမ်အရောက် လှည်းနဲ့ နှမ်းလာတိုက်ပေးတာဗျ။ ဒါမှ သူတို့ကားလည်း တန်ဆာခ ရမှာပေ့ါဗျာ။

"နှမ်းအိတ်လာတိုက်တာ မဟုတ်ဘူးကွ၊ မင်းဆီကိုလာတာ၊ ငါတို့ရွာမှာတော့ လူတွေရော၊ ရဲတွေရော တရုန်းရုန်းကိုဖြစ်နေပြီဟေ့"

"ဗျာ ဘာဖြစ်လို့တုံးဗျ၊ ကိုကြီးဘချစ်ရဲ့"

"ငါတို့ဘထွေးချစ်ဖေအိမ်မှာ လူသတ်မှု ဖြစ်လို့ကွ၊ လူသတ်မှုမှ တစ်မှု မဟုတ်ဘူး၊ နှစ်ယောက်တောင်သေတာ"

"ဗျာ သေတာက ဘယ်သူတုံး"

"ပါလာတာတော့ ငါတို့ကားနဲ့ မနေ့ကမှ ပါလာတာကွ၊ တစ်ယောက်က ဘလေးချစ်ဖေရဲ့အသိလို့ ပြောတယ်။ တစ်ယောက်ကတော့ သျှောင်ထုံးနဲ့ နှုတ်ခမ်းမွေးရေးရေးနဲ့ဆရာ



www.burmeseclassic.com

www.burmeseclassic.com



လိုလို ဘာလိုလိုပုံပဲကွ၊ ငါ့ကားလိုက်နေတဲ့ တင်အောင်လေးကို တောင် အိမ်မသိလိုက်လို့ လိုက်ပို့ခိုင်းရသေးတာ"

"ဟာ အဲဒီညှော်သည်နှစ်ယောက် သေတာလား"

"အေး ဟုတ်တယ်ကွ"

"ဟင် ဘယ်လိုဖြစ်တာတုံးဗျ၊ ရောက်တဲ့ညပဲ သေတာ ပေါ့ဗျ ကိုကြီးဘချစ်ရ"

"ဟုတ်တယ် တာတေ၊ ဘထွေးချစ်ဖေဆိုတာလည်း မင်း သိတဲ့အတိုင်းပဲလေကွာ၊ ဘာသာရေးသမားမို့လား၊ ပုတီး နေ့တိုင်း စိပ်နေတဲ့လူ"

"ဟာ မဟုတ်တာဗျာ၊ ဘထွေးချစ်ဖေလိုလူကတော့ လူ သတ်မလားဗျ၊ သူ့အိမ်မှာလည်း သူ့သားလေးနှစ်ယောက်ပဲရှိတာ၊ ဒီကောင်တွေကလည်း ဆယ်တန်းကျောင်းသားတွေဆိုတော့ မြို့မှာသွားပြီး ကျောင်းနေကြတာကွ"

"နို့ ညက သူတို့အိမ်မှာ ဘယ်သူတွေရှိတုံး"

"ဘယ်ရှိမှာတုံး၊ ငါ့ဘထွေးရယ်၊ ဘထွေးမိန်းမရယ်၊ အဲဒီ ညှော်သည်နှစ်ယောက်ရယ်ပဲ ရှိတာပေါ့ကွ၊ ဘလေးတို့လင်မယား က အပေါ်ထပ်မှ အိပ်တာတဲ့၊ ညှော်သည်နှစ်ယောက်က အောက် ထပ်မှာ အိပ်ကြတာတဲ့ကွ"

"အိမ်တံခါးတွေ ဘာတွေရော ပိတ်ကြရဲ့လားဗျာ"





"ဟာ ဘထွေးကိုယ်တိုင် ပိတ်ထားတာတဲ့ကွ၊ တံခါး လည်း မပွင့်ဘူး၊ လူဝင်လူထွက် ခြေရာလက်ရာလည်း ဘာမှ မတွေ့ဘူးကွ"

"ညက အသံဗလံတွေ ဘာတွေရော ဘထွေးချစ်ဖေတို့ မကြားဘူးလားဗျ"

"အေး ညနှစ်ချက်တီးလောက်တုန်းကတော့ ကျွိ၊ ကျွိ၊ ကျွိ ဆိုတဲ့အသံ နည်းနည်းကြားလိုက်တယ်တဲ့ကွ၊ ဒါပေမဲ့ ဘထွေး က ညှော်သည်တွေ အိုက်လို့ ပြတင်းပေါက် ထဖွင့်တယ် ထင်နေ တာတဲ့ကွ"

"နို့ ဘယ်တော့မှ ဘထွေးက သိတာတဲ့တုံး"

"မနက်မိုးလင်းမှ သိတာကွ၊ အိမ်ပေါ်ထပ်ကနေ ဆင်း လာတော့မှ ညှော်သည်နှစ်ယောက်စလုံး သွေးအိုင်ထဲမှာ သေနေ တာကို တွေ့တာကွ၊ ဓားချက်တွေက နှစ်ယောက်စလုံးရဲ့ လည်ပင်းမှာချည်းပဲကွ၊ ပြီးတော့ ရဲတွေပြောတာက ဓားခုတ်ချက် တွေဟာ တော်တော်ကို ဓားခုတ်ကျွမ်းကျင်ဝါသနာ ခုတ်တာလို့ ပြောတယ် တာတေရ"

"နို့ နေပါဦးဗျ၊ ကိုကြီးဘချစ်ရ၊ အခု ကျုပ်ဆီကို လာ ပြောတာက ဘာအတွက်တုံး။ ကျုပ်က အမှုတွေဘာတွေ စုံစမ်း ထောက်တာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းနဲ့ဆိုင်တာရှိလို့ လာတာကွ တာတေရ"

"ဟင် ပြောပါဦးဗျ၊ ကိုကြီးဘချစ်ရဲ့"

"မင်း ဘထွေးချစ်ဖေတို့အိမ်ကို ရောက်ဖူးတယ်မို့လား"

"ရောက်တော့ ရောက်ဖူးတယ်ဗျ၊ သူ့သားနှစ်ယောက် ရှင်ပြုတုန်းကလေဗျာ"

"အေး အဲဒီတုန်းက မင်း သတိထားမိလားတော့ မပြော တတ်ဘူး၊ ဘထွေးချစ်ဖေတို့ ဘုရားစင်နားမှာထားတဲ့ အရုပ် တစ်ရုပ် ရှိတယ်လေကွာ"

"ဟင် ဘာအရုပ်တုံးဗျ၊ ကျုပ်တော့ သေသေချာချာ သတိမပြုမိဘူး၊ ကျုပ်ကလည်း ဘထွေးချစ်ဖေတို့အိမ်မှာ သိပ် မကြာဘူးလေဗျာ။ ကျုပ်ရောက်ပြီး မကြာခင်ပဲ ဘုန်းကြီးကျောင်း ကို သွားကြတာလေဗျာ"

"ကြော် အေး အေး၊ ဘုရားစင်နားမှာထားတဲ့ အရုပ် ဆိုတာက ပဉ္စလောဟာအရုပ်လို့ ပြောတယ်ကွ"

"ဗျာ. . ပဉ္စလောဟာဆိုတာ ဘာတုံးဗျ ကိုကြီးဘချစ်ရဲ့"

"သတ္တုငါးမျိုးစပ်ပြီး ပုံသွန်းထားတဲ့ အရုပ်ကွ၊ ငါ မှတ် ထားတာတော့ ကြေးနီ၊ ကြေးဝါ၊ သံ၊ ငွေ၊ ခဲ ထင်တာပဲကွ"

"ပုံက ဘာပုံမို့လို့တုံးဗျ"

"သျှောင်တစောင်းနဲ့ ပေါင်မှာထိုးကွင်းမှင်ကြောင်





အောက်ပိုးကြိုက်ပြီး ဓားရေးပြနေတဲ့ပုံကွ၊ အပေါ်ပိုင်းမှာ အင်္ကျီ မပါဘူးကွ"

"အောက်ပိုးကြိုက်တယ်ဆိုတာ ဘာတုံးဗျ"

"ဟာကွာ တာတေရာ၊ ပုဆိုးခါးတောင်းကြိုက်ထားတာ ကို ပြောတာကွ"

"ကြော် ပုံက ဓားရေးပြနေတဲ့ပုံ ဟုတ်လားဗျ"

"အေး ဟုတ်တယ် တာတေရ၊ ဓားရေး သုံးဆယ့်ခုနှစ် ခန်းထဲက ဓားနှစ်လက်နဲ့ ခြေထောက်ရှေ့ကိုခင်းပြီး ဓားရေးပြ နေတဲ့ပုံကွ၊ တော်တော်ကို လက်ရာမြောက်တဲ့ပုံပါကွာ၊ အမြင့်က နှစ်ပေလောက် ရှိတယ်"

"ဟုတ်ကဲ့၊ အဲဒီအရုပ်က အခု ဘာဖြစ်လို့တုံးဗျ"

"အဲဒီအရုပ်ရဲ့ ကိုင်ထားတဲ့ဓားတွေမှာ သွေးတွေပေနေ တယ်ကွ၊ ဓားနှစ်ချောင်းလုံးမှာကို ပေနေတာ၊ ဓားကလည်း ပဉ္စ လောဟာသတ္တုနဲ့ လုပ်ထားတာဆိုတော့ အသွားတွေများ မြနေ အောင် ပြတ်တာကွ"

"ဟင် အရုပ်က နေရာတွေ ဘာတွေ ရွှေ့နေလို့လားဗျ"

"ဟာ အရုပ်ကလည်း နေရာမရွှေ့ဘူးကွ၊ သေတဲ့ အလောင်းနှစ်လောင်းနဲ့ အရုပ်နဲ့ကလည်း တော်တော်လေးတော့ ဝေးသားကွ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကိုကြီးဘချစ်ရဲ၊ လူတွေက ဒီအရုပ်က လူတွေကို ဓားနဲ့ခုတ်သတ်တာလို့ ထင်နေလို့လားဗျ"

"အေး အဲဒီလိုပဲ ထင်တာပေါ့ကွ"

"နို့ ရဲတွေကရောဗျ၊ ရဲတွေလည်း စဉ်းစားရခက်နေတာပေါ့ကွာ၊ ဒါပေမဲ့ ရဲကတော့ အရုပ်ထက် လူတွေကိုပဲ စုံစမ်းတာပေါ့ကွာ၊ အခုလောလောဆယ်တော့ ဘထွေးချစ်ဖေကို ဖမ်းပြီး စစ်ဆေးမယ့်ပုံပဲကွ"

"ဟာ ကျုပ်လည်း ဒီကိစ္စကြီးကို ဘယ်လိုလုပ်ရမှန်း မသိပါဘူးဗျာ"

"အလောင်းတွေတော့ သယ်ဖို့ပြုဖို့ လုပ်နေကြတယ်ကွ ဒါပေမဲ့ ရဲအုပ်တစ်ယောက်နဲ့ ရဲသုံးလေးယောက်တော့ ရွာမှာ နေခဲ့လိမ့်မယ်ကွ"

"ခက်တာပဲဗျ၊ ကိုကြီးဘချစ်ရ၊ ဘထွေးချစ်ဖေတော့ နေရင်းထိုင်ရင်း အမှုအိမ်ပေါ် တက်လာသလို ဖြစ်နေပါရောလား ဗျာ၊ ဒါပေမဲ့ အရုပ်က လူကို ဓားနဲ့ ခုတ်သတ်တယ်ဆိုတာ လည်း ဘယ်လိုမှကို မဖြစ်နိုင်တဲ့ကိစ္စ ဖြစ်နေတယ်လေဗျာ"

"အဲဒါကြောင့် ငါ မင်းဆီကို လာပြီးတိုင်ပင်တာပေါ့ရှ တာတေရ၊ ဒီကိစ္စမျိုးတွေမှာ မင်းက ဗဟုသုတ အတော်များတ ဆိုတော့ အရုပ်တွေဘာတွေက အသက်ဝင်ပြီး ဒီလိုလုပ်





သလား၊ မင်းကြားဖူးတာ ရှိသလားဆိုပြီး မေးချင်လို့ပါကွာ"

ကျုပ်လည်း သေသေချာချာ တွေးကြည့်တယ်။ နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း တွေးတယ်။ ကိုကြီးဘချစ်ကလည်း နဂါးဆေးပေါ့လိပ်ဖွာရင်း စဉ်းစားနေတယ်ဗျ။

ကျုပ်လည်း တွေးရင်းနဲ့ စောစောက ပြောပြခဲ့တဲ့ နတ်ကြီးတမ်းပါးက နိဗ္ဗာန်ဆော်အရုပ်ကြီးကို သွားပြီးသတိရရောဗျို့။

"ဟာ ဖြစ်နိုင်တယ်ဗျ ကိုကြီးဘချစ်ရ ဖြစ်နိုင်တယ်"

"ဟေ ဘာဖြစ်နိုင်တာတုံးကွ"

"အရုပ်က အသက်ဝင်ပြီး လူသတ်တယ်ဆိုတာ ဖြစ်နိုင်တယ်ဗျ"

"ဟေ ဟုတ်လား၊ မင်း ကြားဖူးလို့လားကွ"

"ကျုပ် ငယ်ငယ်က တစ်ခါကြုံဖူးတယ်၊ ဒီတုန်းက နတ်ကြီးကမ်းပါးက နိဗ္ဗာန်ဆော်ရုပ်ကြီး ရှိသေးတယ်ဗျ၊ အခုတော့ အဲဒီအရုပ်ကြီးလည်း ကျိုးပဲ့ပျက်စီးသွားပါပြီ မရှိတော့ပါဘူးဗျာ။ အဲဒီတုန်းက အောင်စိန်နဲ့ ကျုပ် လိုက်သွားတာ ရှားဖြူသီးတွေနဲ့ ပေါက်တမ်းတောင် ကစားကြတာဗျ"

"ဟ အဲဒါ အရုပ်အသက်ဝင်တာနဲ့ ဘာဆိုင်လို့တုံးကွ"

"ဟာ ကိုကြီးဘချစ်ကလည်း ကျုပ်တို့နှစ်ယောက်နဲ့ အဲဒီ အရုပ်ကြီးနဲ့ ရှားဖြူသီးတွေ ပေါက်ကြတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဟုတ်လား၊ အရုပ်ကြီးနဲ့ မင်းတို့နဲ့ပေါက်တာ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဒီလိုလုပ်ဗျာ၊ ဒီကိစ္စကို ကျုပ် စုံစမ်းလိုက် မယ်ဗျာ"

"ဒါဆိုရင် မင်း ငါတို့ရွာကို လာမှာလား"

"ကျုပ် ညခြောက်နာရီအရောက်လာမယ်၊ လိုတာလေး တွေတော့ ပြင်ထားပေးဗျာ ကိုကြီးဘချစ်ရာ"

"ဟာ လုပ်ပေးမှာပေါ့ကွ၊ မင်းလိုတာသာပြော"

"ကြက်တစ်ကောင်ချက်၊ ဆန်တစ်ခွက်ချက်၊ ပြီးတော့ ငှက်ပျောဖက်နဲ့ထုပ်ပြီး ထမင်းတောင်း ပြင်ထား၊ ခင်ဗျားတို့ရွာက နတ်ဝင်သည် ဒေါ်ထွန်းကြီးကို ခေါ်ထားဗျာ"

"ဟာ စိတ်ချ၊ စိတ်ချ၊ ငါ အားလုံးလုပ်ထားမယ်၊ မင်းသာ ဆက်ဆက်လာခဲ့ တာတေ"

"စိတ်ချပါ ကိုကြီးဘချစ်၊ ကျုပ် ခြောက်နာရီအရောက် လာခဲ့မယ်"

ကိုကြီးဘချစ် ပြန်သွားတော့ အိမ်ပေါ်က အမေနဲ့ အဘ က ကျုပ်ကို လှမ်းမေးတယ်ဗျ။

"ဟဲ့ တာတေ၊ ဘချစ်က နင့်ဆီ ဘာလာလုပ်တာတုံး"

ကျုပ်လည်း အိမ်ပေါ်ကိုတက်ပြီး ဘန့်ဘွေးကုန်းမှာဖြ





တဲ့ ထူးထူးဆန်းဆန်းကိစ္စကို ပြောပြလိုက်တယ်။ အဘရော အမေရော အံ့ဩလွန်းလို့ဗျာ။

"တာတေ ငါတို့တစ်သက်တော့ တစ်ခါမှကို မကြားဖူး ဘာပါကွာ၊ ဘယ့်နှယ်အရုပ်က အသက်ဝင်ပြီး လူသတ်ရတယ် လို့၊ ငါတော့ ဟုတ်မယ်မထင်ပါဘူးကွာ၊ ဒီညှော်သည်တွေက ဘာတွေမှန်းမှ မသိတာ၊ ရန်တစ်ခုခုရှိလို့ ဒီရွာမှာ လာပြီးရှောင် ဘာတိမ်းတာလားမှ မသိတာ၊ နောက်က ဒါကိုသိလို့ ရန်သူလိုက် လာပြီး သတ်သွားတာနေမှာပေါ့ကွ၊ အရုပ်ကတော့ ဘယ့်နှယ် လုပ် သတ်တတ်မှာတုံး"

"ခက်တာပဲ အဘရဲ့၊ အိမ်ထဲမှာလည်း လူဝင်ပြီးသတ် သွားတဲ့ ခြေရာလက်ရာ ဘာမှမကျန်ခဲ့ဘူး ပြောတယ်ဗျ"

ကျုပ်ရယ်၊ အဘနဲ့ အမေရယ် ဒီအကြောင်းကို တော် တော်ပြောဖြစ်ကြတာဗျ။

ညရောက်တော့ ကျုပ် ဘန့်ဘွေးကုန်းကို ရောက်တယ်။ ဘထွေးချစ်ဖေရဲ့အိမ်မှာတော့ ရဲတွေ စောင့်နေကြတယ်။ အလောင်းတွေကတော့ သယ်သွားပါပြီ။ ဘထွေးချစ်ဖေကိုလည်း မဖမ်းသေးပါဘူး။ ကျုပ်လည်း ညကိုးနာရီထိုးတာနဲ့ ဘန့်ဘွေး ကုန်းသချိုင်းကို လာခဲ့တယ်။ ကိုကြီးဘချစ်က သူကိုယ်တိုင် ထမင်းတောင်းထမ်းပြီး လိုက်တာဗျ။ နတ်ဝင်သည် ဒေါ်ထွန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါလာတယ်။

ထုံးစံအတိုင်း ကျုပ် မဖဲဝါကို စားပွဲသောက်ပွဲပေးပြီး ပင့်ရတာပေါ့ဗျာ။

ဒီတစ်ခါ မဖဲဝါကို ပင့်ရတာ တော်တော်ကို ကြာတာဗျ။ ကျုပ် အထပ်ထပ်အခါခါပင့်တော့မှ ရောက်လာတာဗျို့။

မဖဲဝါက ဒေါ်ထွန်းကို ဝင်စီးပြီး ထမင်းကို အားရပါးရ စားတော့မှ ကျုပ်က ဘန့်ဘေးကုန်းမှာ ဖြစ်သွားတဲ့ကိစ္စကို ပြောရတာဗျ။ အရုပ်က လူသတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလားလို့ ကျုပ်က မေးတော့ မဖဲဝါက ပြောရောဗျို့။

"ဟဲ့ တာတေ အဲဒီပဥ္စလောဟာ အရုပ်က မြို့စားကြီးရဲ့ အရုပ်ဟဲ့၊ မြို့စားကို သူ့ရဲ့နောက်ပါတွေက ပိုင်းလုပ်ကျန်တဲ့အချိန်မှာ မြို့စားက မားဒဏ်ရာရပြီး သူ့ရဲ့အိမ်ကြီးပေါ်ကို တက်ပြေးတယ်။ အဲဒီပဥ္စလောဟာအရုပ်ရဲ့ရှေ့မှာ လဲကျသွားပြီး ဂါထာတွေရွတ်တယ်၊ ဒီမြို့စားက ထူးဆန်းတဲ့ ပညာတစ်ခု တတ်တယ်။ အဲဒါက 'ကပ္ပလီမှော်' လို့ ခေါ်တဲ့ ဝိညာဉ်ကိုခွာပြီး အရုပ်ထဲကို ဝင်နိုင်တဲ့မှော်ပညာ တတ်ထားတယ်။ ဂါထာတွေကို ကပ္ပလီစကားနဲ့ ရွတ်တတ်ရတယ်။ မြို့စားက အဲဒီ 'ကပ္ပလီမှော်' ဂါထာကို အဆက်မပြတ်ရွတ်ပြီး သူ့ဝိညာဉ်ကို ခွာထုတ်လိုက်တယ်။ ပြီးတော့ သူ့ရဲ့ ပဥ္စလောဟာရုပ်ထဲကို သူ့ဝိညာဉ်ဝင်သွားတယ်။





နောက်ကျတော့ ဒီအရုပ်က လက်အဆင့်ဆင့်ပြောင်းပြီး ဘန့်ဘွေးကုန်းကို ရောက်လာတာ ကြာပြီ။ အဲဒီအိမ်ကကောင်လေးရဲ့ အဘိုးလက်ထက်ကတည်းက ဒီအရုပ် ဒီရောက်နေတာ။ အခု သေသွားတဲ့ကောင်နှစ်ကောင်က 'ကပ္ပလီမှော်' ကို လိုချင်လို့ ဒီအရုပ်နောက်ကို လိုက်နေတာ၊ ဒီအရုပ်ထဲကို မြို့စားကြီးရဲ့ ဝိညာဉ်ဝင်နေတာကို ဒီကောင်တွေက သတင်းရထားပြီး ဆရာ အစဉ်အဆက် ဒီအရုပ်ကို လိုက်နေကြတာ။ အဲဒီညက အရုပ်ထဲက မြို့စားကြီးရဲ့ ဝိညာဉ်ကို ချုပ်နှောင်ဖို့ ခြေမန်းကွင်းထဲအစွပ်မှာ ပဥ္စလောဟာအရုပ်ရဲ့ ဓားချက်နဲ့ ကိစ္စတုံးကုန်ကြတာပေါ့"

"ဟာ ဒါဆိုရင် ဒီအရုပ်ထဲက မြို့စားကြီးရဲ့ ဝိညာဉ်ကို ဘယ်လိုဖယ်ထုတ်ရမှာတုံး မဖဲဝါ"

"ဒီကောင် အချိန်ကျနေပါပြီ၊ ရိုးမထဲမှာ တစ်ပါးတည်း တရားကျင့်နေတဲ့ ဆရာတော်ကြီးရှိတယ်၊ ဘန့်ဘွေးကုန်းက လူတွေ သွားပြီးဆွမ်းကပ်နေကျပါ။ အဲဒီဆရာတော်ကို လျှောက်လိုက်ရင် လိုက်လုပ်ပေးလိမ့်မယ်"

မဖဲဝါ ပြန်ထွက်သွားတော့ ကျုပ်တို့ရွာကို ပြန်ခဲ့တယ်။ နောက်နေ့ဆိုရင် ကိုဘချစ်က ဆွမ်းချိုင့်တစ်ချိုင့်နဲ့ ရိုးမပေါ်ကို တက်တော့တာပဲဗျို့။ အဲဒီတောရပ် ဆောက်တည်နေတဲ့ ဆရာတော်ရဲ့ကျောင်းကို သိတဲ့သူက ကိုဘချစ်ကို လိုက်ပို့တာဗျ။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွာပြန်လာခဲ့တယ်။ ညနေစောင်းတော့ ကိုကြီးဘချစ် သုတ်သုတ် သုတ်သုတ်နဲ့ ကျုပ်ဆီကို လိုက်လာတယ်။

"ဘယ်လိုတုံး ကိုကြီးဘချစ်၊ အဆင်ပြေခဲ့လား"

"အေး ပြေတယ်ကွ တာတေရ၊ ဆရာတော်ကြီးကို တစ်ပါတည်း ပင့်လာတယ်"

"ကိုကြီးဘချစ်တို့ လှည်းပါသွားတာ တော်သေးတာပေါ့ ဗျာ"

"အေး ဟုတ်တယ်၊ အဲဒါ မင်းကို လာခေါ်တာကွ၊ ဆရာတော်ကြီးက ဒီညပဲ အလုပ်လုပ်မှာတဲ့ကွ"

"ဟာ ဟုတ်လား၊ ဒါဆိုလည်း ကျုပ် လိုက်ခဲ့မယ်လေ ဗျာ"

ကျုပ်ကလည်း ထမင်းစားသောက်ပြီးပြီဆိုတော့ အတော်ပဲပေါ့ဗျာ။ ဆေးလွယ်အိတ်ကလေး စလွယ်သိုင်းလွယ်ပြီး ကျုပ် ဘန့်ဘွေးကုန်းကို လိုက်ခဲ့တယ်။

ဆရာတော်ကြီးက သက်တော်ခြောက်ဆယ်လောက် ရှိပြီဗျ။ မျက်နှာက ကြည်လင်နေတာပါပဲဗျာ။ ကိုဘချစ်တို့အိမ်မှာ သီတင်းသုံးလို့ဗျ။ ညကိုးနာရီထိုးတော့ ရွာထဲမှာ လူအပြင်မထွက် ခိုင်းတော့ဘူး။ တံခါးတွေပါ ပိတ်ခိုင်းထားတယ်။ ခွေးတွေက တော့ ထုံးစံအတိုင်းပေါ့ဗျာ။ ကြောက်လန့်ပြီး အမြီးတွေကုတ်လို့





ဗျ။ အိမ်ထဲကို 'တအီအီ' အော်ပြီး တိုးတဲ့အကောင်က တိုးဝင်နေ တာဗျို့။

"ဆရာတော်ဘုရား ဟောဒါ ထနောင်းကုန်းက မောင်တာတေပါဘုရား၊ အရှင်ဘုရား လိုအပ်တာရှိရင် မောင်တာတေကို ခိုင်းပါဘုရား"

"အေး အေး အင်မတန်သတ္တိရှိတဲ့ သူငယ်ပဲ၊ အေး အေး မြင်တာနဲ့ ဘုန်းဘုန်း သိပါတယ်ကွယ်၊ အင်း အင်း မောင်တာတေက အတွေ့အကြုံတွေ တော်တော်ရှိပေတာပဲ၊ တို့ဒကာမကြီးကလည်း သူ့ကို တော်တော်စောင့်ရှောက်တာပါ အလား"

"ဘယ်ဒကာမကြီးပါလဲဘုရား"

ကိုဘချစ်က ဝင်ပြီးလျှောက်တာဗျ။

"မဖဲဝါလေ ဒကာရဲ့၊ မောင်တာတေကို သူက စောင့်ရှောက်လို့ပါလား၊ အင်း အင်း သူကလည်း ကမ္ဘဇိတ္တိတော့ တယ်မညံ့လှဘူးကွဲ့၊ ကဲ မောင်တာတေရေ သွားကြစို့ဟေ့၊ ဆရာတော်က ဆေးတောင်ဝှေးကြီး တဒေါက်ဒေါက်ထောက်ပြီး ရှေ့က ကြွတယ်၊ ကျုပ်က နောက်က လိုက်တယ်။ ကျုပ်က ဒီအချိန်မှာ မျက်ကွင်းဆေး ကွင်းပြီးသားဗျ။

ဘထွေးချစ်ဖေနဲ့ ရွာကလူကြီးတွေ ရဲအုပ်နဲ့ ရဲသားတွေ



www.burmeseclassic.com

www.burmeseclassic.com



က ဘထွေးချစ်ဖေတို့အိမ်မှာ အဆင်သင့်စောင့်နေကြတာဗျို့။ ဝိုင်းထဲရောက်တာနဲ့ တစ်ပြိုင်နက်တည်း ဆရာတော်ကြီးက. . .

"ဒကာ မောင်တာတေ ရော့ ဟောဒီပရိတ်ချည်ကိုယူပြီး အိမ်ကို တစ်ပတ် ပတ်မိအောင် ပတ်လိုက်၊ အိမ်တံခါးတွေ အားလုံး ပိတ်ထားကြ"

ကျုပ်က ဆရာတော်ပေးတဲ့ ပရိတ်ချည်လုံးကိုယူပြီး ဘထွေးချစ်ဖေတို့အိမ်ကြီးကို တစ်ပတ် ပတ်လိုက်တယ်။

"ကဲ အားလုံး နောက်ကိုနည်းနည်းဆုတ်နေကြ၊ ဘုန်း ဘုန်း ပရိတ်ရွတ်တော့မှာ၊ မောင်တာတေက ကျုပ်နောက်လိုက်ခဲ့ ဒကာ ဘချစ်လည်း လာ"

ကိုကြီးဘချစ်နဲ့ ကျုပ်နဲ့ ဆရာတော်ရဲ့နောက်က လိုက်ခဲ့ ကြတယ်။ ဆရာတော်ကတော့ ဆေးတောင်ဝှေးကြီးကို တဒေါက် ဒေါက်ထောက်ပြီး ပရိတ်တွေ တရစပ် ရွတ်ဖတ်ရင်း အိမ်ကို တစ်ပတ်ပြီးတစ်ပတ် ပတ်နေတယ်ဗျ။

"ဒုန်း ဒုန်း"

ဆရာတော်က ပရိတ်ရွတ်နေရင်း ကျုပ်ကို သွားကြည့်ဖို့ လက်ဟန်ပြတယ်။ ကျုပ်လည်း အိမ်ရှေ့ဘက်ကို ပြေးထွက်လာ ပြီး ကြည့်တယ်။ ကျုပ်လိုပဲ ရဲအုပ်နဲ့ ရဲသားတွေလည်း အိမ်ရှေ့ ပေါက်ကနေ ကြည့်နေကြတယ်ဗျ။





ဟာ ပဥ္စလောဟာ အရုပ်ဗျို့။ ဘုရားစင်ရှေ့မှာ ခုန်နေပါ ရောလားဗျာ။

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ရှီ၊ ရှီ၊ ရှီ"

ဟာ အရုပ်က လူတစ်ယောက်လိုခုန်ပြီး ဓားနှစ်ချောင်းနဲ့ လိုက်ခုတ်နေတာဗျို့။ ဆရာတော်ကြီးကတော့ ဆေးတောင်ဝှေး ကြီး တဒေါက်ဒေါက်ထောက်ရင်း အိမ်ကိုပတ်ပြီး ပရိတ်တွေ တရစပ်ရွတ်နေတော့တာပဲဗျို့။

"ဒုန်း၊ ဒုန်း၊ အား အောင်မယ်လေး ပူလိုက်တာဗျ၊ ပူလှ ချည်ရဲ့ ကျုပ် သွားပါတော့မယ်ဗျ၊ လမ်းပေါက် ဖွင့်ပေးကြပါဗျ"

ဟာ အသံနက်ကြီးနဲ့ အရုပ်က အော်နေတာဗျို့။ စောစောက အရုပ်ခုန်ပေါက်ပြီး ဓားခုတ်နေတာကို ရဲအုပ်က မာတ်ပုံ တဖျပ်ဖျပ်ရိုက်နေတာဗျို့။

"ဒကာတာတေ အနောက်ဘက်ကနေ ပရိတ်ကြိုး ဖြတ် ပေးလိုက်ကွဲ့"

ကျုပ် အနောက်ဘက်ကို ပြေးပြီဗျို့။ ကျုပ် ပတ်ထားတဲ့ ပရိတ်ကြိုးကို ကျုပ် ဖြတ်ပေးလိုက်တယ်။

"အား၊ အား၊ အား ပူလှချည်ရဲ့ဗျ"

ကျုပ် အိမ်ရှေ့ပြန်ရောက်ပြီး အရုပ်ကို ပြန်ကြည့်တယ်။ ဟာ အရုပ်ထဲက ထွက်လာတာ မည်းမည်းအကောင်ကြီးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းနောနောမှ မဟုတ်တာ။ တစ်ကိုယ်လုံး မည်းနက်နေတာဗျ။ ကိုယ်လုံးကလည်း ဆင်ကြီးမတ်တတ်ရပ်နေသလိုကြီးပါဗျာ။ ဆင်ကိုယ်လောက် ရှိမယ်ဗျ။ ခေါင်းကြီးကလည်း ပုတ်ကြီးတစ်လုံးလောက် ရှိမယ်ထင်တယ်ဗျ။

“ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း”

ဟော အိမ်ရဲ့ အနောက်ဘက်ကနေ အိမ်ကိုဖောက်ပြီး ထွက်သွားတာဗျို့။

“ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်”

ဟာ ရွာထဲကနေ ဖြတ်ပြီးထွက်သွားတာဗျို့။ ကျုပ် နောက်ကနေ ပြေးပြီးလိုက်ကြည့်တာ။ ရွာအနောက်တည့်တည့်ကို တန်းပြီးထွက်သွားတာဗျို့။

“အား၊ အား၊ အား၊ အား”

ဟာ အိပ်တန်းတက်နေတဲ့ကျီးတွေ လန့်ပြီးပျံပြီဗျို့။ ခွေးတွေကတော့ ဟောင်ဖို့နေနေသာသာ တအီအီနဲ့အော်ပြီး ငြိမ်ကုတ်နေကြတာဗျာ။

မည်းမည်းကောင်ကြီးက ဆင်ကြီးမတ်တတ်ရပ် လမ်းလျှောက်သွားသလို အိပက် အိပက်နဲ့ ရွာထဲက ထွက်သွားရောဗျို့။ ဒီတော့မှ ကျုပ်လည်း ဘထွေးချစ်ဖေရဲ့ဝိုင်းကို ပြန်လာခဲ့တယ်။





“ဒကာ မောင်တာတေ သွားပြီလားကွဲ့”

“ရွာထဲက ထွက်သွားပါပြီဘုရား”

“အေး အေး သွားပါပြီကွယ်၊ ဒါမျိုးက ဖြစ်တောင့်ဖြစ်ခဲဖြစ်တာပါ၊ ဒီအိမ်က ဒကာနဲ့ ဒီကိစ္စတွေ ဘာမှမပတ်သက်ပါဘူး”

ဆရာတော်က ရဲအုပ်ကို ပြောတာဗျ။

“မှန်လှပါဘုရား၊ တပည့်တော်ကိုယ်တိုင် ဓာတ်ပုံတွေရိုက်ပြီး သက်သေယူထားပါတယ်ဘုရား၊ ပြီးတော့ ဒီအရုပ်ကိုလည်း ယူသွားပြီး ရုံးမှာတင်မှာပါဘုရား”

“သာဓုကွယ်၊ သာဓု၊ သာဓု၊ အပြစ်မရှိတဲ့လူကို အပြစ်မကျအောင် ကာကွယ်ပေးကြပါကွယ်”

“မှန်လှပါဘုရား၊ တပည့်တော်တို့ အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်မှာပါဘုရား”

ကျုပ်လည်း နောက်နေ့မနက်စောစောမှာ ရွာပြန်ခဲ့ရောဗျို့။ ကျုပ်တစ်သက်မှာတော့ အမြဲသတိရနေမယ့် အဖြစ်တစ်ခုပါပဲဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com

လူဆိုတာငယ်ငယ်လေးကစပြီး အသက်အရွယ်ကြီးတဲ့အထိ
အမှောင်ကိုကြောက်တာ၊
တိတ်ဆိတ်ခြင်းကိုကြောက်တာ၊
တစ္ဆေသရဲကိုကြောက်တာ သဘာဝပါပဲ။
ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ
စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲကို စိတ်ဝင်စားကြသလို
ဇာတ်လမ်းတွေ၊ စာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ ရုပ်ရှင်တွေလည်း ရှိကြတာပဲ။
မြန်မာလူမျိုးတွေလည်း တခြားလူမျိုးတွေလိုပဲ
စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲတွေအကြောင်းကို စိတ်ဝင်စားကြတာပဲ။
အဲဒီ အာသီသကို ဖြည့်စွမ်းပေးချင်လို့ ဒီမဂ္ဂဇင်းကို ထုတ်ဝေလိုက်တာပါ။

အရှေ့ဘက်ကောင်း...
အယ်ဒီတာအဖွဲ့

# တစ္ဆေ
စီစဉ်သည်
# တစ္ဆေမျက်လုံး

The Evil's Eye
Horror Magazine

မကြာမီ ထွက်ပါတော့မည်။



**တစ္ဆေ**
ကိုယ်တွေ့ မဖဲဝါ



**တစ္ဆေ**
သံလက်ဝါး မဖဲဝါ



**တစ္ဆေ**
ကဝေဆယ့်နှစ်ကြိုး



**တစ္ဆေ**
သချိုင်းရှင်မှ မဖဲဝါ

www.burmeseclassic.com